WWW.DHAMMARANSI.COM

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# လောကဓံတရားတော်

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်

သာသနာ့ရိပ်သာ၊ ဟာမစ်တိတ်လမ်း၊ ကုက္ကိုင်း၊ ရန်ကုန်မြို့။

ဓမ္မဒါန

WWW.DHAMMARANSI.COM

မဟာစည် ဆရာတော် ဘုရားကြီး

ဟောကြားတော်မူသော

# လောကဓံ တရားတော်

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်
အမှတ် ၁၆၊ သာသနာ့ရိပ်သာလမ်း၊ ကုက္ကိုင်း၊ ရန်ကုန်မြို့။

WWW.DHAMMARANSI.COM

၂၄၈၁၇

# ပေယျကစံ တရားတော် ကျမ်းစာ

သာသနာရေးဆိုင်ရာ စာမူပုံနှိပ် ထုတ်ဝေခွင့် အမှတ် (၇၅၁၀)

**ထုတ်ဝေသူ။** ။ဦးသိန်းဟန်၊ ကင်းလွတ်ခွင့်(၀၃၂၀၇)၊
(အကျိုးတော်ဆောင် ပဋ္ဌပတ္တိ သာသနာပြု
မဟာစည် ရံပုံငွေ)။
ဗုဒ္ဓသာသနာ့ နုဂ္ဂဟ အဖွဲ့ချုပ်။
သာသနာ့ရိပ်သာဟာမစ်တိတ်လမ်း၊အမှတ်၁၆
ကုက္ကိုင်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ။** ။ဦးစိန်လင်း (၀၇၂၀)
ရတနာသီရိ စာပုံနှိပ်တိုက်။
၁၀/၉၄၉၊ လမ်း ၃၀ တောင်ဥက္ကလာပ၊
ရန်ကုန်။

တတိယအကြိမ်၊ အုပ်ရေ ၂၅၀၀။
ဓမ္မဒါန။
၁၃၃၈-ခု၊ ဝါခေါင်လ။

WWW.DHAMMARANSI.COM

# နိဒါန်း

## ဤစာအုပ် ဖြစ်ပေါ်လာခြင်း အကြောင်း

ဘဝတု သဗ္ဗ မင်္ဂလံ

၁၃၃၂ခု-ခုနှစ်၊ဝါဆိုလဆန်း၁၀-ရက်နေ့ကကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ကျွန်ုပ်တို့အား ပုံနှိပ်ရန် စာမူတခုကို ပေးအပ်ပါသည်၊ "ဤစာမူ၌ နိဒါန်း မပါသေး၊ နိဒါန်းကို သင့်တော်သလို ရေးထည့်ရမည်"ဟု အမိန့်ရှိလိုက်ပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ကျမ်းစာများကို ပုံနှိပ် ဖြန့်ချိရန် ဗုဒ္ဓ သာသနာ နုဂ္ဂဟ အဖွဲ့ချုပ်၌ "ပဋိပတ္တိသာသနာပြု မဟာစည်ရံပုံငွေ"အမည်ဖြင့် သီးခြား ရံပုံငွေတရပ် ထားပါသည်၊ထိုရံပုံငွေဖြင့်ပင် မဟာစည်ကျမ်းစာများ ပုံနှိပ်ခြင်း,လှူဒါန်းခြင်း,ဖြန့်ချိခြင်းတို့ကို ပြုလုပ်ပါသည်။

ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ်က ယနေ့အထိ ပုံနှိပ် ဖြန့်ချိနေသော မဟာစည် ကျမ်းစာများမှာ-

၁။ ဝိပဿနာရှုနည်းကျမ်း (ပဌမ)
၂။ ဝိပဿနာရှုနည်းကျမ်း (ဒုတိယ)
[က] (တတိယအကြိမ်)

WWW.DHAMMARANSI.COM



## နိဒါန်း

၃။ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး (ပဌမ)
၄။ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး (ဒုတိယ)
၅။ ဝမ္မိကသုတ် တရားတော်
၆။ မဟာသတိပဋ္ဌာနသုတ် ပါဠိ-နိဿယ
၇။ ပုရာဘေဒသုတ် တရားတော်
၈။ ဝိပဿနာအခြေခံ တရားတော်
၉။ အရိယာဝါသ တရားတော်
၁၀။ ဝိပဿနာရှုနည်း အကျဉ်းချုပ်
၁၁။ ဝိပဿနာအလုပ်ပေး တရားတော်ကြီး
၁၂။ ဓမ္မစကြာ,အနတ္တလက္ခဏသုတ်, မဟာသတိပဋ္ဌာန် တရားတော်ကြီး
၁၃။ ဓမ္မဒေသနာဆောင်ပုဒ်
၁၄။ ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်း အကြောင်း
၁၅။ ဘာရသုတ္တန် တရားတော်
၁၆။ ကျောင်း အနုမောဒနာတရားတော်များ ဖြစ်ပါသည်။

စာမူကို ကျမ်းစာအုပ် ဖြစ်မြောက်အောင် ကျနုပ်တို့က တာဝန်ယူ ဆောင်ရွက်ပါသည်၊ ငွေရေး-ကြေးရေးနှင့် ဖြန့်ချိ ထိန်းသိမ်းရေး ကိစ္စများကိုအဖွဲ့ချုပ်၏ အတွင်းရေးမှူးဦးသိန်း ဟန်က တာဝန်ယူဆောင်ရွက်ပါသည်။

ကျမ်းစာအုပ် အသစ် ဖြစ်ပေါ်လာတိုင်း ဆရာတော်ဘုရား ကြီး၏ ညွှန်ကြားတော်မူချက်အရ နယ် ကမ္မဋ္ဌာန်းဌာနများနှင့် လှူသင့် လှူထိုက်သော ပုဂ္ဂိုလ်များအား လှူဒါန်းရပါသည်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဤစာမူကို စာအုပ်အဖြစ် ပုံနှိပ်ရန် ဖြစ်ပေါ်လာခြင်း၏ အကြောင်းမှာ ဤသို့ ဖြစ်ပါသည်။

မကြာမီက သာသနာ့ရိပ်သာသို့ ပြန်လည် ရောက်ရှိလာသော စစ်ကိုင်း အရှင်ဝိမလသည် ဝိပဿနာတရားတော်များကို ရှုမှတ်ပွားများနေရင်း တနေ့သောအခါမှာ ကမ္မဋ္ဌာနာစရိယ အရှင်ပဏ္ဍိတထံမှ တရားခွေတခုကို ဖွင့်၍ နားထောင်ရာက အရင်း,အလယ်,အဖျား သုံးပိုင်းလုံး မွေးကြိုင်လှသော နံ့သာ တုံးကို ရှူရှိုက်လိုက်ရသည့်ပမာ အစ,အလယ်,အဆုံးသုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသော တရားတပုဒ်ကို နာကြားလိုက်ရလေသည်။

ထိုတရားတော်ကို နာကြားလိုက်ရသောကြောင့်ပင် ထိုစဉ် အခါက စိတ်နှလုံးတုန်လှုပ်နေသော အရှင်ဝိမလသည် အတော်အတန် ထောက်တည်ရာ ရရှိခဲ့သည့်အပြင် အခြားသော ပုဂ္ဂိုလ်တော်တော်များများလည်းထိုတရားကိုနာကြားရသောကြောင့် စိတ်နှလုံး တုန်လှုပ်ခြင်းမှ သက်သာရာ ရကြသည်ဟု ကြားသိရပါသည်။

သို့ဖြစ်၍ အရှင်ဝိမလသည် ယင်းတရားတော်ကို ဖတ်ရှုနာကြားရပါက အများသော ရဟန်း,ရှင်,လူ တို့မှာ စိတ်အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ကာ ထောက်တည်ရာ ရကြပေလိမ့်မည်ဟု မြော်လင့် ရည်သန် သမ္မာဆန္ဒ အရင်းခံဖြင့်အသံတရားမှ စာမူတရားအဖြစ်သို့ ရောက်အောင် ရေးကူး ယူကာ

WWW.DHAMMARANSI.COM



# နိဒါန်း

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးအား ဆက်ကပ်ခဲ့ပါသည်။

ယင်းတရားတော်ကား ၁၃၂၆-ခုနှစ်မှ ၁၃၂၇-ခုနှစ်သို့ကူးပြောင်းသည့် သင်္ကြန်အခါတော်နေ့က အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်မှ ထုတ်ဆောင်၍ အထူး တရားပွဲ အနေအားဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော "လောကဓံ တရားတော်" ပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်း အစဉ်ဖြင့် ကျွန်ုပ်တို့သည် ဤမည်သော "လောကဓံ တရားတော်" စာမူကို ဆရာတော် ဘုရားကြီး၏ ခွင့်ပြုတော်မူချက် အရ ဗုဒ္ဓ သာသနာ နုဂ္ဂဟ အဖွဲ့ချုပ် ပဋိပတ္တိ သာသနာပြု မဟာစည် ရိပ်သာငွေဖြင့် ပုံနှိပ်ဖြန့်ချိအပ်ပါသတည်း။

မင်္ဂလာပါ-ခင်ဗျား  
မင်္ဂလာ-အောင်မြင့်။  
သာသနာ့ရိပ်သာ  
ရန်ကုန်မြို့။  
(တတိယအကြိမ်)

၁၃၃၂-ခုနှစ်  
ဝါခေါင်လပြည့်ကျော် [၂] ရက်နေ့

WWW.DHAMMARANSI.COM

# မာတိကာ

---

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သကြိုးနိအခါတော် | .... | ၁ |
| လောကဓံဆိုတာ | .... | ၃ |
| လောကဓံသုတ်ပါဠိ | .... | ၈ |
| လောကဓံတရား (၈)ပါး | .... | ၉ |
| ချမ်းသာက အရေးကြီးတယ် | .... | ၁၃ |
| လူတိုင်းကြိုက်ကြတယ် | .... | ၁၆ |
| အကောင်းနဲ့တွေ့ယင် အဆိုးလဲပါလာတယ် | .... | ၁၆ |
| အကောင်းနဲ့တွေ့ယင် ဝမ်းမြောက်တယ် | .... | ၁၈ |
| အဆိုးနဲ့တွေ့ယင်တော့ ဝမ်းနည်းတယ် | .... | ၁၉ |
| ဘုရားရဟန္တာလဲ တွေ့ရတာဘဲ | .... | ၂၂ |
| ရဟန္တာမှာ မတုန်လှုပ် | .... | ၂၃ |
| သောတာပန်လဲ ငိုသေးတယ် | .... | ၂၄ |
| အကောင်းဆုံး မင်္ဂလာ | .... | ၂၅ |
| မေးခွန်းတော် | .... | ၂၈ |
| ရဟန်းတော်များကလျှောက်ထားကြပုံ | .... | ၃၁ |
| မြတ်စွာဘုရား၏ ဖြေရှင်းချက် | .... | ၃၂ |
| ဆင်းရဲမှုမလွတ် | .... | ၃၃ |
| ယသနဲ့ အယသ | .... | ၃၈ |

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


နိဗ္ဗာန့် ပသံသာ .... ၃၉
သုခန့် ဒုက္ခ .... ၄၀
သုတရှိသူ၏ ထူးခြားသောဂုဏ် .... ၄၂
ရတာ မရတာနဲ့ စပ်၍ ဆင်ခြင်ပုံ .... ၄၃
ဆင်းရဲမှ လွတ်မြောက်သည် .... ၄၈
သောကကင်းရေး အကောင်းဆုံးနည်း .... ၅၁
အခြေအရံရှိ မရှိနဲ့ စပ်၍ ဆင်ခြင်ပုံ .... ၅၂
ကဲ့ရဲ့ ချီးမွမ်းနဲ့စပ်၍ ဆင်ခြင်ပုံ .... ၅၃
ချမ်းသာ ဆင်းရဲနှင့်စပ်၍ဆင်ခြင်ပုံ .... ၅၄
အင်မတန်ကောင်းတဲ့ ဆေးနည်း .... ၅၅
လောကဓံတရား ဘုရားသော်လဲမရှောင်နိုင် .... ၅၈
လာဘ်မရခြင်းနှင့် ဘုရား .... ၅၉
မိလိန္ဒ၏အမေး .... ၆၈
အရှင်နာဂသိန်၏ အဖြေ .... ၆၈
မုယောဆွမ်းတောင် ဘုဉ်းပေးရတယ် .... ၇၀
ဆီးဖြူသီးတခြမ်းနဲ့ အသောက .... ၈၁
အခြေအရံမဲ့ခြင်းနှင့် ဘုရား .... ၈၃
ကဲ့ရဲ့ခြင်းနှင့် ဘုရား .... ၈၈
စိဉ္စမာဏ–က စွပ်စွဲပုံ .... ၈၉
သုန္ဒရီနဲ့ စွပ်စွဲပုံ .... ၉၁
မာဂဏ္ဍီ ဝတ္ထု .... ၉၄
ကိုယ်ဆင်းရဲနှင့် ဘုရား .... ၁၀၀


(တတိယအကြိမ်)

WWW.DHAMMARANSI.COM



**အခန်းကြောင်းအရာ** **စာမျက်နှာ**


အိုခြင်း သေခြင်းမှ လွတ်မြောက်သည် .... ၁၁၁
ဆင်းရဲဟူသမျှမှ လွတ်မြောက်သည် .... ၁၁၁
မင်္ဂလာတရားအရ ဆိုယင်တော့ .... ၁၁၃
ဩကာသ ဘုရားရှိခိုး .... ၁၁၉
ဂုဏ်တော် ၉-ပါး ဘုရားရှိခိုး .... ၁၂၀
မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်များ .... ၁၄၁


(တတိယအကြိမ်)

WWW.DHAMMARANSI.COM



# လောကဓံ တရားတော်

(၁၃-၄-၆၅-ရက်နေ့)

## သင်္ကြန်အခါတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဒီကနေ့ဟာ ၁၃၂၆-ခု ဆိုတဲ့ နှစ်ဟောင်းက ၁၃၂၇-ခု ဆိုတဲ့ နှစ်သစ်ကို ကူးပြောင်းတဲ့ သင်္ကြန်အခါတော် အစနေ့ ဖြစ်တယ်၊ သင်္ကြန်ဆိုတာ သင်္ကန္တ-ဆိုတဲ့ သက္ကတ ဘာသာမှ ဖြစ်လာတဲ့စကားဘဲ၊ ပြောင်းရွှေ့တယ်လို့ အဓိပ္ပါယ်ရှိပါတယ်၊ ဒါကြောင့် နှစ်ဟောင်းမှာ အဆုံးဖြစ်တဲ့ မိန်ရာသီမှ နှစ်သစ်မှာ အစဖြစ်တဲ့ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်- ဆိုတဲ့ နေဂြိုဟ်ကြီးကို ပြောင်းရွှေ့တာကို သင်္ကြန်ကျတယ်လို့ ဆိုပြီး ဗမာပြည်မှာ နှစ်သစ်ကူးပွဲ ကျင်းပကြတာပါဘဲ၊ အဲဒါဟာ နှစ်ဟောင်း တပေါင်းလမှ နှစ်သစ်တန်ခူးလသို့ ပြောင်းရွှေ့တာကိုဘဲ ရည်

WWW.DHAMMARANSI.COM



ရှိယ်ပါတယ်၊ ဒီသင်္ကြန်ကျတယ်ဆိုတာကို ရှေးကပုဏ္ဏားတွေက စပြီး တီထွင်ထားခဲ့တဲ့ အတိုင်း ယခုလဲ သင်္ကြန်စာတွေ ထဲမှာ "သိကြားမင်းကြီးက နွားကိုစီးပြီး လူ့ပြည်သို့ဆင်းလာတယ်" စသည်ဖြင့် ဖေါ်ပြထားကြတယ်၊ တကယ်တော့ သိကြားမင်း ကြီးက ဆင်းလာတာ မဟုတ်ပါဘူး၊ နေဂြိုဟ်ကြီး ပြောင်းရွေ့ တာသာ ဟုတ်ပါတယ်၊ အဲဒါလဲ့ ရှေးက အယူအဆအတိုင်း ပြောရတာဘဲ၊ ယခုခေတ် သိပ္ပံဆရာတွေရဲ့ အလိုအားဖြင့်ဆိုယင် ကမ္ဘာမြေကြီး လည်နေတာ နှစ်တပတ် ပြည့်လို့ မူလ နေရာသို့ တဖန် ပြောင်းရွှေ့တယ်လို့တောင် ဆိုရမှာလို ဖြစ်နေပါတယ်၊ ဘာဘဲဖြစ်ဖြစ် နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ ကူးပြောင်းတယ် ဆိုတာကတော့ မလွဲနိုင်ပါဘူး၊ ဒါကြောင့် သင်္ကြန် ဆိုတာ နှစ်သစ်ပြောင်းတာ နှစ်သစ်ကူးတာဘဲ လို့ မှတ်ကြရမယ်။

ဘုရား လက်ထက်တော် ကာလဆီ တုန်းကတော့ အိန္ဒိယ အလယ်ပိုင်းမှာ တန်ဆောင်မုန်းလပြည့်ညဥ့်၌ နှစ်ဟောင်းကုန် ပြီး နှစ်သစ်ကူးဟန် ရှိပါတယ်၊ ဘာကြောင့်လဲ ဆိုယင် အဲဒီ တန်ဆောင်မုန်း လပြည့်ညဉ့်ကို "ပုဏ္ဏာဝယ ပုဏ္ဏမာဝယ" လို့ သာမညဖလသုတ်က ဆိုထားရာမှာ သူ့အဖွင့် အဋ္ဌကထာက "မာသပုဏ္ဏတာယ-ရက်သုံးဆယ် တလပြည့်သောကြောင့်ဇင်း၊ ဥတုပုဏ္ဏတာယ-မိုးလေးလဥတုပြည့်သောကြောင့်ဇင်း၊ သံဝစ္ဆရ ပုဏ္ဏတာယ-၁၂-လ တနှစ်ပြည့်သောကြောင့်ဇင်း၊ အဲဒီ တန်- ဆောင်မုန်းလပြည့်ညဉ့်ကို ပုဏ္ဏ-ပြည့်သည်မည်တယ်" လို့ဖွင့်ပြ ထားတဲ့ အတွက်ကြောင့်ပါဘဲ၊ အဲဒီ စကားထဲမှာ လပြည့်တယ် ဆိုတာကတော့ သီတင်းကျွတ် လပြည့်ကျော် ၁-ရက်က စပြီး

(တတ္တိယအကြိမ်)

WWW.DHAMMARANSI.COM



အဲဒီ လဆုတ်ပက္ခမှာ (အဲဒါက ရက်မစုံ ပက္ခဖြစ်တဲ့အတွက်) ၁၄ ရက်၊ တန်ဆောင်မုန်းလဆန်း ပက္ခမှာ ၁၅-ရက်၊ ပေါင်း ၂၉ ရက် ဖြစ်ပါတယ်၊ ဒါပေမဲ့ တလမှာ အများအားဖြင့် ရက်သုံးဆယ်ရှိတဲ့အတွက် ရက်သုံးဆယ် တလပြည့်တယ်လို့ဘဲ ဆိုရပါတယ်၊ ဥတုပြည့်တယ်ဆိုတာကတော့ ဝါဆိုလပြည့်ကျော် ၁-ရက်ကစပြီး တန်ဆောင်မုန်းလပြည့်နေ့ ညဉ့်သန်ကောင်အချိန်မှာ ကြတ္တိကာနက္ခတ်နှင့် လ ယှဉ်ပြီး မိုးဥတုလေးလ ပြည့်ပါတယ်။ ဒါကြောင့် ဥတုလဲ ပြည့်တယ်လို့ ဆိုပါတယ်၊ နှစ်ပြည့်တယ် ဆိုတာကတော့ အယင်နှစ် တန်ဆောင်မုန်း လပြည့်ကျော်တရက်ကစပြီး အဲဒီရောက်ဆဲနှစ် တန်ဆောင်မုန်း လပြည့်နေ့ညဉ့်မှာ ၁၂-လ တနှစ် ပြည့်တာကိုဘဲ ဆိုပါတယ်။ ဒါကြောင့် အဲဒီ သာမညဖလသုတ်အဖွင့် အဋ္ဌကထာအရအားဖြင့် ဟိုခေတ် ဟိုအခါတုန်းက အဲဒီ အိန္ဒိယ အလယ်ပိုင်း အရပ်မှာ တန်ဆောင်မုန်းလပြည့်နေ့ ညဲဉ့်၌ နှစ်ဟောင်းမှ နှစ်သစ် ကူးပြောင်းတယ်လို့ သိရပါတယ်။

အနောက်တိုင်း ဥရောပ တိုက်သားတွေကတော့ အများသိပြီးဖြစ်တဲ့ အတိုင်း ဒီဇင်ဘာလ ၃၁-ရက်ညဉ့်မှာ နှစ်ဟောင်းမှ နှစ်သစ်ကူးတယ်လို့ အသိအမှတ်ပြုကြတယ်။ သူတို့ဟာကတော့ ကိုန်းသေဘဲ၊ တွက်မနေရတော့ဘူး၊ ဒီဇင်ဘာ ၃၁-ရက် ညဉ့်သန်ကောင်ဆိုယင်နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကူးတော့တာဘဲ။ သူတို့ နှစ်သစ်ကူးပုံဟာ သိလွယ်တဲ့အတွက် ကောင်းတယ်လို့ ဆိုဘွယ်ရှိပါတယ်၊ ဗမာနှစ်သစ်ကူးကတော့ အဲဒီလို သိဘို့မလွယ်ဘူး၊ ဗေဒင်တတ်တဲ့ ပုဂ္ဂိုလ်တွေက တွက်ချက်ပြီး စာရွက်စာတမ်းရိုက်နှိပ်ဖြန့်ဝေမှ အများက သိရတယ်။ ဒါကြောင့် သိဘို့

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



မလွယ်ဘူး။ ဒါပေမဲ့ ဗေဒင် ကိန်းခန်း အရ မိနစ် စက္ကန့် အထိ တိတိကျကျ သိရတဲ့အတွက် ဒီ ဗမာ နှစ်သစ်ကူးကလဲ ချိုးမွမ်းဘွယ် ဂုဏ်နှင့် ပြည့်စုံပါတယ်။ ယခုနှစ်သင်္ကြန်ဆိုယင် နှောင်းတန်ခူးလဆန်း ၁၂-ရက် (ယနေ့) ညနေ ၅-နာရီ ၁၉-မိနစ် ၉-စက္ကန့်အချိန် သင်္ကြန် ကျတယ်တဲ့၊ နေဂြိုဟ်ကြီး စပြီး ရာသီပြောင်းတဲ့အချိန်ပါဘဲ။ နောက်ပြီးတော့ နှောင်းတန်ခူး လွှန်း ၁၄-ရက်နေ့ည ၁၀-နာရီ ၃-မိနစ် ၄၉-စက္ကန့်အချိန် ၂၇-ခု နှစ်သို့ ကူးပြောင်းမယ်တဲ့၊ အဲဒီည ၁၀-နာရီ ၃-မိနစ် ၄၉-စက္ကန့် အချိန်ကစပြီး ၁၃၂၇-ခု နှစ်သစ်ဖြစ်မယ်လို့ ဆိုလိုပါတယ်။

အဲဒီလို နှစ်ဟောင်း ကုန်လို့ နှစ်သစ်ကူးတဲ့အခါမှာ ဗုဒ္ဓသာသနာဝင်တွေ အနေနဲ့ဆိုယင် မိမိတို့ သန္တာန်မှာ သီလ အထူးစင်စင်ကြယ်ကြယ်နဲ့ နှစ်သစ်ကူးဘို့ လိုပါတယ်၊ တနှစ်လုံး ရက်တိုင်းရက်တိုင်း ဥပုသ်သီလ မစောင့်နိုင်သော်လဲ နှစ်ရဲ့အစနှင့် အဆုံးမှာ သီလ အထူးစင်ကြယ်ဘို့ လိုပါတယ်။ဒါကြောင့် ဗုဒ္ဓသာသနာဝင်ဖြစ်ကြတဲ့ အမျိုးသမီး-အမျိုးသား သူတော်ကောင်းတွေဟာ ယခု နှစ်အစကလဲ ဥပုသ်သီလ စောင့်ခဲ့ကြပြီ၊ ယခုနှစ်အဆုံးမှာလဲ ဥပုသ်သီလစောင့်ကြတယ်၊ ဒီတော့ တနှစ်လုံး အစနှင့်အဆုံး ဥပုသ်သီလ စင်ကြယ်တဲ့ ဂုဏ်နှင့် ပြည့်စုံကြတာပေါ့။ တချို့က ဒီသင်္ကြန်ရက်အတွင်းမှာ ၁-ရက် ၂-ရက် ၃-ရက် ဥပုသ်ဆောက်တည် ကျင့်သုံးကြတယ်၊ တချို့ကအကြိုအပို့နှင့်တကွ ၅-ရက် ဆောက်တည်ကျင့်သုံးကြတယ်။ အရေးအကြီးဆုံးကတော့နှစ်သစ်ကူးတဲ့အချိန်မှာသီလစင်ကြယ်တဲ့ဂုဏ်နှင့်ပြည့်စုံနေဘို့ပါဘဲ၊ ဒါ့ကြောင့် သင်္ကြန်ကျတဲ့ရက်စပြီးဥပုသ်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



သီလမစောင့်နိုင်တောင် အတာတက်ပြီး နှစ်သစ်ကူးတဲ့ နောက်ဆုံးရက်တော့ မပျက်မကွက် ဥပုသ်စောင့်သင့်ပါတယ်။ ဒါပေမဲ့ တခါတရံ အတာတက်တဲ့ အချိန်က သန်းကောင်ကျော်လောက်မှာ တက်တာလဲ ရှိတယ်၊ အဲဒီလိုဆိုယင်တော့ အတာမတက်ခင် အလျှင်တနေ့ကစပြီး စောင့်ဘို့လိုပါတယ်။ တတ်နိုင်ယင်တော့ သင်္ကြန်အကျနေ့က စပြီး အတက်နေ့ တိအောင် စောင့်တာက သာပြီး ကောင်းပါတယ်။ ယခု အများအားဖြင့် ဒီအတိုင်းဘဲ စောင့်နေကြပါတယ်။ အဲဒါထက် တတ်နိုင်သေး ယင်တော့ အကြိုနေ့နှင့် နှစ်ဆန်းတရက်ပါ စောင့်နိုင်ယင် သာပြီးကောင်းပါသေးတယ်။ နှစ်ဆန်းတရက်ဆိုတာ အတာတက်သည့်အချိန်က စပြီး နှစ်သစ်နှစ်ဆန်း ဖြစ်တာပါဘဲ၊ ဒါပေမဲ့ အဲဒီ အတာတက်တဲ့နေ့က တရက်မပြည့်ဘဲ တပိုင်းတစလောက်သာ ဖြစ်တဲ့အတွက် အတာတက်ပြီး နောက်တရက်ကျမှ နှစ်ဆန်းတရက်လို့ အသိအမှတ် ပြုထားကြပါတယ်။

ယခုလို နှစ်ဟောင်း နှစ်သစ် ကူးတဲ့ အခါ ဥပုသ် သီလနှင့် စင်စင်ကြယ်ကြယ် ကျင့်သုံးနေကြရတာဟာ ချစ်ကျွမ်းဝင်တဲ့ မိတ်ဆွေများကို လိုက်ပို့ရတာ ကြိုဆိုရတာ နဲ့ တူပါတယ်။ ကိုယ့်အရပ်ကိုယ့်ဌာနမှ ပြန်သွားတဲ့ မိတ်ဆွေများကို လိုက်ပို့တဲ့အခါ သန့်ရှင်းစင်ကြယ်တဲ့ အဝတ်များကိုဝတ်ပြီး ရွှင်လန်းဝမ်းမြောက်စွာနဲ့ လိုက်ပို့ ကြရတယ်။ အဲဒါလိုဘဲ ယခု နှစ်ဟောင်းကုန်တဲ့အခါ ဥပုသ် သီလ စောင့်ကြရတာဟာ ကုန်သွားတဲ့ နှစ်ဟောင်းကို သီလ စင်ကြယ်စွာနှင့် ရွှင်ရွှင် ပျပျ နှုတ်ဆက်ကြတဲ့သဘောပါဘဲ၊ ကိုယ့်အရပ်ဌာန လာတဲ့မိတ်ဆွေများကို ကြိုဆိုတဲ့ အခါမှာလဲ သန့်ရှင်းစင်ကြယ်တဲ့ အဝတ်များ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ကို ဝတ်ပြီး ရွှင်လန်းဝမ်းမြောက်စွာနဲ့ နှုတ်ဆက် ကြိုဆိုကြရ တယ်။ အဲဒါလိုဘဲ ယခု နှစ်သစ်မလာမီကတည်းက ဥပုသ်သီလ စောင့်သုံးနေကြရတာဟာ လာမည့်နှစ်သစ်ကို သီလစင်ကြယ် စွာနှင့် ရွှင်ရွှင်ပျပျ နှုတ်ဆက်ကြိုဆိုကြတဲ့ သဘောပါဘဲ။

နောက်ပြီးတော့ သီလစင်ကြယ်ရုံတွင်လဲ မကသေးပါဘူး။ ဒါန ကုသိုလ်တွေလဲ တတ်စွမ်းနိုင်သမျှ ပြုကြရသေးတယ်။ ဘာဝနာကုသိုလ်တွေလဲ ပွါးများကြရသေးတယ်၊ အဲဒီလို ဒါန သီလ ဘာဝနာ ကုသိုလ်တွေနဲ့ နှစ်သစ်ကို ကြိုဆိုရတာဟာ အင်မတန် ကောင်းပါတယ်၊ မိမိတို့သန္တာန်မှာရော သူတပါး သန္တာန်မှာရော တကမ္ဘာလုံးမှာရော ဒီ နှစ်သစ် အတွင်းမှာ ဘေးရန် အန္တရာယ်တွေကင်းပြီး ကောင်းကျိုး ချမ်းသာတွေကို ရဘို့ရာပါဘဲ၊ အဲဒီလို ဘေး အန္တရာယ်ကင်းပြီး ကောင်းကျိုး ချမ်းသာ ဖြစ်ပွါးပါစေလို့လဲ ဆုမွန်ကောင်း တောင်းရတယ်။

အဲဒီလို ကောင်းကျိုးချမ်းသာ ဖြစ်ပွါးဘို့ရာ ဒကာ-ဒကာမ တွေက ကုသိုလ် တရားတွေကို အထူးသဖြင့် တိုးပွါးအောင် ကြိုးစားအားထုတ်နေကြတဲ့အခါမှာ ဘုန်းကြီးတို့ကလဲတတ်နိုင် သမျှ ကူညီကြအားပေးကြရတယ်၊ ဓမ္မာနုဂ္ဂဟအနေဖြင့် တရား ဟောပြီး ချီးမြှောက်ကြရတယ်၊ ဒါကြောင့် ဒီကနေ့ သင့်တော်တဲ့ တရားကို ဟောရမယ်။ ယခု ဘုန်းကြီး သတင်းစဉ်ဟောနေတဲ့ တရားကတော့ သက္ကပဉ္ဟသုတ်တရားကို ဟောနေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကနေ့တော့ ဒီတရားကို မဟောဘဲ ယခုနေအခါမှာ အများ နားလည်ပြီး ကျင့်သုံးနေတဲ့ တရားကို ဟောရမယ်။ ဘာတရားလဲဆိုယင် လောက လူတိုင်း သတ္တဝါတိုင်းနဲ့ ဆိုင်တဲ့ "လောကဓံ တရား" ပါဘဲ။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



# လောကစံ ဆိုတာ

လောကစံ ဆိုတာ လောကစမ္ပ–ဆိုတဲ့ ပါဠိမှ ဖြစ်လာတဲ့ အမည်ဖြစ်တယ်၊ လောကဆိုတာ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက–အားဖြင့် သုံးမျိုးရှိတယ်၊ သတ္တလောကဆိုတာ သတ္တဝါအပေါင်းကို ခေါ်တာဘဲ၊ သတ္တဝါ တယောက် တယောက်ဟာ လောက တခု တခု ပါဘဲ၊ လူတယောက်ဟာ လောက တခုဘဲ၊ နတ် တယောက်လဲ လောကတခုဘဲ၊ မိန်းမ တယောက်လဲ လောက တခုဘဲ၊ ယောကျ်ား တယောက်လဲ လောကတခုဘဲ၊ ကျွဲ,နွား အစရှိတဲ့ တိရစ္ဆာန်တွေလဲ တကောင် တကောင်ဟာ လောက တခု တခုဘဲ၊ အတိုချုပ် အားဖြင့် သတ္တဝါ တကောင်တကောင်ဟာ လောကတခုတခုဘဲ၊ သတ္တဝါတွေအားလုံးကိုလဲ ပေါင်းပြီး သတ္တလောက–လို့ ခေါ်ရတယ်။

ဩကာသလောက–ဆိုတာကတော့ အဲဒီသတ္တဝါတို့ရဲ့ တည်နေရာ ဌာနတွေပါဘဲ၊ လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာ့ဘုံ–ဆိုတဲ့ တည်ရာဌာနတွေပါဘဲ၊ ငရဲ,တိရစ္ဆာန်,ပြိတ္တာ, အပါယ် သတ္တဝါတို့၏ တည်ရာဌာနတွေလဲ ဩကာသလောကဘဲ၊ ဒါပေမဲ့ တိရစ္ဆာန်, ပြိတ္တာတို့ရဲ့ တည်ရာဌာနကတော့ လူတို့၏တည်ရာ မြေကြီးပေါ်မှာဘဲရှိနေပါတယ်၊ တသီးတခြားရယ်လို့တော့မရှိဘူး၊ ဒါပေမဲ့ သူတို့ရဲ့တည်နေရာဟာ သူတို့ရဲ့ ဩကာသလောကပေါ့။

သင်္ခါရလောက–ဆိုတာကတော့ ရုပ်–နာမ် သင်္ခါရ တရား အပေါင်းပါဘဲ၊ သတ္တဝါတွေရဲ့ သန္တာန်က ရုပ်–နာမ်–သင်္ခါရ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM


တရားတွေလဲသင်္ခါရလောကဘဲ၊သတ္တဝါတို့၏တည်ရာ မြေကြီး, သစ်ပင်, တော, တောင်, ဘုံဗိမာန်,ရေ,လေ,မီး, စသည့် ဗဟိဒ္ဓ သန္တာန်က ရုပ်တရားတွေလဲ သင်္ခါရ လောကဘဲ၊ အတိုချုပ် အားဖြင့် သက်ရှိ,သက်မဲ့,ရုပ်-နာမ် တရားဟူသမျှဟာ သင်္ခါရ လောကချည်းပါဘဲ။

ယခုဟောမည့် လောကဓမ္မပုဒ်မှာပါဝင်တဲ့ လောကဆိုတာ ကတော့ အဲဒီ လောကသုံးပါးထဲက သတ္တလောကကိုသာ ဆိုလို ပါတယ်။ ဒါကြောင့် လောကဆိုတာက သတ္တဝါတွေ, ဓမ္မ-ဆို တာက တရား,လောကဓမ္မဆိုတာ သတ္တဝါတွေမှာ မှလွဲမရှောင် သာဘဲ အမြဲတွေ့ထိ ခံစားနေကြရတဲ့ တရားတွေပါဘဲ၊ အဲဒီ လောကဓမ္မ ခေါ်တဲ့ လောကဓံ တရားကို မြတ်စွာ ဘုရားက အကျဉ်း-အကျယ် သုတ် ၂-ခုအဖြစ်နဲ့ ဟောတော်မူခဲ့ပါတယ်၊ သံဂါယနာတင် မထေရ်မြတ်တွေက အဲဒီသုတ်များကို အင်္ဂုတ္တရ ပါဠိတော် အဋ္ဌက နိပါတ်မှာ သံဂါယနာ တင်ထားတော်မူခဲ့ ကြပါတယ်၊ အဲဒီ ၂-သုတ်ထဲက အကျယ်သုတ်ကို ဘုန်းကြီးက ပါဠိမူရင်းအတိုင်း ရွတ်ပြပြီး အနက်အဓိပ္ပါယ်ပြောသွားမယ်။

## လောကဓံသုတ် ပါဠိ

> အဋ္ဌိမေ ဘိက္ခဝေ လောကဓမ္မာ လောကံ အနု ပရိဝတ္တန္တိ၊ လောကောစ ဣမေ အဋ္ဌ လောကဓမ္မေ အနုပရိဝတ္တတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမေလော-ကဓမ္မာ။ ဤ လောကဓံ တရားတို့သည်။ လောကံ၊ သတ္တဝါ အပေါင်း ဟူသော လောကကို။ အနုပရိဝတ္တန္တိ၊ အစဉ်မပြတ်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



လိုက်လျက်ရှိကုန်၏။ လောကော စ၊ သတ္တဝါအပေါင်းဟူသော လောကသည်လည်း။ ဣမေ အဋ္ဌလောကဓမ္မေ၊ ဤရှစ်ပါးသော လောကဓံတရားတို့ကို။ အနုပရိဝတ္တတိ၊ အစဉ်မပြတ်လိုက်လျက်ရှိ၏။

လောကခေါ်တဲ့ သတ္တဝါတွေနဲ့ဆိုင်တဲ့ လောကဓံတရားတွေဟာ ရှစ်ပါးရှိပါတယ်တဲ့၊ အဲဒီလောကဓံတရားတွေက လောကခေါ်တဲ့ သတ္တဝါတွေ နောက်ကို တကောက်ကောက် အစဉ်မကွာ လိုက်ပါ နေပါတယ်တဲ့၊ လူက နေပူထဲ လျှောက်သွားနေယင် အရိပ်က အမြဲပါနေတယ်၊ အဲဒီအရိပ်ကို မလိုက်ပါအောင် မတားမြစ်နိုင်ဘူး၊ အဲဒါလိုဘဲ လောကဓံတရားတွေက သတ္တဝါတွေနောက် အစဉ်မပြတ်လိုက်နေတယ်၊ သတ္တဝါတွေကလဲ အဲဒီလောကဓံတရားတွေနောက်ကို အစဉ်မပြတ်လိုက်နေပါတယ်တဲ့၊ လောကဓံ တရားတွေနဲ့တွေ့ရအောင် တမင်လိုက်ရှာနေသလိုပါဘဲ၊ တမင်လဲ လိုက်ရှာနေကြပါတယ်။

## လောကဓံ တရား (၈)ပါး

ကတမေ အဋ္ဌ၊ လာဘော စ အလာဘော စ ယသော စ
အယသော စ နိန္ဒာ စ ပသံသာ စ သုခဉ္စ ဒုက္ခဉ္စ။

ကတမေ အဋ္ဌ၊ အဘယ်ရှစ်ပါးတို့နည်း ဟူမူကား။ လာဘော စ၊ လာဘ်ရခြင်းက တပါး။ အလာဘော စ၊ လာဘ်မရခြင်းက တပါး။ ယသော စ၊ အခြွေအရံ များခြင်းက တပါး။ အယသော စ၊ အခြွေအရံမဲ့ခြင်းက တပါး။ နိန္ဒာ စ၊ ကဲ့ရဲ့ခြင်း အကဲ့ရဲ့ခံရခြင်းကတပါး။ ပသံသာ စ၊ ချီးမွမ်းခြင်း-အချီးမွမ်း

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ခံရခြင်းကတပါး။ သုခ္ခ၊ ချမ်းသာခြင်းကတပါး။ ဒုက္ခ၊ ဆင်းရဲခြင်းက တပါး။

လောကဓံတရား ရှစ်ပါးဆိုတာ လာဘ်ရတာနဲ့ လာဘ်မရတာ ဒီ ၂-ပါးကတစုံ၊ အခြွေအရံများတာနဲ့ အခြွေအရံမဲ့တာ ဒီ ၂-ပါးက တစုံ၊ အကဲ့ရဲ့ခံရတာနဲ့ အချီးမွမ်းခံရတာ ဒီ၂-ပါးက တစုံ၊ ချမ်းသာနဲ့ ဆင်းရဲ ဒီ ၂-ပါးကတစုံ၊ ဒီ ၄-စုံ ဒီရှစ်ပါးပါဘဲ၊ ဒီ ရှစ်ပါးထဲမှာ အကောင်းက ၄-ပါး ပါတယ်။ အဆိုးကလဲ ၄-ပါးပါတယ်၊ အကောင်း ၄-ပါး ကိုတော့ လူတွေက ကြိုက်ကြတယ်၊ အလိုရှိတယ်၊ အဆိုး ၄-ပါးကိုတော့ မကြိုက်ကြဘူး, အလိုမရှိကြဘူး။

အဲဒီမှာ လာဘ-လာဘ်ရခြင်းဆိုတာက ဘာလဲလို့-ဆိုယင် နှစ်သက်စရာ,လိုချင်စရာ,အသုံးကျတဲ့ ဝတ္ထုပစ္စည်းတွေကိုရတာ ပါဘဲ၊ လူတွေမှာ ဆိုယင် ရွှေ, ငွေ, စိန်, ကျောက်, ကျွဲ, နွား, ဆင်,မြင်း,ဆန်,စပါး, အဝတ်အထည်,ယာဉ်,ရထား, အိမ်ယာ အစရှိတဲ့ ဝတ္ထုပစ္စည်းတွေကိုရတာဟာ လာဘ်ရတာဘဲ၊ ပင်ပင် ပန်းပန်း ရှာကြံလုပ်ကိုင်လို့ ရတာဖြစ်စေ၊ မရှာကြံရဘဲ ကံအားလျော်စွာ အလွယ်တကူနဲ့ ရတာဖြစ်စေ၊ လာဘ်ရတယ်လို့ဘဲ ဆိုရတယ်၊ များများရလျှင် သာပြီးကောင်းတာဘဲ၊စီးပွါးရေး လုပ်ငန်းတွေ ချောချောမောမော အောင်မြင်ပြီး ရနေကြတာ တွေဟာ လာဘ-လာဘ်ရတာတွေပါဘဲ၊ ရဟန်းများမှာတော့ သင်္ကန်း, သက်န်း, ကျောင်း, ဆေး ပစ္စည်း ၄-ပါးကို ရတာဟာ လာဘ်ရတာတွေပါဘဲ။

အလာဘ-လာဘ်မရခြင်း ဆိုတာကတော့ ခုနကပြောခဲ့တဲ့ စီးပွားရေး ဥစ္စာရတနာတွေ အသုံးအဆောင်ပစ္စည်းတွေကို မရ

WWW.DHAMMARANSI.COM



တံဘာနဲ့ ရပြီးသား စီးပွားဥစ္စာ ပစ္စည်းတွေ ဆုံးရှုံး ပျက်စီးတာတွေပါဘဲ၊ အဲဒီမှာ သူများတွေတော့ ရကြတယ်၊ ကိုယ့်မှာတော့ကြိုးစားအားထုတ်ပါလျက်နဲ့မရဘူးဆိုယင်စိတ်ပျက်စရာ ဝမ်းနည်းစရာဘဲ။ အဲဒါထက် ရပြီးသား ပစ္စည်းတွေ ရန်သူမျိုးငါးပါး စသည့်ကြောင့် တနည်းနည်းနဲ့ ပျက်စီး ဆုံးရှုံးသွားရတယ်ဆိုယင် သာပြီးနစ်နာတယ်၊ သာပြီးဝမ်းနည်းစရာကောင်းတယ်။ အဲဒီ ရပြီးသားတွေ ပျက်စီးသွားတာကိုလဲ အလာဘ-လာဘ်မရခြင်း-လို့ဘဲ ဆိုရပါတယ်။

အဲဒီလာဘ်ရခြင်းနဲ့ လာဘ်မရခြင်းဆိုတဲ့ တစုံထဲမှာ လာဘ်ရခြင်းဆိုတာကိုတော့ လူတိုင်း ရှင်တိုင်း ကြိုက်ကြတယ်၊ ဘယ်နည်းနဲ့ဘဲရရကြိုက်ကြတယ်၊တရားသဖြင့်ရယင်လဲကြိုက်တာဘဲ၊ မတရားသဖြင့်ရယင်လဲ လူမိုက်တွေက ကြိုက်ကြတာဘဲ၊ လာဘ်မရခြင်း ဆိုတာကိုတော့ အလိုမရှိကြ, မကြိုက်ကြဘူး၊ ခေတ်ဟောင်းဝါဒရှိတဲ့လူတွေကလဲ မကြိုက်ကြဘူး၊ ခေတ်သစ်ဝါဒရှိတဲ့ လူတွေကလဲ မကြိုက်ကြဘူး၊ အထူးအားဖြင့် ရပြီး,ရှိပြီးဖြစ်တဲ့ ပစ္စည်းဥစ္စာတွေ ပျက်စီး ဆုံးပါးသွားတာကို အလိုမရှိကြ, မကြိုက်ကြဆုံးပါဘဲ။

ယသ-အခြွေအရံများခြင်း ဆိုတာက အိမ်ထောင်ဘက်ကိုရတာ၊ မိတ်ဆွေသင်္ဂဟ အပေါင်းအဖေါ်တွေကိုရတာ၊ တပည့်ပရိသတ် သြဇာခံ ပုဂ္ဂိုလ်တွေကိုရတာ၊ ဒီလို အခြွေအရံတွေကို ရပြီး အဲဒီအခြွေအရံတွေနဲ့ ပြည့်စုံတာကို ဆိုတာပါဘဲ။

အယသ-အခြွေအရံ မဲ့ခြင်း ဆိုတာကတော့ အဲဒီလို အခြွေအရံနဲ့ မပြည့်စုံတာ၊ ရပြီးသား အခြွေအရံတွေ ပျက်စီးဆုံးရှုံးသွားတာ, အဲဒါတွေကို ဆိုတာပါဘဲ။

(တတိယအတြဲမ်)

WWW.DHAMMARANSI.COM



ဒီယသန့် အယသဆိုတဲ့ တစုံထဲမှာ ယသ-အခြံအရံများ တာကို ကြိုက်ကြတယ်။ တကိုယ်တည်း နေရာက အိမ်ထောင် ဘက်ရတာကိုလဲ ကြိုက်ကြတယ်၊ အဲဒီကနောက် သားသမီးတွေ ရလာတာကိုလဲ ကြိုက်ကြတယ်၊ မိတ်ဆွေ သင်္ဂဟ အပေါင်း အသင်းတွေရတာကိုလဲ ကြိုက်ကြတယ်၊ တပည့်ပရိသတ်တွေကို ရတာလဲကြိုက်ကြတယ်၊ မိမိ၏ သြဇာခံပရိသတ်တွေ များများ ရလေလေ ကြိုက်ကြလေလေဘဲ၊ အယသဆိုတဲ့ အခြံအရံမဲ့ တာကိုတော့ မကြိုက်ကြဘူး၊ ရသင့်တဲ့ အပေါင်း အသင်း မိတ်ဆွေသင်္ဂဟ တပည့် ပရိသတ်ကို မရယင် မကြိုက်ကြဘူး၊ ရပြီးသား မိတ်ဆွေသင်္ဂဟ တပည့်ပရိသတ်တွေ ပျက်စီးဆုံးပါး သွားယင်တော့ အလွန့်အလွန်ဘဲ စိတ်နှလုံး မချမ်းမသာ ဖြစ် တတ်ကြတယ်၊ အဲဒီအထဲမှာ အိမ်ထောင်ဘက်ဖြစ်တဲ့ သူတွေ ကွဲပြားပျက်စီးသွားယင် အဆိုးဆုံးပါဘဲ။

နောက်ပြီးတော့ နိန္ဒာ-ကဲ့ရဲ့ခြင်း၊ပသံသာ-ချီးမွမ်းခြင်းဆို တဲ့ တတိယ အစုံထဲက ကဲ့ရဲ့တယ် ဆိုတာကို မကြိုက်ကြဘူး၊ မဟုတ်ဘဲနဲ့ဖြစ်စေ၊ ဟုတ်လို့ဖြစ်စေ ကိုယ့်ကိုကဲ့ရဲ့ယင် မကြိုက် တတ်ကြဘူး၊ သည်းမခံနိုင်တတ်ကြဘူး၊ သူတော်ကောင်းစိတ် မရှိတဲ့သူဆိုယင် ဟုတ်လို့ကဲ့ရဲ့တာကို သာပြီး နာတတ်ကြတယ်၊ အနာပေါ် ဒုတ်ကျတယ်ဆိုတာလိုဘဲ ဟုတ်မှန်တဲ့ ကိုယ့်အပြစ် ကို သူများသိအောင် ထုတ်ဖော် ပြောရမလား-လို့ စိတ်အနာ ကြီးနာတတ်တယ်။

သူတော်ကောင်းစိတ်ရှိတဲ့သူမှာတော့ဟုတ်မှန်တဲ့ကိုယ့်အပြစ် ကိုပြောယင် အသင့်အတင့် နှလုံးသွင်းတဲ့ ယောနိသော မနသိ ကာရနဲ့ အတော်အတန်တော့ သည်းခံ နိုင်တတ်ပါတယ်။ ဒါ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ပေမဲ့ ကံရှိတာကိုတော့ အများအားဖြင့် အလိုမရှိတာ မကြိုက်တာကဘဲ များပါတယ်၊ လူကြီးဘဲဖြစ်ဖြစ်၊ လူငယ်ဘဲ ဖြစ်ဖြစ် ကံရှိတာကိုတော့ မကြိုက်တာကဘဲ များပါတယ်၊ ပသံသာ-ချီးမွမ်းတယ် ဆိုတာကိုတော့ အများကကြိုက်ကြတယ်၊ မဟုတ်တဲ့ ဂုဏ်နဲ့ ချီးမွမ်းတာတောင် စိတ် မဆိုးဘူး၊ မဟုတ်မှန်း သိလျက်နဲ့ ပြုံးပြီး လက်ခံတတ်ကြသေးတာဘဲ။

## ချမ်းသာက အရေးကြီးတယ်

နောက်ပြီးတော့ ချမ်းသာနဲ့ ဆင်းရဲဆိုတဲ့ စတုတ္ထအစုထဲက ချမ်းသာဆိုတာ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းလို့ ဒီလို ၂-မျိုးရှိတယ်၊ ဒီချမ်းသာ ၂-မျိုးကတော့ အရေးအကြီးဆုံးဘဲ၊ ဒီချမ်းသာ ၂-မျိုးနှင့်ပြည့်စုံတယ်ဆိုယင် ဘာမှမလိုတော့ဘူး၊ ဒါကြောင့် ဒီချမ်းသာ ၂-မျိုးနဲ့ပြည့်စုံရအောင် ချမ်းသာကြောင်း အမှုကိစ္စ ဝတ္တုပစ္စည်းတွေကို အမြဲတမ်း ကြောင့်ကြစိုက်ပြီး ရှာကြံ နေကြရတယ်။ ဒါကြောင့် ရှေးက ပညာရှိတဦးက (ချမ်းသာတခု မက်မောမှုကြောင့် ပုပ္ပရွရွ မြင်သမျှတို့ ဒုက္ခပင်လယ် ကျယ်ထက်ကျယ်သည် ရှယ်တိုင်း မမြောက်နိုင်ပါတကား)လို့ လင်္ကာလေးတပုဒ် စီထားတယ်၊ သူ့လင်္ကာဟာ တော်တော် ဟုတ်တဲ့လင်္ကာဘဲ၊ ကိုယ်ချမ်းသာနဲ့ စိတ်ချမ်းသာ ဒီ ၂-မျိုးကို ပေါင်းပြီး ချမ်းသာတခု မက်မောမှုကြောင့်လို့ ဆိုထားတယ်၊ ဒီချမ်းသာကိုမက်မောနေကြတဲ့အတွက် သတ္တဝါတွေဟာ ဒုက္ခရောက်နေကြရတာဘဲ။

ကိုယ်ထဲမှာ နာကျင်ကိုက်ခဲမှု မခံသာမှုတွေ ကင်းပြီးတော့ နေသာ ထိုင်သာ ရှိနေဘို့၊ ကောင်းတဲ့ အတွေ့တွေနဲ့ တွေ့ထိ

WWW.DHAMMARANSI.COM



ပြီးတော့ ကောင်းစားချမ်းသာနေဘို့ ဒါဟာ အင်မတန်အရေး ကြီးတာဘဲ၊ ဒါကြောင့် ဒီလိုနေနိုင်အောင်လဲ ရှာကြံနေကြရ တယ်၊ နောက်ပြီးတော့ စိတ်ထဲမှာလဲ စိတ်ညစ်စရာ၊ စိတ်ပျက် စရာ၊ နှလုံး မသာစရာတွေ လုံးဝကင်းပြီးတော့ ဝမ်းမြောက် ဝမ်းသာစရာ ပျော်ရွှင်စရာတွေနဲ့ချည်း တွေ့ပြီး၊ အမြဲတမ်း စိတ် ရွှင်လန်းဝမ်းမြောက်ချမ်းသာနေဘို့ ဒါကလဲ အင်မတန် အရေးကြီးပါတယ်၊ ဒါကြောင့် ဒီလိုစိတ်ချမ်းသာပြီး နေနိုင် အောင်လဲ ရှာကြံ နေကြရတယ်။

လောကကြီး တခုလုံးကို ဖြန့်ပြီး စစ်ဆေးကြည့်ပါ၊ လူ့ ချမ်းသာဆိုတာ ဘာတွေလဲ၊ နတ်ချမ်းသာဆိုတာ ဘာတွေလဲ၊ အဲဒီလို စစ်ဆေးကြည့်လိုက်ယင် လူ့ချမ်းသာ ဆိုတာလဲ ဒီကိုယ် ချမ်းသာ စိတ်ချမ်းသာဘဲ၊ နတ်ချမ်းသာဆိုတာလဲ ဒီချမ်းသာ ၂-ခုဘဲ၊ ဒါပေမဲ့ ဒီချမ်းသာ ၂-ခုဖြစ်ဖို့ အတွက် အသိုင်း အဝိုင်း အထောက်အပံ့တွေကတော့ အများကြီးဘဲ ရှိပါတယ်၊ စီးပွား ဥစ္စာတွေ၊ အသုံးအဆောင်တွေ၊ စားဘွယ် သောက် ဘွယ်တွေ၊ အခြွေအရံတွေ၊ ဒီလို ချမ်းသာကြောင်း ဝတ္ထုတွေ ကတော့ အများကြီးဘဲရှိပါတယ်။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ လုံးဝမရှိဘူး။ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာနဲ့ အမြဲတမ်းပြည့်စုံ နေတယ်ဆိုယင် အဲဒီချမ်းသာကြောင်း အသုံး အဆောင်တွေ ကလဲ ပြည့်စုံပြီးသားချည်း ဖြစ်နေပါတယ်။ ဟုတ်တယ်၊ တခုခု လိုနေတယ်ဆိုယင် အဲဒီ လိုနေတာကလေးအတွက် စိတ်ဆင်းရဲ ရှိနေဦးမှာဘဲ၊ ဘာမှမလိုတော့ဘူး အကုန်လုံးပြည့်စုံနေတယ် ဆိုယင်တော့အကုန်လုံးချမ်းသာသွားနိုင်တော့တာဘဲ။ ဒါပေမဲ့ ဒီလို အကုန်လုံး အမြဲတမ်း ချမ်းသာတယ် ဆိုတာ ဣတော့

(တဘိယအကြိမ်)

WWW.DHAMMARANSI.COM



လောကထဲမှာ မရှိနိုင်ပါဘူး။ ဒါကြောင့် ခုနက လက်ာထဲမှာ "ပုပ္ဖုန္မရ မြင်သမျှတို့ ဒုက္ခပင်လယ် ကျယ်ထက် ကျယ်သည် ရှုယ်တိုင်းမမြောက်နိုင်ပါတကား" လို့ ဆိုထားပေတာဘဲ။

နောက်ပြီးတော့ ဆင်းရဲဆိုတာကလဲ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း–လို့ ဒီလို ၂–မျိုးရှိတာဘဲ။ အဲဒီ ၂–မျိုးထဲက ကိုယ်၏ ဆင်းရဲခြင်းဆိုတာ ရောဂါဝေဒနာ တမျိုးမျိုးနှိပ်စက် လို့ဘဲ ဖြစ်ဖြစ်၊ သူတပါးက နှိမ့်စက် ပစ်ခတ် နှိပ်စက်လို့ဘဲ ဖြစ်ဖြစ်၊ ဆူးညှောင့်ခလုတ် ထိခိုက်လို့ဘဲဖြစ်ဖြစ်၊ နေပူ မီးပူ စသည် လောင်လို့ဘဲ ဖြစ်ဖြစ်၊ ကိုယ်ထဲမှာ မနေသာ မခံသာ၊ ဆင်းရဲတဲ့ သဘောပါဘဲ၊ ဒီ ကိုယ်ဆင်းရဲကို မကြိုက်ကြဘူး၊ ကြောက်ကြတယ်။ ဒါကြောင့် ဒီလို ကိုယ်ဆင်းရဲတွေ မဖြစ် ရအောင် အမြဲသတိပြုပြီး စောင့်ရှောက်နေကြရတယ်။ စိတ်၏ ဆင်းရဲခြင်း ဆိုတာကတော့ စိတ်ညစ်စရာ၊ စိတ်ပူစရာ၊ စိတ်ပျက် စရာတွေကို တွေ့ပြီးတော့ စိတ်ညစ် နေတာ၊ စိတ်ပူနေတာ၊ စိတ်ပျက်နေတာ၊ စိတ်နှလုံး မသာမယာဖြစ်ပြီး ဆင်းရဲပင်ပန်း နေတာပါဘဲ၊ ဒီစိတ်ဆင်းရဲကိုလဲ မကြိုက်ကြဘူး၊ ဒီလို မကြိုက် ကြပေမဲ့ ဒီစိတ်ဆင်းရဲဟာ ကိုယ့်ဟာကိုယ် ကြံတွေးပြီးတော့လဲ ဖြစ်တတ်တယ်၊ သူတပါးက စိတ် မချမ်းသာအောင် ပြောဆို ပြုလုပ်လို့လဲဖြစ်တတ်တယ်၊ ချစ်မြတ်နိုးအပ်တဲ့ပုဂ္ဂိုလ်တွေ အာရုံ ဝတ္ထုတွေနဲ့ကွဲကွာရတဲ့အတွက်လဲဒီစိတ်ဆင်းရဲကဖြစ်တတ်တယ်၊ နောင်အခါတွေ့နိုင်တဲ့ ဘေးရန်အန္တရာယ်တွေကို မြော်တွေးပြီး တော့လဲ ဒီစိတ်ဆင်းရဲက ဖြစ်တတ်တယ်၊ ဒီစိတ်ဆင်းရဲတွေကိုလဲ အလိုမရှိကြဘူး၊ ကြောက်ကြတယ်၊ ဒါကြောင့် ဒီစိတ်ဆင်းရဲ တွေ ကင်းအောင်လဲ အမြဲမပြတ် သတိပြု နေကြရတယ်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## လူတိုင်း ကြိုက်ကြတယ်

ယခု ပြောလာခဲ့တာဟာ လောကဓံရှစ်ပါးလုံး သရုပ်တွေ စုံသွားပြီ။ အဲဒီရှစ်ပါးထဲမှာ ကောင်းတဲ့ဘက်ကလေးခုရှိတယ်၊ မကောင်းတဲ့ဘက်ကလဲ လေးခုရှိတယ်။ ကောင်းတဲ့ လောကဓံ ၄-ခုကိုတော့ လူတိုင်း-ရှင်တိုင်းက ကြိုက်ကြတယ်၊ မကောင်းတဲ့ လောကဓံ ၄-ခု ကိုတော့ လူတိုင်း-ရှင်တိုင်းက အလိုမရှိကြ မကြိုက်ကြဘူး၊ ဒါပေမဲ့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ဒီလောကဓံတရားတွေကတော့ အကြောင်းအားလျော်စွာ တွေ့နေကြရတာဘဲ၊ ဘယ်သူမှမကင်းနိုင်ဘူး၊ ဘယ်ကိုပြေးလို့မှ မလွတ်နိုင်ဘူး။

### အကောင်းနဲ့တွေ့ယင် အဆိုးလဲပါလာတယ်

တခါတရံ ရချင်တာတွေကိုရမယ်၊ အလိုရှိတိုင်း ရပြီးပြည့်စုံ ကြွယ်ဝနေမယ်။ တခါတရံကျတော့ ရချင်တာတွေကို မရဘဲ ရှိနေမယ်၊ ရပြီးသားတွေလဲ ပျက်စီးဆုံးရှုံးသွားမယ်၊ တသက်လုံး မပျက်စီးဘဲ တည်နေတယ် ဆိုတောင်မှ သေတဲ့အခါ ကျတော့ အဲဒီ ရထားတာတွေကို စွန့်ပြီးသွားရမယ်။ ဒီတော့အကြောင်း ညီညွတ်လို့ လာဘ-ဆိုတဲ့ ရခြင်းနဲ့ ပြည့်စုံလျှင် အလာဘ-မရခြင်း-ရပြီးသားတွေ ပျက်စီးဆုံးရှုံးခြင်း ဆိုတာကလဲ တပါ တည်းနောက်က လိုက်ပါလာတော့တာဘဲ။

တရံတခါ အခြွေအရံတွေနဲ့ ပြည့်စုံမယ်၊ တရံ တခါကျ တော့ အခြွေအရံနဲ့ မပြည့်စုံဘဲရှိနေမယ်၊ အင်မတန် အခြွေ အရံများတဲ့ မြတ်စွာဘုရားတောင်မှ တပါးတည်း ဝါကပ်နေ ရတဲ့အခါ ရှိသေးတာဘဲ၊ သာမန် လူတွေ မှာတော့ အထူး

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ပြောစရာ မလိုပါဘူး။ တခါတရံ ရှိပြီးသား အခြေအနေတွေ ပျက်စီးဆုံးရှုံးသွားမယ်၊ နောက်ဆုံးသေတဲ့အခါကျတော့ ရှိသမျှ အခြေအရံတွေကို အကုန်လုံးစွန့်ပြီး တယောက်တည်း ကံအား လျော်စွာ သွားရမယ်။ ဒီတော့ ယသဆိုတဲ့ အခြေ အရံနှင့် ပြည့်စုံလျှင် အယသဆိုတဲ့ အခြေအရံမဲ့ခြင်းကလဲ တပါတည်း နောက်က လိုက်ပါလာတော့တာဘဲ။

ချီးမွမ်းတဲ့ဂုဏ်နဲ့ပြည့်စုံတဲ့အတွက် အချီးမွမ်းခံရတဲ့ အခါလဲ ရှိမှာဘဲ၊ ဒါပေမဲ့ ချီးမွမ်းဘွယ်ဂုဏ်နဲ့ ပြည့်စုံအောင် အားထုတ်ရ တာက လွယ်တာ မဟုတ်ဘူး၊ အင်မတန် အားထုတ် နိုင်မှ တကယ်အစစ် ချီးမွမ်းဘွယ်ဂုဏ်တခုကို ရပါတယ်။ အဲဒါထက် အဲဒီ ချီးမွမ်းဘွယ်ဂုဏ်မပျက်အောင် စောင့်ရှောက်နေရတာက သာပြီး ဝန်လေးပါတယ်၊ ဒီလို စောင့်ရှောက် နေနိုင်ပေမဲ့ သူတပါးက အထင်လွဲလို့ဖြစ်စေ၊ သက်သက် မုန်းလို့ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေအကဲ့ရဲ့ခံရတာလဲရှိတတ်သေး တယ်၊ အပြစ်ဒေါသ လုံးဝကင်းစင်တော်မူတဲ့ မြတ်စွာဘုရားကို တောင်မှ ကဲ့ရဲ့သူတွေရှိသေးတာဘဲ၊ သာမန် လူတွေမှာတော့ အထူးပြောစရာမလိုပါဘူး၊ ဒီတော့ အချီးမွမ်းခံရတယ်ဆိုယင် မလိုလားတဲ့သူတွေက ဖန်တီးတဲ့ ကဲ့ရဲ့မှုကလဲ လိုက်ပါလာတတ် ပါတယ်။

သုခနဲ့-ဒုက္ခဆိုတာကတော့ အမြဲမပြတ် ဒွန်တွဲနေပါတယ်၊ အကြောင်းညီညွတ်တဲ့အခါ ကိုယ်ရောစိတ်ပါ ချမ်းသာနေမယ်၊ အကြောင်းမညီညွတ်ဘဲ့အခါ ဆင်းရဲနေမယ်၊ လမ်းလျှောက်နေ တဲ့အခါ ခြေတဘက်က မြေကြီးပေါ်မှာ ရပ်တည်နေသလိုဘဲ၊

WWW.DHAMMARANSI.COM



ညာဘက်ခြေက ကြွလှမ်းနေတဲ့အခါမှာ ဘယ်ဘက်ကမြေပေါ်မှာ ရပ်တည်နေမယ်၊ ဘယ်ဘက်ခြေက ကြွလှမ်းနေတဲ့အခါမှာ ညာဘက်ခြေက ရပ်တည်နေမယ်၊ အဲဒါလိုဘဲ ချမ်းသာဆိုတဲ့ အကောင်းတွေ ဖြစ်ပေါ်နေတဲ့အခါမှာ ဆင်းရဲ ငြိမ်းနေတယ်၊ ဆင်းရဲဆိုတဲ့ မကောင်းတာတွေဖြစ်နေတဲ့အခါမှာ ချမ်းသာမရှိဘူး၊ တလှည့်စီ တပြန်စီ တွေ့ကြုံနေရတဲ့တရားတွေဘဲ။ ဒီတော့ ချမ်းသာ နေတယ်ဆိုယင် ဆင်းရဲ ဆိုတာကလဲ တပါတည်း နောက်က လိုက်ပါလာတာဘဲ။

## အကောင်းနဲ့တွေ့ယင် ဝမ်းမြောက်တယ်

အဲဒီလို အကြောင်းအားလျော်စွာ လူတိုင်းလူတိုင်းတွေ့ကြုံနေရတဲ့ ဒီလောကဓံတရားတွေကို ဉာဏ်ဖြင့် အသင့်အတင့်နှလုံးသွင်းဆင်ခြင်ပြီး သည်းခံနိုင်ဘို့လိုပါတယ်။ အဲဒီလိုသည်းမခံနိုင်တဲ့သူတွေမှာလောကဓံအကောင်း၄-မျိုးနဲ့တွေ့ကြုံရတဲ့အခါမှာ အတိုင်းမသိ အလွန်အကျွံ ဝမ်းမြောက်တက်ကြွနေတတ်တယ်၊ လောကဓံအဆိုး ၄-မျိုးနဲ့ တွေ့ကြုံရတဲ့အခါမှာလဲ အတိုင်းမသိ အလွန်အကျွံ ဝမ်းနည်းစိတ်ပျက် နေတတ်တယ်။ ဒါကြောင့် လောကဓံ အကောင်း ၄-ပါးအတွက် (လာဘ်, ခြွေရံရ၊ ချီးမွမ်းကြ၊ သုခဝမ်းသာမြဲ)လို့ ဆောင်ပုဒ်ကလေးစီထားပါတယ်။ လာဘ်ရယင်၊အခြွေအရံရယင်၊အချီးမွမ်းခံရယင်၊ ချမ်းသာသုခနဲ့ပြည့်စုံယင် ဒီလောကဓံ အကောင်း ၄-ပါးနဲ့ ပြည့်စုံယင် သတ္တဝါတွေက အများအားဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြစမြဲဘဲ-လို့ ဆိုလိုပါတယ်။ ကဲ-အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

လာဘ်, ခြွေရံရ၊ ချီးမွမ်းကြ၊ သုခ ဝမ်းသာမြဲ။ (ဆို)

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## အဆိုးနဲ့တွေ့ယင်တော့ ဝမ်းနည်းတယ်

"ဒါကကောင်းတဲ့လောကဓံ ၄ ပါးဘဲ၊လူတိုင်းရှင်တိုင်းကြိုက်တဲ့ လောကဓံ ၄-ပါးပေါ့၊ အဲဒီကောင်းတဲ့လောကဓံ ၄-ပါးနဲ့တွေ့ကြုံရယင် ဝမ်းသာကြသလိုဘဲ၊ မကောင်းတဲ့ လောကဓံ ၄-ပါးနဲ့တွေ့ကြုံကြတဲ့အခါကျတော့အများအားဖြင့်ဝမ်းနည်းကြ စိတ်ပျက်ကြတတ်ပါတယ်၊ မကောင်းတဲ့လောကဓံ ၄-ပါးဆိုတာကလဲ လောကဓံအကောင်း၄-ပါးမှအပြန်ဆန့်ကျင်ဘက်ပဲ။ ဒါကြောင့် (ထိုလေးမျိုးမှ၊ ပြောင်းပြန်ကျ၊ လောက ဝမ်းနည်းမြဲ)လို့ ဆောင်ပုဒ်စီထားပါတယ်။ လာဘ်ရတာနဲ့ ပြောင်းပြန် လာဘ်မရလို့ရှိယင်၊ အခြွေအရံ ရတာနဲ့ ပြောင်းပြန်အခြွေအရံမရလို့ရှိယင်၊ ချီးမွမ်းတာနဲ့ပြောင်းပြန်ကဲ့ရဲ့လို့ရှိယင် ၊သုခနဲ့ ပြောင်းပြန် ဆင်းရဲဒုက္ခ တွေ့ရလို့ ရှိယင် အဲဒီ လောကဓံ အကောင်း ၄-ပါးနဲ့ ပြောင်းပြန်လောကဓံ အဆိုး ၄-ပါးကျရောက် လာလို့ရှိယင် လောကဆိုတဲ့ သတ္တဝါတွေက အများအားဖြင့် စိတ်နှလုံးမသာကြ, ဝမ်းနည်းကြစမြဲဘဲ-လို့ ဆိုပါတယ်။ ကဲ-အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ထိုလေးမျိုးမှ၊ ပြောင်းပြန်ကျ၊ လောကဝမ်းနည်းမြဲ၊ (ဆို)

စီးပွားဥစ္စာရတနာ လာဘ်လာဘတွေကိုမရယင်၊ရပြီးသားစီးပွားဥစ္စာတွေ တနည်းနည်းဖြင့် ပျက်စီးဆုံးပါးကုန်ယင် မနေသာမထိုင်သာအောင် စိတ်ပျက်တတ်, ဝမ်းနည်းတတ်ကြတယ်၊ အလွန်အကျွံ ဝမ်းနည်းပြီး စိတ်တွေ ရူးကြောင်ကြောင်လဲ ဖြစ်တတ်တယ်၊ သေသည်အထိလဲ ဒုက္ခရောက်သွားတတ်တယ်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဒါကြောင့် ဂျိန်းဘာသာဝင် ဆရာတယောက်က "ပစ္စည်းဥစ္စာဟာ လူ့ရဲ့အပြင်ပ အသက်ဖြစ်တယ်၊ ပစ္စည်းဥစ္စာကို လုယူယင် အပြင်ပ အသက်ကို ညှဉ်းဆဲ သတ်ဖြတ်သည်မည်တယ်"လို့ ဆိုပါတယ်။ ဂျိန်းဘာသာတရားထဲမှာအဟိံသာမညှဉ်းဆဲမသတ်ဖြတ်ရဘူးဆိုတဲ့ ကျင့်ဝတ်ဟာ အလွန်အရေးကြီးပါတယ်။ အဲဒီကျင့်ဝတ်အရ သတ္တဝါကိုညှဉ်းဆဲသတ်ဖြတ်ယင်အပြစ်ကြီးတယ်လို့ ဂျိန်းဘာသာတရားကဆိုပါတယ်၊ အဲဒီသတ္တဝါကို တိုက်ရိုက်သတ်မှသာမဟုတ်ဘူး၊ သတ္တဝါ၏ဥစ္စာကို လုယက်ခိုးယူယင်လဲ အပြင်ပအသက်ကို သတ်သည်မည်တယ်၊ သတ်ရာရောက်တယ်၊ အပြစ်ကြီးတယ်-လို့ အဲဒီ ဂျိန်းဆရာကဆိုချင်တယ်။ ဒါကြောင့် သူက "ပစ္စည်း ဥစ္စာကို လုယင် အပြင်ပအသက်ကို ညှဉ်းဆဲသတ်ဖြတ်သည်မည်တယ်"လို့ ဆိုတာဘဲ၊ သူ့အဆိုက ယုတ္တိခိုင်ရှိရှိဘဲ၊ ဘာကြောင့်လဲဆိုယင် လူတွေမှာ ပစ္စည်းဥစ္စာကို မှီပြီးအသက်ရှင် နေကြတယ်၊ စားစရာ၊ သုံးစရာ မရှိဘူး ဆိုယင် သေဘို့ရှိတော့တာဘဲ၊ ဒါကြောင့် အမြတ်တနိုး သိမ်းဆည်းထားတဲ့ ပစ္စည်းဥစ္စာတွေကို လုယူသွားတယ်ဆိုယင် အဲဒီအလုခံရတဲ့လူမှာ အများကြီး စိတ်မချမ်းမသာ ဖြစ်ပေ လိမ့်မယ်၊ သုံးစရာ၊ စားစရာ မရှိအောင် လုယူသွားတယ် ဆိုယင်တော့ ယူကြုံးမရဖြစ်ပြီး သေဘို့ရာဘဲ ရှိတော့တယ်၊ အလိုလို မသေတောင်မှ သေရာသကြောင်းကြံပြီးသေဘို့ရာ အလွန်နီးစပ်နေပါတယ်၊ ဒါကြောင့် ပစ္စည်းဥစ္စာကို အပြင်ပအသက်လို့ဆိုတာဟာ သူ့ရည်ရွယ်ချက် သူ့နည်းပရိယာယ်အရအားဖြင့် အသင့်ယုတ္တိရှိတယ်လို့ ဆိုရမှာဘဲ၊ အဲဒီလိုပစ္စည်းဥစ္စာက အသက်သဖွယ်ဖြစ်နေတဲ့အတွက် ရပြီးသား ပစ္စည်းဥစ္စာတွေ ပျက်စီးဆုံးပါး

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ချတဲ့ အလာဘနဲ့ တွေ့ကြုံရတဲ့သူမှာ အကြီးအကျယ် ဆင်းရဲဒုက္ခ ရောက်ရပါတယ်၊ သေသည်အထိလဲ ဒုက္ခရောက်တတ်ပါတယ်။

နောက်ပြီးတော့ ယသ-အခြွေအရံရတာနဲ့ ပြောင်းပြန်က အယသ-အခြွေအရံ မရတာ အခြွေအရံမဲ့တာဘဲ၊ မိမိရချင်တဲ့ အခြွေအရံကိုမရယင်၊ ရပြီးသား အခြွေအရံတွေပျက်စီးဆုံးပါး ကုန်ယင်စိတ်မချမ်းမသာဖြစ်ရတော့တာဘဲ၊ဝမ်းနည်းပက်လက် ဖြစ်ရတော့တာဘဲ။နောက်ပြီးတော့ ချီးမွမ်းတာနဲ့ ပြောင်းပြန် အကဲ့ရဲ့ခံရယင်လဲ စိတ်မချမ်းမသာ ဖြစ်တတ်တယ်၊ ဒီကဲ့ရဲ့မှု ကတော့ အသေးအဖွဲ့ဆိုယင်သိပ်အရေးမကြီးလှပါဘူး၊သည်းခံ နိုင်တတ်ကြပါတယ်။ ဂုဏ်သိက္ခာ ပျက်လောက်အောင် အကြီး အကျယ် ကဲ့ရဲ့ခံရယင်တော့ သူကလဲ မသက်သာလှဘူး၊ အကြီး အကျယ် စိတ်ဆင်းရဲတတ်တယ်။ နောက်ပြီးတော့ သုခရဲ့ ပြောင်းပြန်ဆိုတော့ ဒုက္ခပေါ့၊ ဒီဆင်းရဲဒုက္ခကတော့ ကြောက် စရာအကောင်းဆုံးဘဲ။ ဒါပေမဲ့ အသေးအဖွဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ကလေးတွေကတော့ တယ်ပြီး အရေးမကြီးလှပါ ဘူး၊ အဲဒီလို ဆင်းရဲ ကလေးတွေကတော့ ကင်းခဲပါတယ်၊ အမြဲလိုလိုဘဲ ရှိနေတတ်ပါတယ်၊ အရေးကြီးတာ ကတော့ ကိုယ်ထဲမှာ မချိမဆန့်ခံခဲ့ရတဲ့ ဆင်းရဲဒုက္ခတွေ၊စိတ်ထဲမှာယူကြုံး မရ ဖြစ်နေတဲ့ စိတ်ပူပန်မှု စိတ်ဆင်းရဲမှုတွေ-အဲဒီလို အကြီး အကြယ် ဖြစ်ပေါ်လာတဲ့ ဆင်းရဲတွေနဲ့ တွေ့နေရယင် နောက် ထပ် စိတ်ဆင်းရဲမှု ဝမ်းနည်းမှုတွေလဲ အတိုင်းမသိ ဖြစ်ပေါ် လာတတ်တယ်၊ ဒါကြောင့် "ထိုလေးမျိုးမှ ပြောင်းပြန်ကျ လာက ဝမ်းနည်းမြဲ"လို့ ဆိုထားပါတယ်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## ဘုရားရဟန္တာလဲ တွေ့ရပါတယ်

အဲဒါဟာ ကိလေသာ မကင်းသေးတဲ့ အများသော ပုဂ္ဂိုလ်တွေမှာ ဖြစ်ရိုးဖြစ်စဉ်တွေပါဘဲ။ ကိလေသာ လုံးဝကင်းတော်မူကြတဲ့ ဘုရားရဟန္တာ အရှင်မြတ်တွေမှာတော့ ဒီလောကဓံတရားတွေကို သည်းခံတော်မူနိုင်ကြပါတယ်၊ ကောင်းတဲ့လောကဓံ ၄-မျိုးနဲ့တွေ့လို့လဲ မတက်ကြွမတုန်လှုပ်ဘူး၊ ဆိုးတဲ့လောကဓံ၄-မျိုးနဲ့တွေ့လို့လဲ စိတ်မပျက် မတုန်လှုပ်ဘူး၊ ဒါကြောင့် မင်္ဂလသုတ်မှာ မြတ်စွာဘုရားက-

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ-လို့

ဟောတော်မူပါတယ်။

လောကဓမ္မေဟိ၊ လောကဓံတရား ရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့သော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏-တဲ့။ရဟန္တာပုဂ္ဂိုလ်လဲ ဒီလောကဓံတရားတွေကို တွေ့ရတာဘဲ၊ သူ့ အမည်ကိုက လောကဓမ္မ-လောကနှင့် ဆိုင်တဲ့ တရားဆိုတော့ လောကထဲအတွင်းဝင်နေယင် ဒီလောကဓံ တရားတွေနဲ့ တွေ့ရတာဘဲ၊ ရဟန္တာများလဲ ပရိနိဗ္ဗာန်မစံခင်မှာဆိုယင်လောကထဲမှာပါဝင်နေပါတယ်၊ လောကဆိုတဲ့သူ့နိုင်ငံ နယ်ပယ်ထဲမှာ ပါဝင်နေတော့ လောကဓမ္မ ဆိုတဲ့ သူ့တရားနဲ့လဲ တွေ့ရတော့ တာဘဲ မြတ်စွာဘုရားလဲတွေ့ရတာဘဲ၊ သတ္တလောကဆိုတဲ့ သူ့နယ်ပယ်မှာနေယင် ဘယ်သူမှ မရှောင်နိုင်ဘူး၊ တွေ့ရတာချည်းဘဲ။

(တဘိယအကြိမ်)

WWW.DHAMMARANSI.COM



ဒါကြောင့်(လောကဓမ္မ၊ ရှောင်မရ၊မုချတွေ့စမြဲ)လို့ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

လောကဓမ္မ၊ ရှောင်မရ၊ မုချ တွေ့စမြဲ။ (ဆို)

## ရဟန္တာမှာ မတုန်လှုပ်

လောကဓမ္မေဟိ၊ လောကဓံတရား ရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့သော။ ဝါ-လောကဓံတရား ရှစ်ပါးတို့က တွေ့ထိနှိပ်စက်အပ်သော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်။လောကဓံရှစ်ပါးနဲ့ တွေ့ရတဲ့ အခါမှာ ရဟန္တာပုဂ္ဂိုလ်၏ စိတ်နှလုံးဟာ တုန်လှုပ်ခြင်း ပြောင်းလဲခြင်း မရှိဘဲ တည်ဘိ နေပါတယ်-တဲ့။ကောင်းတာတွေကို တွေ့ရလို့လဲ ဝမ်းမြောက်တက်ကြွပြီး တုန်လှုပ်ခြင်းမရှိဘူး၊ ဆိုးတာတွေကို တွေ့ရလို့လဲ နှလုံးမသာဖြစ်ခြင်းစိတ်ဓာတ်ကျဆင်းခြင်းမရှိဘူး၊ သာမန်ရိုးရိုးအာရုံနဲ့ တွေ့ရသလိုဘဲ တုန်လှုပ်ခြင်းမရှိဘဲတည်မြဲတည်နေပါတယ်တဲ့၊ သိပ်ကောင်းတာဘဲ၊ ရဟန္တာသာ မဟုတ်ဘူး အနာဂါမ်ဆိုယင်လဲ တော်တော်သည်းခံနိုင်ပါပြီ၊တုန်လှုပ်ခြင်းမရှိသလောက်ဖြစ်နေပါပြီ၊ရူပရာဂနဲ့ အရူပရာဂရှိနေသေးတဲ့အတွက် ရူပဘဝအရူပဘဝနဲ့စပ်ပြီးသာယာမှု ဝမ်းမြောက်မှု ဖြစ်နိုင်သေးပေမဲ့ ဒေါသက ကင်းနေတဲ့အတွက် နှလုံးမသာမှု ဝမ်းနည်းမှုကတော့ လုံးဝမရှိတော့ပါဘူး။ ဒါကြောင့် အနာဂါမ်မှာလဲ စိတ်နှလုံးတုန်လှုပ်မှုဟာ မရှိသလောက်ပဲ သက်သာနေပါပြီ။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## သောတာပန်လဲ ငိုသေးသည်

သောတာပန် သကဒါဂါမ်များမှာတော့ ကာမရာဂ မကင်းသေးတဲ့အတွက် လောကဓံအကောင်းတွေနဲ့ တွေ့တဲ့အခါ နှစ်သက်သာယာပြီး ဥမ်းမြောက် တက်ကြွတန်သလောက်တော့ တက်ကြွပေလိမ့်ဦးမယ်၊ ဗျာပါဒဒေါသမကင်းသေးတဲ့ အတွက် လောကဓံအဆိုးတွေနဲ့ တွေ့တဲ့အခါ နှလုံးမသာမှု စိတ်ပျက်မှု ဝမ်းနည်းမှုလဲဖြစ်တန်သလောက်တော့ ဖြစ်ပေလိမ့်ဦးမယ်။ ဒါကြောင့်အနာထပိဏ်သူဌေးကြီးမှာ သုမနာဒေဝီဆိုတဲ့သမီးငယ် သေဆုံးသွားတာ အကြောင်းပြုပြီး နှလုံးမသာခြင်း ဝမ်းနည်းခြင်း ငိုကြွေးမြည်တမ်းခြင်း ဖြစ်ရတယ်၊ ဝိသာခါမှာလဲမြေးမ သေဆုံးသွားတဲ့အတွက် နှလုံးမသာခြင်း ဖြစ်ရတယ်၊ အရှင်အာနန္ဒာမှာလဲ ဘုရားပရိနိဗ္ဗာန် စံခါနီးမှာ ငိုကြွေးမြည်တမ်းခြင်းဖြစ်ရတယ်။ ဒါပေမဲ့ သောတာပန် သကဒါဂါမ်များမှာ တရားက သိတန်သလောက်သိပြီးဖြစ်နေတဲ့အတွက်တော်တော်တော့ သည်းခံနိုင်နေပါပြီ၊ ဖြစ်ပေါ်လာတဲ့ သောကပရိဒေဝတွေကို ပယ်ဖျောက်ဖို့ရာလွယ်ကူနေပါပြီ၊ တော်တော်သက်သာရာ ရနေပါပြီ၊ ပုထုဇဉ်တောင်မှ တရားနှလုံးသွင်း အားထုတ်ထားတဲ့သူဆိုယင် ကိုယ့်တရားနဲ့ ဖြေဖျောက်ပြီး သက်သာခွင့်ရနိုင်ပါတယ်။ ဒါကြောင့် လောကဓံတရားဆိုးတွေနဲ့ တွေ့ရတဲ့အခါမှာ အားထုတ်ထားတဲ့တရားနဲ့ ဖြေဖျောက်ရတယ်၊ ဒီလိုအခါမှာ တရားမှတပါး အားကိုးစရာ မရှိဘူး။ အကယ်၍လောကရေးဘက်က အားထုတ်လို့ လောကဓံအဆိုးမှ လွတ်မြောက်နိုင်တဲ့ နည်းလမ်းရှိသေးယင်တော့ တတ်နိုင်သမျှ နည်း

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ချိုးစုံနဲ့ အားထုတ်ကာကွယ်ရပါတယ်၊ အဲဒီလို လောကဘက်က နည်းလမ်းတွေနဲ့ မကာကွယ် မတားမြစ်နိုင်တော့ဘူးဆိုတဲ့အခါ ကျတော့ ကိုယ့်တရားကိုဘဲ အားကိုးရတယ်၊ ကိုယ့်တရားနဲ့နှလုံး သွင်းပြီး စိတ်နှလုံးမသာမှုတွေကို ပယ်ဖျောက်ရတယ်။

တရားလဲ အားမထုတ်ဘူးလို့၊ သို့မဟုတ် ပြည့်ပြည့် စုံစုံ အားမထုတ်ဘူးလို့ တရားအားထုတ်မှုဖြင့် မပယ်ဖျောက်နိုင်ဘူး ဆိုယင် ယောနိသောမနသိကာရနဲ့ အသင့်အတင့်နှလုံးသွင်းပြီး ပယ်ဖျောက်ရတယ်။ လောကဓံ တရားဆိုတာ ဘုရား ရဟန္တာ များတောင်မှ မရှောင်နိုင်ဘူး၊ တွေ့ကြသေးတာဘဲ၊ ငါလိုလူ ဘယ်မှာမတွေ့ဘဲ ရှိမှာလဲ၊ ဘုရားရဟန္တာ အရှင်မြတ်တွေဟာ ဒီလောကဓံ တရားတွေနဲ့ တွေ့တဲ့အခါ မတုန်မလှုပ် သည်းခံ တော်မူနိုင်ကြတယ်၊ ငါလဲ ဘုရားရဟန္တာများလို သည်းခံမယ်၊ စိတ်နှလုံးမသာခြင်းကို မဖြစ်စေရအောင်၊ ဖြစ်ယင်လဲကြာရှည် စွာ မဖြစ်ရအောင် စောင့်ရှောက်မယ်၊ ဒီလိုစောင့်ရှောက်ခြင်း ဖြင့် ဘုရားရဟန္တာ အရှင်မြတ်တို့၏ ဂုဏ် တစိတ်တဒေသနှင့် ပြည့်စုံစေမယ် စသည်ဖြင့် နှလုံးသွင်းဆင်ခြင်ပြီးနှလုံးမသာမှုကို ပယ်ဖျောက်ရတယ်၊ အဲဒီလို ပယ်ဖျောက်နိုင်ဘို့က အရေးကြီး ပါတယ်။

## အကောင်းဆုံး မင်္ဂလာ

လောကဓမ္မေဟိ ဖုဋ္ဌဿ၊ လောကဓံ တရား ရှစ်ပါး တို့နှင့် တွေ့သော၊ ဝါ-လောကဓံတရား ရှစ်ပါးတို့က တွေ့ထိနှိပ်စက် အပ်သော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်နှလုံး သည်။ နကမ္ပတိ၊ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ် ပူဆွေးခြင်း (တတိယအကြိမ်)

WWW.DHAMMARANSI.COM



လဲမရှိ။ (လောကဓံ အဆိုးတွေနဲ့ တွေ့ရတဲ့ အခါမှာ "ရှေးက ကောင်းနေတာဘဲ ယခု အဆိုးတွေနဲ့ တွေ့ရတယ်၊ ဖြစ်မှဖြစ်ရ လေခြင်း" လို့ ဒီလို စိုးရိမ် ပူဆွေးခြင်းလဲ မရှိဘူးတဲ့၊ သိပ် ကောင်းတာဘဲ။) ဝိရဇံ၊ ကိလေသာ ဟူသော မြူလဲမရှိ။ (လောကဓံ အကောင်းတွေနဲ့ တွေ့ရပေမဲ့ နှစ်သက် သာယာတဲ့ ရာဂ ကိလေသာ မြူအညစ်အကြေး မလူးလဲဘဲ စိတ်ဟာ စင် ကြယ်နေတယ်၊ လောကဓံ အဆိုးတွေနဲ့ တွေ့ရပေမဲ့ စိတ်ပျက် စိတ်ဆိုးမှု သည်းမခံနိုင်မှု ဒေါသ ကိလေသာ အညစ်အကြေး မလူးလဲဘဲ စင်ကြယ်မြဲ စင်ကြယ် နေပါတယ်တဲ့၊ သိပ်ကောင်း တာဘဲ။) ခေမံ၊ ကြောက်ဖွယ် ဘေးရန်လဲမရှိ၊ (ကြောက်ဖွယ် လောကဓံ အဆိုးတွေနဲ့ တွေ့ရပေမဲ့ ကြောက်ရွံ့ခြင်း၊ ထိတ် လန့်ခြင်းမရှိဘူး၊ ဘေးရန်မရှိတဲ့ အခါလိုဘဲ စိတ်နှလုံးဟာ ကြည်လင်မြဲ ကြည်လင်နေပါတယ်တဲ့၊ ဒါလဲ သိပ်ကောင်းတာ ဘဲ။)တေံ၊ထိုစိတ်နှလုံးမတုန်လှုပ်ခြင်း၊မစိုးရိမ်ခြင်း၊ကိလေသာ မြူကင်းခြင်း၊ ဘေးရန်ကင်းခြင်းသည်၊ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ ကြီးပွားချမ်းသာကြောင်း မင်္ဂလာ မည်၏-တဲ့။

ဒါကတော့ မင်္ဂလာဟူသမျှထဲမှာ အကောင်းဆုံးမင်္ဂလာဘဲ။ ဒီမင်္ဂလာက ရဟန္တာ မှာမှ ကောင်းကောင်းကြီး ပြည့်စုံပါ တယ်၊ ဒီမင်္ဂလာနဲ့ ကောင်းကောင်းကြီး ပြည့်စုံနေတဲ့ ပုဂ္ဂိုလ် ဟာ ပရိနိဗ္ဗာန် မစံမီအတွင်းလဲ စိတ်တက်ကြွပြီး တုန်လှုပ်ခြင်း လဲမရှိဘူး၊ စိတ်ဆင်းရဲပြီး တုန်လှုပ်ခြင်းလဲ မရှိဘူး၊ စိုးရိမ် စရာတွေ ရှိပေမဲ့လဲ မစိုးရိမ်ဘူး၊ ဘေးရန် အန္တရာယ်တွေနဲ့ တွေ့ပေမဲ့လဲ ကြောက်လန့်ခြင်း မရှိဘူး၊ တစ္ဆေ မကြောက်တဲ့

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



သူကို တစ္ဆေချောက်သလို ရှိမှာပေါ့၊ ဒါကြောင့် စိတ်နှလုံး ဟာ ညစ်နွမ်းခြင်းမရှိဘဲ အမြဲဘမ်း စင်ကြယ်နေတယ်၊ အမြဲ တမ်း စိတ်ချမ်းသာနေတယ်၊ ပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာတော့ လောကဓံတရားတွေနဲ့လဲ မတွေ့ရတော့ဘူး၊ ကိုယ်ဆင်းရဲလဲမရှိ တော့ဘူး၊ ဘာဆင်းရဲမှ မရှိတော့ဘူး၊ အမြဲတမ်း အစဉ်ထာ ဝရ အေးငြိမ်းချမ်းသာသွားတော့တာဘဲ၊ ဒါကြောင့် ဒီမင်္ဂလာ ကို နောက်ဆုံး နိဂုံးချုပ်အနေနဲ့ ထားပြီး မြတ်စွာဘုရားက ဟောတော်မူခဲ့ပေတာဘဲ။

ယခု တရား အားထုတ် နေကြတာဟာလဲ ဒီမင်္ဂလာကို ရအောင်လို့ အားထုတ်နေကြတာဘဲ။ ယခုဒီမှာ ဒွါရ ၆-ပါး က ဖြစ်ခိုက်တရားတွေကို လိုက်ပြီး ရှုမှတ် နေတာနဲ့ ဒီမင်္ဂလာ တရားနဲ့ ဘယ်လိုဆိုင်သလဲဆိုယင်၊ ဖြစ်ခိုက်တရားတွေကို လိုက် ပြီး ရှုမှတ်နေတော့ မိမိတို့သန္တာန်ကရုပ်နာမ်တရားတွေကိုအမှန် အတိုင်း သိရတယ်။ ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲဘူး၊ ဆင်းရဲ အစုမျှဘဲ ဘာမှအားကိုးစရာမရှိဘူး၊ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ် သတ္တဝါရယ်လို့လဲ မရှိဘူး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောမျှဘဲ ဆိုတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်းသိရတယ်။ သူတပါး သန္တာန်က ရုပ်နာမ် တရားတွေကိုလဲ ဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောမျှဘဲလို့ အမှန်အတိုင်း သိရတယ်၊ ဒီလိုသိရ တဲ့အတွက် လောကဓံ တရားတွေနဲ့ တွေ့ရတဲ့ အခါ သည်းခံ နိုင်တယ်။

ဒီလို တရားနှလုံးသွင်းမှု၊ အားထုတ်မှု မရှိတဲ့သူတွေမှာတော့ ရုပ်ကိုယ်ကြီးရော၊ သိသိနေတဲ့ စိတ်ရော၊ ငယ်ငယ်ကတည်းက

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အမြဲတမ်း တည်နေတဲ့ ငါကောင်ဘဲလို့ ထင်မှတ် နေတယ်၊ ကောင်းတာတွေနဲ့ တွေ့တဲ့အခါ ငါဘဲ ကောင်းစားချမ်းသာ နေတယ်လို့ ဒီလိုလဲ ထင်မှတ်နေတယ်၊ မကောင်းတာတွေနဲ့တွေ့ တဲ့အခါ ငါဘဲဆင်းရဲနေတယ်လို့ ဒီလိုလဲ ထင်မှတ်နေတယ်။ စပ်ဆိုင်တဲ့ သက်ရှိသက်မဲ့ ဝတ္ထုဘွေကိုလဲ ငါ့ဟာ ငါ့ဟာလို့ ထင်မှတ် စွဲလမ်းနေတယ်၊ ဒါကြောင့် လောကဓံ အကောင်း တွေနဲ့ တွေ့ရတဲ့အခါမှာ ဝမ်းမြောက်ပြီး စိတ်ကတက်ကြွနေ တယ်၊ လောကဓံအဆိုးတွေနဲ့တွေ့ရတဲ့အခါမှာလဲ ဝမ်းနည်းပြီး စိတ်နှလုံးက ကျဆင်းနေတယ်၊ သည်းမခံနိုင်ဘူး၊ အဲဒီလိုတရား သိသူနဲ့ တရားမသိသူ ထူးခြားပုံကို ထင်ရှား သိရအောင် မြတ်စွာဘုရားက ဒီလိုဆက်လက်ပြီး မေးမြန်းဟောကြားတော် မူပါတယ်။

## မေးခွန်းတော်

အဿုတဝတော ဘိက္ခဝေ ပုထုဇ္ဇနဿ ဥပ္ပဇ္ဇတိ လာဘောပိ အလာဘောပိ ယသောပိ အယသောပိ နိန္ဒာပိ ပသံသာပိ သုခမ္ပိ ဒုက္ခမ္ပိ၊ သုတဝတောပိ ဘိက္ခဝေ အရိယသာဝကဿ ဥပ္ပဇ္ဇတိ လာဘောပိ အလာ ဘောပိ ယသောပိ အယသောပိ နိန္ဒာပိ ပသံသာပိ သုခမ္ပိ ဒုက္ခမ္ပိ၊ တတြ ဘိက္ခဝေ ကော ဝိသေသော ကော အဓိပ္ပါယော ကိံ နာနာကရဏံ သုတဝတော အရိယသာဝကဿ အဿုတဝတာ ပုထုဇ္ဇနေန။

ဘိက္ခဝေ၊ ရဟန်းတို့။ အဿုတဝတော၊ သုတ မရှိသော၊ ဒါ-အကြားအမြင်မရှိသော။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်ပုဂ္ဂိုလ်အား။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



လာဘောပိ၊ လာဘ်ရခြင်းသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေ၏၊ အလာဘောပိ၊ လာဘ် မရခြင်း သည်လည်း ဖြစ်ပေ၏၊ ယသောပိ၊ အခြွေအရံ များခြင်းသည်လည်း ဖြစ်ပေ၏။ အယသောပိ၊ အခြွေအရံ မဲ့ခြင်းသည်လည်း ဖြစ်ပေ၏၊ နိန္ဒာပိ၊အကဲ့ရဲ့ခံရခြင်းသည်လည်းဖြစ်ပေ၏။ပသံသာပိ အချီးမွမ်းခံရခြင်းလည်း ဖြစ်ပေ၏။ သုခမ္ပိ၊ ချမ်းသာလည်း ဖြစ်ပေ၏။ ဒုက္ခမ္ပိ၊ ဆင်းရဲလည်းဖြစ်ပေ၏။ဘိက္ခဝေ၊ရဟန်းတို့၊ သုတဝတောပိ အရိယသာဝကဿ၊ အကြားအမြင် ရှိသော အရိယာ သာဝကအားလည်း။ လာဘောပိ ဥပ္ပဇ္ဇတိ၊ လာဘ် ရခြင်းလည်း ဖြစ်ပေ၏။အလာဘောပိ၊ လာဘ်မရခြင်းလည်း ဖြစ်ပေ၏။ ယသောပိ၊အခြွေအရံများခြင်းလည်းဖြစ်ပေ၏။ အယသောပိ၊ အခြွေအရံ မဲ့ခြင်းလည်း ဖြစ်ပေ၏၊ နိန္ဒာပိ၊ အကဲ့ရဲ့ခံရခြင်းလည်းဖြစ်ပေ၏။ပသံသာပိ၊ အချီးမွမ်းခံရခြင်း လည်း ဖြစ်ပေ၏။ သုခမ္ပိ၊ ချမ်းသာလည်းဖြစ်ပေ၏။ ဒုက္ခမ္ပိ၊ ဆင်းရဲလည်း ဖြစ်ပေ၏။ ဘိက္ခဝေ၊ရဟန်းတို့။ တတြ၊ ထိုသို့ အကြားအမြင်ရှိသူမရှိသူ ၂-ဦးလုံးမှာလောကဓံတရားဖြစ်ပေါ်ရာ၌။ သုတဝတော အရိယသာဝကဿ၊ အကြားအမြင်ရှိသော အရိယာ သာဝက၏။ အဿုတဝတာ ပုထုဇ္ဇနေန၊ အကြား အမြင် မရှိသော ပုထုဇဉ်နှင့်။ ကော ဝိသေသော၊ အထူးကား အဘယ်ပါနည်း-အဘယ်သို့ ထူးခြားပါသနည်း။ ကော အဓိပ္ပာယော၊ ထူးကဲသော လုံ့လပယောဂကား အဘယ်ပါနည်း- လုံ့လပြုမှုအဘယ်သို့ထူးကဲပါသေးသနည်း။ ကိံ နာနာကရဏံ၊ အထူးပြုကြောင်း ကွဲပြားကြောင်းကား အဘယ်ပါနည်း- အဘယ်သို့ ကွဲပြားပါသနည်း-တဲ့။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အတိုချုပ် ဆိုလိုတာကတော့-အကြားအမြင်မရှိတဲ့ပုထုဇဉ်မှာလဲ လာဘ်ရခြင်း လာဘ်မရခြင်း အစရှိတဲ့ လောကဓံတရား ရှစ်ပါးလုံးဖြစ်ပေါ်တယ်၊ အကြားအမြင်ရှိတဲ့ အရိယာသာဝကမှာလဲ အဲဒီ လောကဓံတရား ရှစ်ပါးလုံး ဖြစ်ပေါ်တာဘဲ၊ ဒါကြောင့်လောကဓံတရားရှစ်ပါးလုံး ဖြစ်ပေါ်ပုံချင်းကတော့ အတူတူဘဲ၊ အဲဒီလို ဖြစ်ပေါ်ရာမှာ အကြားအမြင်မရှိတဲ့ သူနဲ့ ရှိတဲ့သူမှာ ဘာထူးသေးသလဲ-လို့ ဆိုလိုပါတယ်။

အဲဒီမှာ အကြားအမြင်ဆိုတဲ့ သုတ-က အာဂမသုတနဲ့ အဓိဂမသုတ-ရယ်လို့ ဒီလို ၂-မျိုးရှိတယ်။ အဲဒီ ၂-မျိုးထဲက အာဂမသုတဆိုတာ မြတ်စွာဘုရား ဟောထားတဲ့ တရားတွေကို ကြားနာ မှတ်သားထားဘူးတာကိုဘဲ ဆိုလိုပါတယ်။ ဒီသုတ်အရ ကြားနာ မှတ်သားထားဘူးတို့ လိုတာကတော့ လောကဓံတရားအကြောင်း၊ ဒီလောကဓံတရားတွေကို ဘယ်သူမှ မရှောင်နိုင်ဘဲ တွေ့ရမဲ့ ဖြစ်တဲ့ အကြောင်း၊ အနိစ္စတရား ဖြစ်တဲ့ အကြောင်း၊ မိမိရော သူတပါးရော ရုပ်နာမ် ၂-ပါး၊အနိစ္စ ဒုက္ခ အနတ္တသဘောမျှ ဖြစ်တဲ့အကြောင်း စသည်ကို ကြားနာ မှတ်သားထားဘူးတို့ လိုပါတယ်၊ အဲဒီလို ကြားနာမှတ်သားထားဘူးလို့ရှိယင် အာဂမသုတ ခေါ်တဲ့ အကြားနဲ့ ပြည့်စုံသည် မည်ပါတယ်၊ အဓိဂမ သုတ ဆိုတာကတော့ ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တ သဘောတွေ၊ သစ္စာ ၄-ပါး တရားတွေကို ဝိပဿနာဉာဏ် အရိယာ မဂ်ဉာဏ်ဖြင့် ကိုယ်တိုင်တွေ့ သိမြင်တာကို ဆိုလိုပါတယ်။ အဲဒီလို ကိုယ်တိုင်တွေ့ သိမြင်ယင် အဓိဂမသုတ ခေါ်တဲ့အမြင်နဲ့ ပြည့်စုံသည်မည်ပါတယ်။ အဲဒီ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အကြားအမြင် ၂-ပါးလုံးမရှိတဲ့သူနဲ့ ရှိတဲ့သူမှာ လောကဓံ ..တရား ရှစ်ပါးနဲ့ တွေ့ရတဲ့အခါ ဘယ်လို ထူးခြားသလဲ-လို့ မြတ်စွာ ဘုရားက မေးမြန်းတော် မူပါတယ်၊ အဲဒီတော့ ရဟန်းတော်များက ဒီလိုပြန်ကြား လျှောက်ထားကြပါတယ်။

## ရဟန်းတော်များက လျှောက်ထားကြပုံ

ဘဂဝံမူလကာ နော ဘန္တေ ဓမ္မာ ဘဂဝံနေတ္တိကာ
ဘဂဝံပဋိသရဏာ၊သာဓု ဝတ ဘန္တေ ဘဂဝန္တံ ယေဝ
ပဋိဘာတု ဧတဿ ဘာသိတဿ အတ္ထော၊ဘဂဝတော
သုတွာ ဘိက္ခူ ဓာရေဿန္တိ။

ဘန္တေ၊ မြတ်စွာဘုရား။ နော၊ အကျွန်ုပ်တို့၏။ ဓမ္မာ၊ သိရသော တရားတို့သည်။ ဘဂဝံမူလကာ၊ မြတ်စွာဘုရားလျှင် မူလရင်း ရှိကြပါသည်ဘုရား။ ဘဂဝံနေတ္တိကာ၊ မြတ်စွာဘုရား လျှင် အကြောင်းရင်း ကြပါသည်ဘုရား၊ ဘဂဝံပဋိသရဏာ၊ မြတ်စွာဘုရားလျှင် ကိုးကွယ်အားထားရာ ရှိကြပါသည်ဘုရား။ ဘန္တေ၊ မြတ်စွာဘုရား။ ဧတဿ ဘာသိတဿ အတ္ထော၊ မိန့်ဆို မေးမြန်းအပ်သော ထိုစကား၏ အနက်သည်။ ဘဂဝန္တံယေဝ၊ မြတ်စွာဘုရားအားသာလျှင်။ ပဋိဘာတု၊ ဟောရန်ဉာဏ်၌ထင် ပေါ်ပါစေ၊ ဝါ-ဉာဏ်ထင်ပေါ်၍ ဟောတော်မူ ပါလျှင်။ သာဓုဝတ၊ ကောင်းပါလိမ့်မည်အရှင်ဘုရား။ဘဂဝတော၊ မြတ်စွာ ဘုရား၏ စကားတော်ကို။ သုတွာ၊ကြားနာကုန်၍။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓာရေဿန္တိ၊ဆောင်ထားကြပါလိမ့်မည်အရှင် ဘုရား-တဲ့။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အတိုချုပ်ဆိုလိုတာကတော့ တပည့်တော်တို့ တရားတွေကို သိနားလည်ကြရတာဟာ မြတ်စွာဘုရားက ဟောလို့ သိရပါတယ်၊ တပည့်တော်တို့ သိရတဲ့တရားတွေဟာ မြတ်စွာဘုရားလျှင် အရင်းခံရှိပါတယ်၊ ဒါကြောင့် ယခုမေးတဲ့တရားရဲ့ အနက်အဓိပ္ပါယ်ကို မြတ်စွာဘုရားပင် ဖြေရှင်းဟောကြားတော်မူပါ၊ တပည့်တော်တို့ ရဟန်းတွေကတော့ မြတ်စွာဘုရား တရားစကားတော်ကို ကြားနာမှတ်သားပြီး ဆောင်ထားကြပါမည် ဘုရား-လို့ လျှောက်ကြပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ဒီလို ဖြေရှင်းဟောကြားတော်မူတယ်။

## မြတ်စွာဘုရား ဖြေရှင်းချက်

အဿုတဝတော ဘိက္ခဝေ ပုထုဇ္ဇနဿ ဥပ္ပဇ္ဇတိ လာဘော၊ သော န ဣတိ ပဋိသဉ္စိက္ခတိ ဥပ္ပန္နော ခေါ မေ အယံ လာဘော၊ သော စ ခေါ အနိစ္စော ဒုက္ခော ဝိပရိဏာမဓမ္မော တိ ၊ ယထာဘူတံ နပ္ပဇာနာတိ၊

ဘိက္ခဝေ၊ ရဟန်းတို့။ အဿုတဝတော ပုထုဇ္ဇနဿ၊ အကြားအမြင်မရှိသော ပုထုဇဉ် ပုဂ္ဂိုလ်အား။ လာဘော၊ လာဘ်ရမှုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏၊ သော ထိုလာဘ်ရသော ပုထုဇဉ် ပုဂ္ဂိုလ်သည်။ န ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ မဆင်ခြင် မစဉ်းစားမိ။ မေ ငါ့အား။ လာဘော၊ လာဘ်ရခြင်းသည်။ ဥပ္ပန္နော၊ ဖြစ်ပေါ်လာခဲ့ပြီ။ သော စ ခေါ လာဘော၊ ထိုလာဘ်ရခြင်းသည် လည်း။ အနိစ္စော၊ မမြဲသောတရားပါတကား။ ဒုက္ခော၊ ဆင်းရဲ ပါတကား။ ဝိပရိဏာမဓမ္မော တိ၊ ပြောင်းလဲ ပေါက်ပြန်ခြင်း

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



**သဘောရှိသော တရားပါတကားဟူ၍။ ယထာဘူတံ၊ ဟုတ်တိုင်း မှန်စွာ။ နပ္ပဇာနာတိ၊ မသိဘဲရှိလေတော့၏။**

ဆိုလိုတာကတော့-အကြားအမြင်မရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်မှာ လာဘ်ရခြင်းဆိုတဲ့ လောကဓံတရားနဲ့ တွေ့ရတယ် ဆိုပါတော့၊ ဒါကလဲတွေ့ရခဲတာ မဟုတ်ပါဘူး၊ ကံအကျိုးပေးကောင်းနေတဲ့သူတွေမှာ နေ့စဉ်လိုလိုဘဲ တွေ့နေကြရတာတွေပါ။ ငွေငွေ ဥစ္စာဆန်ရေစပါး စားစရာသုံးစရာ အသုံးအဆောင် ပစ္စည်းအမျိုးမျိုး ဆင်မြင်းကျွဲနွား ယဉ်ရထား အိမ်လယ်ယာစသည့် ဒီလိုဟာတွေကို ရအောင်ရှာလဲရှာနေကြတယ်၊ တိုက်သည်အား လျော်စွာ ရလဲရနေကြတယ်။ ပင်ပင်ပန်းပန်း အားမထုတ်ရဘဲနဲ့ အလွယ်တကူ ရတာလဲရှိတယ်၊ ပင်ပင်ပန်းပန်းအားထုတ်ပြီးမှ ရတာလဲရှိတယ်၊ အရောင်းအဝယ် စက်ရုံအလုပ်ရုံကြီးတွေနဲ့ အောင်မြင် ထမြောက်ပြီး ရတာလဲ ရှိတယ်။ အဲဒီလို ဝင်ငွေ ကောင်းပြီး လာဘ်ရတဲ့အခါမှာ အကြားအမြင် မရှိတဲ့သူက ဒီလိုမစဉ်းစားမိ မဆင်ခြင်မိဘူးတဲ့၊ စဉ်းစားဆင်ခြင်ပုံကတော့ ငွေတွေ ရွှေတွေ အစရှိတဲ့ အသုံးအဆောင်တွေ ဒီပစ္စည်းတွေကို ယခုငါရလာတယ်၊ ဒါဟာ-လာဘ-လာဘ်ရခြင်းဆိုတဲ့ လောကဓံတရားဘဲ၊ ဒီရလာတဲ့ ပစ္စည်းတွေဟာ အမြဲတည်နေကြမှာ မဟုတ်ဘူး၊ သုံးစွဲလို့လဲ ကုန်သွားနိုင်တယ်၊ ရေ မီးမင်း ခိုးသူစသော ရန်သူမျိုးငါးပါးကြောင့်လဲ ပျက်စီးသွားနိုင်တယ်၊ အလုပ်အကိုင် အဆင်မပြေလို့လဲ ကုန်ဆုံး သွားနိုင်တယ်၊ ဒါကြောင့် မမြဲတဲ့ အနိစ္စတရားတွေဘဲ၊ နောက်ပြီးတော့ ဒီရုပ်ပစ္စည်းတွေဟာ ခဏမစဲဖြစ်ပျက်နေလို့လဲ မမြဲတဲ့ အနိစ္စတရား

WWW.DHAMMARANSI.COM



တွေဘဲ၊ ဒီပစ္စည်းတွေရဲ့ပိုင်ရှင်လို့ဆိုရတဲ့ မိမိသန္တာန်က ရုပ်နာမ် တရားတွေလဲ မမြဲတဲ့အနိစ္စတရားတွေဘဲ–လို့ဒီလိုလဲသူက မစဉ်းစားမဆင်ခြင်မိဘူး။ နောက်ပြီးတော့ မမြဲတဲ့အတွက် နှစ်သက်သာယာဘွယ်မရှိတဲ့ ဆင်းရဲတွေ မကောင်းတာတွေဘဲ၊ ရလာတဲ့ ဒီပစ္စည်းတွေ အကြောင်းပြုပြီး ဆင်းရဲဒုက္ခ ရောက်နိုင်တဲ့ အတွက်လဲ ဆင်းရဲတွေဘဲ–လို့ ဒီလိုလဲ သူကမစဉ်းစားမဆင်ခြင်မိဘူး။ နောက်ပြီးတော့ ရလာတဲ့ဒီပစ္စည်းတွေဟာ မတည်မမြဲ ပြောင်းလဲတတ်တဲ့ သဘောရှိတယ်၊ ယခုကိုယ့်ဟာ ဖြစ်နေပေမယ်လို့တော်တော်ကြာယင်သူများဟာလဲဖြစ်သွားနိုင်တယ်–လို့ ဒီလိုလဲ သူက မစဉ်းစားမဆင်ခြင်မိဘူး။ အကြားအမြင် မရှိတဲ့ အတွက် အဲဒီလို ဆင်ခြင်ရမှန်းတောင်သူကမသိဘူး၊ ဟုတ်တယ်၊ ဗုဒ္ဓသာသနာ မထွန်းကားတဲ့ အရပ်ဒေသမှာ ဆိုယင် ဒီလို တရားကို ကြားတောင် မကြားဘူးကြဘူး၊ ဗုဒ္ဓသာသနာ ထွန်းကားနေတဲ့ ဒီဗမာပြည်မှာတောင် တချို့က မကြားဘူး ရှာကြဘူး၊ မကြားဘူးလို့မသိတော့ မဆင်ခြင်တတ်ဘူးပေါ့၊ မဆင်ခြင်တော့ အဲဒီလာဘ်လာဘနဲ့ စပ်ပြီး သိသင့်သိထိုက်တဲ့ အမှန်တရားတွေကို မသိရဘဲ ဖြစ်နေပါတယ်။

ထို့အတူဘဲ အလာဘ–လာဘ်မရခြင်းဆိုတဲ့ လောကဓံနဲ့ တွေ့ရတဲ့အခါမှာလဲ အဲဒီ လာဘ်မရတာရယ် ရပြီးသားတွေ ပျက်စီးဆုံးရှုံးသွားတာရယ်–အဲဒါတွေနဲ့ စပ်ပြီးတော့ မမြဲတဲ့ သဘော ဆင်းရဲသဘောပြောင်းလဲဖေါက်ပြန်တတ်တဲ့သဘော တွေကို မဆင်ခြင်မိဘူး။မဆင်ခြင်တဲ့အတွက် အမှန်တရားတွေကို မသိဘဲ ဖြစ်နေပါတယ်။ အဲဒီလိုမသိတော့ ဘယ်လိုဖြစ်တတ်

[(တတိယအကြိမ်)]

WWW.DHAMMARANSI.COM



သလဲဆိုယင်-အဲဒါကို မြတ်စွာဘုရားက ဒီလို ဆက်ပြီးဟော တော်မူပါတယ်။

တဿ၊ ထိုသို့သဘောမှန်ကို မသိသော ပုထုဇဉ် ပုဂ္ဂိုလ်၏။ စိတ္တံ၊ ကြည်လင် ကောင်းမြတ်သော စိတ်ကို။ လာဘောပိ၊ လာဘ်ရခြင်းကလဲ။ ပရိယာဒါယ၊ အကြွင်းမဲ့ယူ၍။ ဝါ-ကုန် ပျောက်စေ၍။တိဋ္ဌတိ၊တည်၏။အလာဘောပိ စိတ္တံပရိယာဒါယ တိဋ္ဌတိ၊လာဘ်မရခြင်းကလည်း ကောင်းတဲ့စိတ်ကိုကုန်ပျောက် စေ၍ တည်၏-တဲ့။

လာဘ်ရတာကိုရော ရလာတဲ့ ပစ္စည်းတွေကိုရော မမြဲ ဆင်းရဲ ပြောင်းလဲဖောက်ပြန်တတ်တဲ့ တရားဘဲလို့ မဆင်ခြင် မိလို့ အမှန်အတိုင်း မသိတဲ့သူမှာ အဲဒီလိုချည်း အမြဲတမ်းရနေ လိမ့်မယ်လို့လဲမြော်လင့်နေတတ်တယ်။ အဲဒီရလာတဲ့ပစ္စည်းတွေ ကိုလဲ ကိုယ်တဦးတည်းပိုင်အနေနဲ့ အမြဲတည်နေလိမ့်မယ်လို့လဲ အဆင်ရောက်ပြီးဝမ်းမြောက်တက်ကြွတဲ့စိတ်တွေချည်းစဉ်းစား မိတိုင်းဖြစ်နေတတ်တယ်၊ဒါကြောင့် အဲဒီလိုအချိန်အခါတွေမှာ ကြည်လင် ကောင်းမြတ်တဲ့ ကုသိုလ်စိတ်ဟာ ဖြစ်ခွင့် မရဘဲ ရှိနေတယ်၊တရားနာဘို့ တရားအားထုတ်ဖို့ တိုက်တွန်းယင် အလုပ်ကိစ္စတွေကများနေလို့ မအားသေးဘူးလို့ဘောင် အဲဒီလို ပုဂ္ဂိုလ်က ပြောတတ်သေးတယ်၊ အဲဒါဟာ ကောင်းမြတ်တဲ့ စိတ်တွေ ဖြစ်ရမည့်အစား လာဘ်လာဘနဲ့ စပ်တဲ့ စိတ်က သူချည်းနေရာယူပြီးတည်နေတာပါဘဲ။တနည်းအားဖြင့်ဆိုယင် အဲဒီ စိတ်ကောင်းတွေ ဖြစ်ခွင့်မရအောင် ကုန်ပျောက်အောင် လုပ်ပြီး သူက တည်နေတာပါဘဲ။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အဲဒီလိုပုဂ္ဂိုလ်မှာ လာဘ်မရယင်လဲ သည်းမခံနိုင်ဘူး၊ရပြီး သွားပစ္စည်းတွေ ဆုံးပါးသွားယင်လဲ သည်းမခံနိုင်ဘူး။သူများ တွေတော့ရကြတယ်။ ငါတော့ မရဘူးလို့ ဒီလို စဉ်းစားပြီး တော့လဲစိတ်ပျက်ဝမ်းနည်းနေတတ်တယ်၊ ငါ့ဥစ္စာတွေကုန်ပါပြီ ဖြစ်မှဖြစ်ရလေခြင်း စသည်ဖြင့် စဉ်းစားပြီးတော့လဲ စိတ်ပျက် ဝမ်းနည်းနေတတ်တယ်။ အဲဒီလို စိတ်ပျက် ဝမ်းနည်းနေယင်လဲ ကောင်းမြတ်တဲ့ ကုသိုလ်စိတ်တွေ ဖြစ်ခွင့်မရဘဲ အဲဒီမရတာနဲ့ ဆုံးပါးတာတွေကို ထပ်တလဲလဲ စဉ်းစားပြီး အချိန်ကုန်နေ တတ်တယ်။

အဲဒီလို လာဘ်ရယင်လဲ ဝမ်းသာနေတာ၊ လာဘ်မရပြန် တော့ဝမ်းနည်းနေတာတွေဟာလာဘ်လာဘပစ္စည်းဥစ္စာတွေနဲ့ လိုက်လျောပြီး အမြတ်တနိုး မက်မောနေတာ၊ ပစ္စည်းဥစ္စာ ဆုံးပါး တာနဲ့ ဆန့်ကျင်ပြီး စိတ်ပျက် နေတာတွေ ပါဘဲ။ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုဆက်ပြီးဟောပြန်ပါတယ်။

သော၊ ထိုသို့ရယင်ဝမ်းသာ, မရယင် ဝမ်းနည်းနေသော ပုဂ္ဂိုလ်သည်။ဥပ္ပန္နံလာဘံ၊ ဖြစ်ပေါ်လာသော လာဘ်လာဘ ပစ္စည်းဥစ္စာကို၊ အနုရုဇ္ဈတိ၊လိုက်လျောနှစ်သက်ကာ သာယာ မြတ်နိုးလျက်ရှိ၏။ အလာဘေ၊မရခြင်း ဆုံးပါးပျက်စီးခြင်း၌။ ပဋိဝိရုဇ္ဈတိ၊ဝမ်းနည်းစိတ်ပျက် ဆန့်ကျင်လျက်ရှိ၏။ (ရတာကို တော့ နှစ်သက်သဘောကျအားရနေတယ်၊မရတာဆုံးပါးတာ ကိုတော့ အမျက်ထွက်ပြီး စိတ်ပျက်နေတယ်၊ ဖြစ်မှဖြစ်ရလေ ခြင်း ဖြစ်မှဖြစ်ရလေခြင်းနဲ့ အဖန်ဖန်အထပ်ထပ် ခလုတ်တိုက် သလို ဆန့်ကျင် ထိခိုက်နေတယ်။)

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## ဆင်းရဲမှ မလွတ်

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အနုရောဓ-ဝိရောဓသမာပန္နော၊ ရယင်နှစ်သက် မရယင် ဆုံးပါးယင် စိတ်ပျက်ဆန့်ကျင်ခြင်းသို့ ရောက်နေသော။ သော၊ ထိုသို့သော ပုထုဇ္ဇဉ် ပုဂ္ဂိုလ်သည်။ န ပရိမုစ္စတိ ဇာတိယာ၊ ဘဝအသစ်ဖြစ်ခြင်းမှမလွတ်။ ဇရာယ မရဏေန၊ အိုခြင်း၊ သေခြင်းမှမလွတ်။ သောကေဟိပရိဒေဝေဟိ၊ စိုးရိမ် ပူဆွေးရခြင်း၊ ငိုကြွေးရခြင်းတို့မှ မလွတ်။ ဒုက္ခေဟိ ဒေါမနဿေဟိ၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်းတို့မှ မလွတ်။ ဥပါယာသေဟိ၊ စိတ်နှလုံး၏ပြင်းစွာ ပူပန်ရခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်။ န ပရိမုစ္စတိ ဒုက္ခသ္မာတိ၊ ဆင်းရဲဟူသမျှမှ မလွတ်ဟူ၍။ ဝဒါမိ၊ ငါဘုရား ကေန် ဟောဆို၏-တဲ့။

ဒီပါဠိအနက်ကတော့ ထင်ရှားနေပါပြီ။ ပစ္စည်းဥစ္စာရတဲ့အခါ နှစ်သက်ဝမ်းမြောက်နေတယ်၊မရတဲ့အခါ ရပြီးဥစ္စာတွေ ဆုံးပါးပျက်စီးသွားတဲ့အခါ စိတ်ပျက်ဝမ်းနည်းနေတယ်ဆိုတဲ့ ပုဂ္ဂိုလ်မှာ ကုသိုလ်ဖြစ်ဖို့အချိန်မှ မရှိတော့ဘဲ၊ နှစ်သက် ဝမ်းမြောက်တဲ့အခါ လောဘတွေ မပြတ်ဖြစ်နေတယ်။ စိတ်ပျက်ဝမ်းနည်းနေတဲ့အခါ ဒေါသတွေ မပြတ်ဖြစ်နေတယ်၊ လောဘဒေါသတွေနဲ့သာ အချိန်ကုန်နေတယ်၊ သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်စေနိုင်တဲ့ ဘာဝနာကုသိုလ်ကို ပွားစေဖို့ အချိန်အခွင့်ကို သူ့မှာ မရနိုင်ဘူး၊ သံသရာဝဋ်ဆင်းရဲက ဘယ်လိုနည်းနဲ့ လွတ်မလဲ၊ မလွတ်နိုင်ဘူးပေါ့။ ဒါကြောင့် မြတ်စွာဘုရားက ဘဝအသစ်ဖြစ်ခြင်း အိုခြင်းသေခြင်း စသော ဆင်းရဲအပေါင်းမှ မလွတ်နိုင်ဘူးလို့ ဟောတော်မူတာဘဲ။ အဲဒီထဲမှာ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM


စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း • စိတ်နှလုံးမသာခြင်း စိတ်၏ပြင်းစွာ ပူပန်ခြင်းဆိုတဲ့ ဆင်းရဲတွေကတော့ လာဘ် မရခြင်း.. ဆုံးပါးခြင်းနဲ့စပ်ပြီး စိတ်ပျက်တဲ့သူမှာ ယခု မျက်မှောက်မှာဘဲ တွေ့နေရပါတယ်၊ သူကကို သဘောကျလို့ လက်ခံယူနေတာနဲ့ တူနေပါတယ်၊ လာဘ်မရတာ ပျက်စီးဆုံးပါးတာကို နှလုံး မသွင်းဘဲ လစ်လျူရှုထား လိုက်မယ်ဆိုယင် သက်သာစရာ အကြောင်းရှိပါတယ်။ နောက်ပြီးတော့ ရလာတဲ့ပစ္စည်းတွေကို စောင့်ရှောက်ရလို့ဖြစ်တဲ့ ကိုယ်ဆင်းရဲ၊ ဆုံးပါးသွားရတဲ့ပစ္စည်းတွေနဲ့စပ်ပြီးတော့ မအိပ်နိုင် မစားနိုင်ဖြစ်ပြီး ခံစားရတဲ့ ကိုယ်ဆင်းရဲဆိုတာတွေကိုလဲမျက်မှောက်မှာဘဲ တွေ့ရတတ်သေးတယ်၊ အဲဒီဆင်းရဲတွေမှလဲ ခုနက ပြောခဲ့တဲ့အတိုင်း လစ်လျူရှုထားလိုက်ရင် လွတ်မြောက်စရာ အကြောင်းရှိပါတယ်။

ယခုပြောခဲ့တာဟာ လာဘ်ရခြင်း-လာဘ်မရခြင်း ဆိုတဲ့ လောကဓံတရားပဌမတစုံနဲ့စပ်ပြီး အကြားအမြင်မရှိတဲ့ ပုထုဇဉ် ပုဂ္ဂိုလ်မှာ မျက်မှောက်ဘဝ၌ ဆင်းရဲတွေ့ရပုံ၊ သံသရာဆင်းရဲတွေမှ မလွတ်ပုံကိုပြဆိုတဲ့ စကားတွေ ဖြစ်ပါတယ်။ ကျန်တဲ့ လောကဓံတရား၃-စုံနဲ့စပ်ပြီးတော့ ဆင်းရဲတွေ့ရပုံ၊ ဆင်းရဲမှ မလွတ်ပုံတွေကိုလဲ နည်းတူဘဲ သိနိုင်ပါတယ်။ ယခုအကျဉ်းချုပ် လောက်ပဲ ပြောသွားမယ်။

## ယသနဲ့ အယသ

အကြားအမြင်မရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ အခြွေအရံနဲ့ပြည့်စုံတဲ့အခါ နှစ်သက်အားရသဘောကျပြီး ဝမ်းမြောက်ပျော်ရွှင်နေတယ်၊ အိမ်ထောင်ဘက် ရတဲ့အခါ သားသမီး ရတဲ့အခါ

(တဘိယအကြိမ်)

WWW.DHAMMARANSI.COM



တပည့် ပရိသတ်တွေ ရတဲ့အခါ–အဲဒီလို အခါမျိုးမှာ အားရဝမ်းမြောက် နေတတ်တယ်၊ အဲဒီအခြေအရံတွေနဲ့ အမြဲတမ်းအတူနေရမည့် အနေမျိုး အထင် ရောက်နေတတ်တယ်၊ အနိစ္စဒုက္ခ ဝိပရိဏာမဓမ္မ–ဆိုတာကို သူက မဆင်ခြင်မိဘူး၊ ဆင်ခြင်ရမှန်းလဲ အများအားဖြင့် မသိဘူးတဲ့၊ သိတဲ့သူကလဲ နိမိတ်မကောင်းဘူးဆိုပြီး မဆင်ခြင်ဘူး။ အဲဒီလိုပုဂ္ဂိုလ်မှာ သားသမီးလင်မယား စသည်နှင့် ရှင်ကွဲဖြစ်စေ၊ သေကွဲဖြစ်စေ တခြားစီကွဲရတဲ့အခါ အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်တတ်တယ်၊ ပဋ္ဌာစာရာတို့လို စိတ်ဖောက်ပြန်သည် အထိလဲ ဒုက္ခရောက်တတ်တယ်၊ သေသည်အထိလဲ ဒုက္ခရောက်တတ်တယ်၊ အဲဒီလိုပုဂ္ဂိုလ်မှာ ကုသိုလ်စိတ်ဖြစ်ခွင့်မရဘဲ နှစ်သက်ဝမ်းမြောက်တဲ့ လောဘစိတ်တွေ၊စိတ်ပျက်ဝမ်းနည်းတဲ့ ဒေါသစိတ်တွေချည်း ထပ်တလဲလဲ မပြတ်ဖြစ်နေတတ်တယ်၊ ဒါကြောင့် ဘဝအသစ် ဖြစ်ခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း အစရှိသော ဆင်းရဲတွေမှ မလွတ်နိုင်ဘူး။

## နိဗ္ဗာန်နဲ့ ပသံသာ

အချီးမွမ်းခံရတဲ့ အခါလဲ အတိုင်းမသိ ဝမ်းမြောက်တတ်တယ်၊ အကဲ့ရဲ့ခံရတဲ့အခါလဲ မနေသာအောင် စိတ်ညစ်စိတ်ပျက်နေတတ်တယ်၊ အဲဒီ ချီးမွမ်းမှု ကဲ့ရဲ့မှုကို "ခေတ္တခဏဘဲ,မမြဲဘူး" လို့လဲ မဆင်ခြင်မိဘူး၊ အဲဒီ ချီးမွမ်းမှု ကဲ့ရဲ့မှုနဲ့စပ်ပြီး စဉ်းစားနေတဲ့ စိတ်ကိုလဲ "မမြဲဘူး ဆင်းရဲမျှဘဲ ပြောင်းလဲဖောက်ပြန်တတ်တဲ့သဘောဘဲ" လို့ ဒီလိုလဲမဆင်ခြင်မိဘူး။ အချီးမွမ်းခံရတဲ့

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အခါ နှစ်သက် သဘောကျတဲ့ လောဘစိတ်တွေ မပြတ်ဖြစ်နေတယ်၊ အကဲ့ရဲ့ခံရတဲ့အခါ စိတ်ညစ်စိတ်ပျက်တဲ့ ဒေါသစိတ်တွေ မပြတ်ဖြစ်နေတယ်၊ ကုသိုလ်စိတ်ဖြစ်ခွင့်ကိုမရနိုင်ဘူး။ ဒါကြောင့် အဲဒီလိုပုဂ္ဂိုလ်လဲ ဘဝအသစ်ဖြစ်ခြင်း, အိုခြင်း,သေခြင်း အစ ရှိသော ဆင်းရဲတွေမှ မလွတ်နိုင်ဘူး။

## သုခနဲ့ ဒုက္ခ

ကိုယ်အလိုရှိတာတွေကို ရပြီးတော့ အလိုရှိတိုင်း သုံးဆောင် ခံစားရတဲ့အခါ ကိုယ့်ရော စိတ်ပါ ချမ်းသာနေတယ်၊ အဲဒီလို ချမ်းသာ နေတဲ့အခါ အလွန် နှစ်သက် အားရသဘောကျပြီး ဝမ်းမြောက်နေတတ်တယ်၊ အဲဒီချမ်းသာကို "မမြဲဘူး၊ ဆင်းရဲ ဒုက္ခရောက်စေတတ်လို့ဆင်းရဲဘဲ" လို့လဲမဆင်ခြင်မိဘူး၊ "နောက် တချိန်မှာပြောင်းလဲဖောက်ပြန်သွားနိုင်တယ်၊လုံးဝမရှိတော့ဘဲ ကွယ်ပျောက် ပျက်စီးသွားနိုင်တယ်" လို့လဲ မဆင်ခြင်မိဘူး။ ဒီချမ်းသာဆိုတဲ့လောကဓံတရားကတော့လောကအနေနဲ့ဆိုယင် တကယ့်ကို နှစ်သက် သာယာစရာပေဘဲ၊ ယခုလူတွေ လှုပ်လှုပ် ရွရွနဲ့ နေ့ရော ညဉ့်ပါ ရှာကြံအားထုတ်နေကြရတာဟာ ဒီချမ်း သာကို ရဘို့အတွက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် တချိန်က တာဝတိံသာ နတ်ပြည်ရောက်ခါစ နတ်သား တယောက်က နန္ဒဝန် ဥယျာဉ်ထဲ ပျော်ပွဲခံနေရင်း သူရော အခြား နတ်တွေ ရော ပျော်ပွဲခံနေကြတာကို အကြောင်းပြုပြီးတော့ "န တေ သုခံ ပဇာနန္တိ၊ ယေန ပဿန္တိ နန္ဒနံ-နန္ဒဝန် ဥယျာဉ်ကို မတွေ့ မမြင်ဘူးသေးယင် ချမ်းသာကိုမသိသေးဘူး၊ ချမ်းသာရာ ဌာန

(တတိယအကြိမ်)

WWW.DHAMMARANSI.COM


ဘူး မသိသေးဘူး''လို့တောင် အားရဝမ်းသာ ပြောဘူးပါသေးတယ်။ အဲဒီလို ချမ်းသာ သုခကို အထင်ကြီးနေတဲ့သူဟာ ဒုက္ခနဲ့ တွေ့ရတဲ့ အခါကျတော့ နေမထိ ထိုင်မသာ အကြီးအကျယ် ဆင်းရဲရတယ်၊ အဲဒီလိုဆင်းရဲကိုလဲ''မမြဲတဲ့ အနိစ္စတရား'' လို့လဲ မဆင်ခြင်နိုင်ဘူး၊ ''ဖြစ်မှုပျက်မှုက နှိပ်စက်နေတဲ့ သင်္ခါရ ဒုက္ခတရား''လို့လဲ မဆင်ခြင်နိုင်ဘူး။ ''ပြောင်းလဲဖောက်ပြန်တတ်တဲ့ တရား''လို့လဲ မဆင်ခြင်နိုင်ဘူး၊ ''ငါဘဲ ဆင်းရဲနေရတယ်''လို့ ဒီလိုသာ ထင်မှတ်စွဲလမ်းနေတတ်တယ်။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်မှာ ချမ်းသာနဲ့ တွေ့ရတော့ နှစ်သက် သာယာတဲ့ လောဘစိတ်တွေ မပြတ်ဖြစ်နေတယ်၊ ဆင်းရဲနဲ့ တွေ့ရတော့ စိတ်ပျက်တဲ့ ဒေါသစိတ်တွေ မပြတ်ဖြစ်နေတယ်၊ကုသိုလ်စိတ် ဖြစ်ခွင့်မရဘူး။ ဒါကြောင့် ဒီလို ပုဂ္ဂိုလ်ဟာ ဘဝအသစ် ဖြစ်ခြင်း,အိုခြင်း, သေခြင်း အစရှိသော သံသရာ ဝဋ္ဋဆင်းရဲမှ မလွတ်မြောက်နိုင်ဘူး။

ယခုပြောခဲ့တာဟာ အကြားအမြင်မရှိတဲ့သူမှာ လောကဓံနဲ့ တွေ့ရတဲ့အခါ အမှန်အတိုင်း မဆင်ခြင်တတ်လို့ သည်းမခံနိုင်ပုံ၊ ကုသိုလ်ဖြစ်ခွင့်မရပုံ၊ သံသရာဝဋ္ဋဆင်းရဲမှ မလွတ်မြောက်နိုင်ပုံတွေပါဘဲ။ အကြားအမြင်ရှိတဲ့ ဘုရားတပည့် အရိယာသာဝကမှာတော့ အဲဒီလောကဓံတရားတွေကို အမှန်အတိုင်းဆင်ခြင်ပြီး သည်းခံနိုင်ပါတယ်၊ ဒါကြောင့် ကုသိုလ်ဖြစ်ခွင့်ရပြီး သံသရာ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်နိုင်ပါတယ်။အဲဒါကိုမြတ်စွာဘုရားက ဒီလိုဆက်ပြီး ဟောကြားတော်မူပါတယ်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## သုတရှိသူ၏ ထူးခြားသော ဂုဏ်

သုတဝတော စ ခေါ ဘိက္ခဝေ အရိယသာဝကဿ ဥပ္ပဇ္ဇတိ လာဘော၊ သော ဣတိ ပဋိသဉ္စိက္ခတိ-"ဥပ္ပန္နော ခေါ မေ အယံ လာဘော၊ သော စ ခေါ အနိစ္စော ဒုက္ခော ဝိပရိဏာမ ဓမ္မော"တိ ယထာဘူတံ ပဇာနာတိ ဥပ္ပဇ္ဇတိ အလာဘော။

ဘိက္ခဝေ၊ ရဟန်းတို့။ သုတဝတော စ ခေါ အရိယသာဝကဿ အကြားအမြင်ရှိသောဘုရားတပည့်အရိယာသာဝကအား မူကား။ လာဘော၊ လာဘ်ရခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဝါ-ဖြစ်ပေါ်လာငြားအံ့။သော၊ထိုအရိယာသာဝကသည်။ ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ဆင်ခြင်၏။ အယံ လာဘော၊ ဤ လာဘ်ရခြင်းသည်။ မေ၊ ငါ့အား။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ သော စ ခေါ၊ ထို လာဘ်ရခြင်းသည်ကား။ အနိစ္စော၊ မမြဲ။ ဒုက္ခော၊ ဆင်းရဲတည်း။ ဝိပရိဏာမဓမ္မောတိ၊ ပြောင်းလဲဖောက်ပြန်ခြင်းသဘောရှိ၏ ဟူ၍။ ယထာဘူတံ၊ ဟုတ်တိုင်း မှန်စွာ။ ပဇာနာတိ၊ သိပေ၏။ ဥပ္ပဇ္ဇတိ အလာဘော၊ လာဘ်မရခြင်း ဖြစ်လျှင်လည်း ထို့အတူ ဆင်ခြင်၍ ဟုတ်တိုင်းမှန်စွာသိပေ၏။

ဆိုလိုတာကတော့-အကြား အမြင်နှင့် ပြည့်စုံတဲ့ အရိယာ သာဝကမှာတော့ လာဘ်ရခြင်း ဖြစ်ပေါ်လာယင် အဲဒါကို ဆင်ခြင်ပြီး အမှန်အတိုင်းသိပါတယ်၊ လာဘ်မရခြင်းဖြစ်ပေါ် လာယင်လဲ အမှန်အတိုင်းသိပါတယ်၊ ဒီကစပြီး အကြားအမြင် မရှိတဲ့ ပုထုဇဉ်နဲ့ထူးခြားသွားပါတယ်၊အဲဒီမှာ အကြားအမြင် ဆိုတာက ခုနက ရှေးပိုင်းကပြောခဲ့တဲ့ အာဂမသုတ အဓိဂမ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM


သုတဆိုတာတွေပါဘဲ။ အရိယာ ပုဂ္ဂိုလ်တွေဆိုတော့ ဘုရားဟောတရားတွေကို ကြားနာမှတ်သားဘူးတဲ့ အာဂမသုတနဲ့လဲ ပြည့်စုံနေကြတာချည်းဘဲ၊ ရုပ် နာမ် သဘောတွေ အနိစ္စဒုက္ခ အနတ္တသဘောတွေ သစ္စာ ၄-ပါးတရားတွေကိုကိုယ်တိုင်တွေ့ သိမြင်တဲ့ အဓိဂမသုတနဲ့လဲပြည့်စုံနေကြတာချည်းဘဲ၊ကလျာဏ ပုထုဇဉ်မှာတောင်မှ ကြားနာဘူးတဲ့အာဂမသုတနဲ့လဲ ပြည့်စုံနေတာဘဲ၊ ဝိပဿနာတရားကို စံနစ်တကျ အားထုတ်ဘူးတဲ့သူဆိုယင် ရုပ်နာမ်သဘော အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို ကိုယ်တိုင်တွေ့အားဖြင့်သိတန်သလောက်တော့ သိပြီးဖြစ်နေတဲ့အတွက် အဓိဂမသုတနဲ့လဲ ပြည့်စုံနေတယ်လို့ ဆိုရတာပါဘဲ။ ဒါကြောင့် ဒီသုတ်မှာ အရိယာသာဝက ဆိုတာ ကလျာဏ ပုထုဇဉ်ကစပြီး ယူရပါတယ်။ နောက်ပြီးတော့ ဘုရားဟောတရားကို ကြားနာမှတ်သားဘူးရုံမျှဖြစ်တဲ့ ဘုရားတပည့်ကိုလဲ ယူသင့်ပါတယ်။

## ရတာ မရတာနဲ့စပ်၍ ဆင်ခြင်ပုံ

ဒါကြောင့် အဲဒီလို ဘုရားတပည့်ဖြစ်တဲ့သူဟာလာဘ်လာဘ ရလာယင် အဲဒီလာဘ်ရတာလဲ မမြဲဘူး၊ အမြဲတမ်း ဒီလိုချည်း ရနေမှာမဟုတ်ဘူး၊ ရလာတဲ့ ပစ္စည်းဥစ္စာတွေလဲ မမြဲဘူး-လို့ ဒီလိုလဲ ဆင်ခြင်ရပါတယ်၊ နောက်ပြီးတော့ အဲဒီရတာနဲ့ ရလာတာတွေကို ဒုက္ခ-ဆင်းရဲတွေဘဲ-လို့လဲ ဆင်ခြင်ရပါတယ်။ ဒီနေရာမှာ ဆင်းရဲဆိုတာက အခံရခက်တဲ့ ဒုက္ခဝေဒနာကိုပြောတာ မဟုတ်ဘူး။ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခ ပရိယာယဒုက္ခ မျိုးကို ပြောတာပါ။ သင်္ခါရ ဒုက္ခဆိုတာ ဖြစ်ပြီး ပျက်သွားတတ်လို့

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



မမြဲတဲ့အတွက် နှစ်သက်ဖွယ် အားကိုးဘွယ် မရှိသောကြောင့် မကောင်းတာကိုဘဲ ဆိုလိုပါတယ်။ လာဘ်ရတာရော ရလာတဲ့ ပစ္စည်းရော ဖြစ်ပြီးပျက်သွားတတ်လို့ မမြဲတာချည်းဘဲ၊ မမြဲတဲ့ အတွက်နှစ်သက်ဖွယ်အားကိုးဘွယ်မရှိလို့ မကောင်းတာချည်း ဘဲ၊ဒါကြောင့် ဒုက္ခ-ဆင်းရဲလို့ ဆိုရပါတယ်။ ဝိပရိဏာမ ဒုက္ခ ဆိုတာကတော့ တမျိုးတမည် ပြောင်းလဲ ဖေါက်ပြန်သွားတဲ့ အခါ ဆင်းရဲဒုက္ခရောက်စေတတ်တာကိုဆိုလိုပါတယ်။ဒီလာဘ် ရတာကလဲ ရနေကျမရယင်၊ ရပြီးသားတွေ ပျက်စီးသွားယင် ဆင်းရဲဒုက္ခ ရောက်စေတတ်ပါတယ်၊ ဒါကြောင့်လာဘ်ရတာနဲ့ ရလာတဲ့ဥစ္စာကို ဒုက္ခ-ဆင်းရဲ-လို့ဆိုရပါတယ်၊ မကောင်းတဲ့ ဟာလို့ ဆိုလိုပါတယ်။ ပရိယာယဒုက္ခ ဆိုတာကတော့ ဆင်းရဲ ဒုက္ခ ရောက်စေတတ်တဲ့ အကြောင်းဖြစ်တာကိုဆိုပါတယ်၊အဲဒါ ကတော့ ခုနကပြောတဲ့ ဝိပရိဏာမဒုက္ခထဲမှ အတွင်းဝင်သွား ပါပြီ။ ဒါကြောင့် ရတာနဲ့ရလာတဲ့ ဥစ္စာတွေကို ဒုက္ခ-ဆင်းရဲ တွေ မကောင်းတာတွေလို့လဲ ဆင်ခြင်ရပါတယ်။ နောက်ပြီး တော့ အဲဒါတွေကို ပြောင်းလဲဖေါက်ပြန်တတ်တဲ့ ဟာတွေဘဲ။ ယခုရနေပေမဲ့နောက်ကျတော့ ဒီလိုမရဘဲလဲ ဖြစ်နိုင်ပါတယ်၊ ယခုကိုယ့်ဟာ ဟုတ်နေပေမယ်လို့ တော်တော်ကြာယင် ကိုယ့် ဟာမဟုတ်ပဲလဲဖြစ်သွားနိုင်တယ်လို့ ဒီလိုလဲ ဆင်ခြင်ရပါတယ်။ နောက်ပြီးတော့ လာဘ်ရတဲ့ ပိုင်ရှင်လို့ဆိုရတဲ့ မိမိသန္တာန်က ရုပ်နာမ် တရားတွေကိုလဲ အနိစ္စ-ဒုက္ခ-ဝိပရိဏာမဓမ္မတွေဘဲ-လို့ ဒီလိုလဲ ဆင်ခြင်ရပါတယ်။အဲဒါဟာ အမှန်အတိုင်းဆင်ခြင်ပြီး သိပုံပါဘဲ။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အဲဒီလို ရစဉ်ကတည်းက ဆင်ခြင်တဲ့သူမှာ လာဘ်ရခြင်းနဲ့ စပ်ပြီးတော့ အလွန်အကျွံ ဝမ်းမြောက်တက်ကြွခြင်း မရှိဘူး၊ ဒါကြောင့် နှစ်သက်သာယာတဲ့ လောဘစိတ်က ကောင်းမြတ်တဲ့စိတ်ကို လွှမ်းမိုးပြီး မဖြစ်နိုင်ဘူး။ အဲဒီလို မဖြစ်နိုင်ပုံကို မြတ်စွာဘုရားက-

တဿစိတ္တံ၊ ထိုသို့ဆင်ခြင်၍ အမှန်အတိုင်း သိသောသူ၏ စိတ်ကို။ လာဘောပိ၊ လာဘ်ရခြင်းကလဲ။ န ပရိယာဒါယ တိဋ္ဌတိ၊ ကုန်ပျောက်စေ၍ မတည်ပေ-လို့ ဟောတော်မူပါတယ်။

နောက်ပြီးတော့ အဲဒီလိုဆင်ခြင်တဲ့သူမှာ လာဘ်မရှိလို့လဲ စိတ်မပျက် စိတ်မညစ်ဘူး၊ "လာဘ်ရခြင်းဆိုတာ မြဲတဲ့သဘော မဟုတ်ဘူးလို့ ငါဆင်ခြင်ထားတဲ့အတိုင်း ယခု အကြောင်းမညီညွတ်လို့ မရတာဘဲ"လို့ နှလုံးသွင်းပြီးသည်းခံနိုင်တယ်။ နောက်ပြီးတော့ ရပြီးသားပစ္စည်းတွေ ရေ-မီး-မင်း-ခိုးသူ စသော ရန်သူမျိုးငါးပါးကြောင့် ပျက်စီးဆုံးရှုံးသွားရင်လဲ အလွန်အကျွံ စိတ်ပျက်ခြင်း ဝမ်းနည်းခြင်းမဖြစ်ရဘူး၊ အယင်က ငါ ဆင်ခြင်ထားတဲ့အတိုင်း မမြဲတာတွေမို့ ပျက်တတ်တာတွေမို့ ပျက်စီးသွားတာဘဲ-လို့ဆင်ခြင်ပြီးသည်းခံနိုင်တယ်။ နောက်ပြီးတော့ အဲဒီလိုလာဘ်မရတာ ပျက်စီးသွားတာတွေကိုလဲ "ဒီလိုချည်းဘဲ အမြဲတမ်းမဟုတ်ဘူး။ အကြောင်း ညီညွတ်တဲ့အခါ ကုသိုလ်ကံက အကျိုးပေးတဲ့အခါ ရဦးမှာဘဲ၊ မွေးခါစက ဘာမှ မပါခဲ့ဘူး၊ အဝတ်တောင် မပါခဲ့ဘူး။ ဒါပေမဲ့ ယခုတော့ အဲဒါနှင့် နှိုင်းစာကြည့်ယင် ရထားတာတွေအများကြီး ရှိသေး

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



တာဘဲ''လို့ ဒီလိုလဲ ဆင်ခြင်ရတယ်။ နောက်ပြီးတော့ ''ယခု ပျက်စီးသွားတာတွေဟာ ဘိင်္ဂနမမွ ဘိင်္ဂတိ-ပျက်တတ်တဲ့ တရားမို့ပျက်သည်-လို့ဆိုတဲ့အတိုင်း သူတို့ကိုက ပျက်တတ်တဲ့ တရားတွေမို့ ပျက်စီးဆုံးပါးသွားတာဘဲ''လို့ ဒီလိုလဲ ဆင်ခြင် ရတယ်။

ဟုတ်တယ်၊ ကွဲတတ်တဲ့မြေအိုးဟာ လွတ်ကျယင် ကွဲတာဘဲ၊ မကွဲတတ်တဲ့သံအိုး သတ္တုအိုးဆိုယင် လွတ်ကျပေမယ်လို့ မကွဲ ပါဘူး။ ဒါကြောင့် တစုံတရာလွတ်ကျလို့ ကွဲပျက်သွားယင် ပျက်တတ်လို့ပျက်သွားတာဘဲ-လို့ ဒီလို အသင့် အတင့် နှလုံး သွင်းပြီး ဖြေဖျောက်ရတယ်။ ဒါပေမဲ့ လူငယ် သူငယ်များ ကြောင့် တစုံတခု ကွဲပျက်သွားယင် လူကြီးတွေက မာန်မဲတတ် ခြိမ်းခြောက်တတ်ကြ သေးတယ်၊ အဲဒါဟာ ယောနိသော မနသိကာရ လွတ်သွားတာပါဘဲ။ အမှန်ကတော့ အဲဒီလိုမာန်မဲ ပေမယ်လို့ ကွဲပျက်သွားတဲ့ ပစ္စည်းကတော့ ပြန်ပြီးမကောင်း နိုင်တော့ပါဘူး၊အဲဒါလိုဘဲ ပျက်စီးဆုံးပါးသွားတဲ့ပစ္စည်းတွေ ဟာ စိတ်ပျက်ဝမ်းနည်းနေပေမယ်လို့ ပြန်ရမှာတော့ မဟုတ် ဘူး။ ဒါကြောင့်''ပျက်စီးတတ်တဲ့ဥစ္စာမို့ ပျက်စီးသွားတယ်၊ မမြဲတဲ့သဘောဘဲ၊ဒုက္ခ-ဆင်းရဲသဘော-မကောင်းတဲ့ သဘော ဘဲ၊ ဝိပရိဏာမဓမ္မ-ပြောင်းလဲ ဖေါက်ပြန်တတ်တဲ့သဘောဘဲ'' လို့ ဒီလိုသာယောနိသောမနသိကာရနဲ့အသင့်အတင့် နှလုံးသွင်း ဆင်ခြင်ရတယ်။

အဲဒီလို နှလုံးသွင်း ဆင်ခြင်ယင် လာဘ်မရတာ စီးပွား ဥစ္စာ ပျက်စီးတာနဲ့စပ်ပြီးတော့ စိတ်ညစ်မှု စိတ်ပျက်မှု ဝမ်း

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



နည်းမှု အလွန်အကျွံမဖြစ်ပဲသက်သာရာရနိုင်ပါတယ်၊ ပုထုဇဉ်မှာလဲသက်သာရာရပြီး သည်းခံနိုင်တတ်ပါတယ်၊ သောတာပန်သကဒါဂါမ်ဆိုယင်တော့ သာပြီးသည်းခံနိုင်ပါတယ်၊ အနာဂါမ် ရဟန္တာမှာတော့ အဲဒီ လာဘ်မရခြင်း ဆုံးပါးခြင်းနဲ့စပ်ပြီး စိတ်မချမ်းမသာမှု ဆိုတာ လုံးဝကို မဖြစ်နိုင်ပါဘူး။ အဲဒါဟာ အလာဘ-လာဘ်မရခြင်းဆိုတဲ့ လောကဓံတရားက မနှိပ်စက်နိုင်တာပါဘဲ။ အဲဒီလိုဖြစ်ပုံကို မြတ်စွာဘုရားက-

အလာဘောပိ၊ လာဘ်မရခြင်းကလဲ။ စိတ္တံ၊ ကောင်းတဲ့စိတ်ကို။ န ပရိယာဒါယ တိဋ္ဌတိ၊ကုန်စေ၍ မတည်ပါဘူး-လို့ဟောတော်မူပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း လာဘ်ရခြင်း လာဘ်မရခြင်းဆိုတာတွေကိုဆင်ခြင်ပြီး အမှန်အတိုင်း စိတ်ကိုထိန်းနိုင်တဲ့ ပုဂ္ဂိုလ်မှာကောင်းမြတ်တဲ့စိတ်တွေကို အလိုရှိတိုင်း ဖြစ်ပွားစေနိုင်တယ်။ ဒွါရ၆-ပါးက ဖြစ်တိုင်းသော ရုပ်နာမ်တရားတွေကို မပြတ်ရှုပြီး အမှန်အတိုင်းသိနိုင်တယ်။ လာဘ်ရမှုနဲ့ စပ်တဲ့စိတ် ဖြစ်ပေါ်လာယင် အဲဒီစိတ်ကို ရှုပြီး ပယ်နိုင်တယ်။ ဒါကြောင့်လာဘ်ရတာကို လိုက်လျောပြီး နှစ်သက်မြတ်နိုးတဲ့ စိတ်တွေမဖြစ်ရဘူး၊ ဖြစ်ယင်လဲ ကြာရှည်စွာ မဖြစ်ရဘူး၊ ရှုမိတာနဲ့ငြိမ်းပျောက်သွားတယ်။ လာဘ်မရမှုနဲ့စပ်ပြီး စိတ်ဖြစ်ပေါ်လာယင်လဲ အဲဒီစိတ်ကို ရှုပြီးပယ်နိုင်တယ်။ ဒါကြောင့် လာဘ်မရမှုနှင့်ဆန့်ကျင်ပြီး စိတ်ပျက်ခြင်း ဝမ်းနည်းခြင်းတွေ မဖြစ်ရဘူး၊ ဖြစ်ယင်လဲ ကြာရှည်စွာ မဖြစ်ရဘူး၊ ရှုမိတာနဲ့ ငြိမ်းပျောက်သွားတယ်။ ဒါကြောင့်မြတ်စွာဘုရားက ဒီလိုဆက်ပြီးဟောပြန်ပါတယ်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



**သော၊** ထိုသို့ရယင်လဲ ဝမ်းမသာ, မရယင်လဲ **ဝမ်းမနည်း** **သော** ပုဂ္ဂိုလ်သည်။ ဥပ္ပန္နံလာဘံ ၊ဖြစ်ပေါ်လာသော လာဘ် လာဘပစ္စည်းဥစ္စာကို။ န အနုရုဇ္ဈတိ၊ လိုက်လျောနှစ်သက်ကာ သာယာမြတ်နိုးလျက်မနေ၊အလာဘေ၊မရခြင်း ဆုံးပါးပျက်စီး ခြင်း၌။ နပဋိဝိရုဇ္ဈတိ၊ ဝမ်းနည်းစိတ်ပျက် ဆန့်ကျင်လျက် မနေ။

ရတာနဲ့စပ်ပြီးတော့လဲ နှစ်သက်ဝမ်းမြောက်မနေဘူး၊ မရ တာနဲ့စပ်ပြီးတော့လဲ စိတ်ပျက်ဝမ်းနည်းမနေဘူး၊ ကိုယ့်အလုပ် ကိုသာ လုပ်နေတယ်။ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ဆိုယင် ဒွါရ၆-ပါး က ဖြစ်ပေါ်လာသမျှကို အနိစ္စ-ဒုက္ခ-အနတ္တထင်အောင်မပြတ် ရှုပြီးတော့သာ နေတယ်-လို့ ဆိုလိုပါတယ်။

## ဆင်းရဲမှ လွတ်မြောက်သည်

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။အနုရောဓ-ဝိရောဓ-ဝိပ္ပဟီနော၊ လိုက်လျော နှစ်သက်ခြင်း စိတ်ပျက်ဆန့်ကျင်ခြင်းကို ပယ်ပြီး သော။ သော၊ ထိုသို့သော ဘုရား တပည့်သည်၊ ပရိမုစ္စတိ ဇာတိယာ၊ ဘဝအသစ်ဖြစ်ခြင်းမှ လွတ်မြောက်၏။ဇရာယ မရ ဏေန၊ အိုခြင်း သေခြင်းမှ လွတ်မြောက်၏။

ခုနက ပြောခဲ့တဲ့အတိုင်း လာဘ် ရတာနောက် လိုက်ပြီး တော့လဲ နှစ်သက်ဝမ်းမြောက်မနေဘဲ၊ လာဘ်မရတာနဲ့လဲဆန့် ကျင်ပြီး စိတ်ပျက်ဝမ်းနည်းမနေဘဲ ရှုသင့်တဲ့ ရုပ်နာမ်တရားကို မပြတ်ရှုနေတဲ့အတွက်အနိစ္စ-ဒုက္ခ-အနတ္တသဘောတွေကို အမှန် အတိုင်း သိပြီးတော့ အရိယာ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက် မှောက်တွေ့မြင်သွားတယ်။ အဲဒီလိုတွေ့မြင်တဲ့အခါ ဘဝ အသစ်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဖြစ်ခြင်း အိုခြင်းသေခြင်းမှ လွတ်မြောက်သွားတယ်၊ မဂ်ဉာဏ် ၄-ပါးထဲက သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်လျှင် အပါယ်ဘဝတွေ ခုနစ်ဘဝထက် အလွန်ဖြစ်ရမည့် ဘဝတွေ အကုန်ငြိမ်းတယ်၊ ဒါကြောင့် အဲဒီဘဝတွေနဲ့ ဆိုင်တဲ့ ဘဝ အသစ် ဖြစ်ရခြင်း အိုရခြင်း သေရခြင်းတွေမှ လွတ်မြောက် သွားတယ်။ သကဒါဂါမိမဂ်ဖြင့် ၂-ဘဝထက်အလွန်ဖြစ်ရမည့် ဘဝတွေငြိမ်းတယ်၊ ဒါကြောင့် သကဒါဂါမ်မှာ၂-ဘဝထက် အလွန်ဖြစ်ရမည့်ဘဝတွေနဲ့ဆိုင်တဲ့ ဇာတိဇရာမရဏတွေမှ လွတ် မြောက်သွားတယ်။ အနာဂါမိမဂ်ဖြင့် တဘဝထက်အလွန်ဖြစ်ရ မည့်ဘဝတွေငြိမ်းတယ်။ ဒါကြောင့်အနာဂါမ်မှာ တဘဝထက် အလွန်ဖြစ်ရမည့် ဘဝတွေနဲ့ဆိုင်တဲ့ ဇာတိဇရာ မရဏတွေမှ လွတ်မြောက်သွားတယ်။ရဟန္တာမှာတော့ ဘဝအသစ်ဖြစ်ခြင်း လုံးဝမရှိတော့ဘူး၊ ဒါကြောင့်ဇာတိ ဇရာ မရဏ အလုံးစုံမှ အပြီးအငြိမ်း လွတ်မြောက်သွားတယ်။ အဲဒီလို လွတ်မြောက် သွားတယ်-လို့ ဆိုလိုပါတယ်။

နောက်ပြီးတော့-သောကေဟိ ပရိဒေဝေဟိ၊ စိုးရိမ်ပူဆွေး ရခြင်းငိုကြွေးရခြင်းတို့မှ။ ပရိမုစ္စတိ၊လွတ်မြောက်၏။ ဒုက္ခေဟိ ဒေါမနဿေဟိ၊ဆင်းရဲခြင်း နှလုံးမသာခြင်းတို့မှ လွတ်မြောက် ၏။ဥပါယာသေဟိ၊ စိတ်နှလုံး၏ပြင်းစွာပူပန်ရခြင်းတို့မှ လွတ် မြောက်၏။ပရိမုစ္စတိ ဒုက္ခသ္မာတိ၊ဆင်းရဲဟူသမျှမှလွတ်မြောက် သည်ဟူ၍။ဝဒါမိ၊ ငါဘုရားဧကန်ဟောဆို၏-လို့လဲဟောတော် မူပါတယ်။

[၄] (တတိယအကြိမ်)

WWW.DHAMMARANSI.COM



အဲဒီစိုးရိမ်ခြင်း စသည်မှ လွတ်မြောက်တဲ့ အကျိုးတွေက ယခု မျက်မှောက်ဘဝကတည်းကစပြီး ရနိုင်ပါတယ်။ ဘယ်လိုလဲဆိုယင်-လာဘ်ရခြင်း-မရခြင်းများကို အနိစ္စ၊ ဒုက္ခ-ဝိပရိဏာမဓမ္မတွေဘဲလို့ဆင်ခြင်ပြီး သဘောကျထားယင် အဲဒီ လာဘ်ရခြင်းစသည်နှင့်စပ်ပြီးစိုးရိမ်ခြင်းစသည်မဖြစ်ရဘူး။ အထူးအားဖြင့် ရပြီးသားပစ္စည်းတွေ ပျက်စီးဆုံးပါးသွားတဲ့ အခါမျိုးမှာ ဖြစ်မှုဖြစ်ရလေခြင်းလို့ ကြံတွေးပြီး စိုးရိမ်ပူဆွေးခြင်းလဲ မဖြစ်ရဘူး၊ နှလုံးမသာခြင်းလဲ မဖြစ်ရဘူး၊ စိတ်နှလုံး၏ ပြင်းစွာပူပန်ခြင်းလဲ မဖြစ်ရဘူး၊ ငါဆင်ခြင်ထားတဲ့အတိုင်း မမြဲတာတွေ ပြောင်းလဲ ဖောက်ပြန်တတ်တာတွေ ပျက်စီးတတ်တာတွေမို့ ဖောက်ပြန်ပျက်စီးသွားတာဘဲ-စသည်ဖြင့်နှလုံးသွင်းပြီးသည်းခံနိုင်တယ်၊ ဒါကြောင့် ငိုကြွေး မြည်တမ်းခြင်းနှင့် အအိပ်ပျက် အစားပျက်စသည်ဖြင့် ကိုယ်ဆင်းရဲတွေလဲ မဖြစ်ရဘူး။ နှလုံးမသာဖြစ်ဖို့ ကြံတွေးတဲ့ စိတ်ကလေး ဖြစ်ပေါ်လာယင် အဲဒီစိတ်ကို ရှုမှတ်ပြီး ပယ်လိုက်တာနဲ့ ငြိမ်းသွားတယ်၊ အကယ်၍ နှလုံးမသာတဲ့စိတ်ဖြစ်လာတောင် အဲဒီစိတ်ကို ရှုမှတ်ပြီး ပယ်လိုက်တာနဲ့ ငြိမ်းသွားတယ်။ ဒါကြောင့် စိုးရိမ်ပူဆွေးခြင်း အစရှိသော ဆင်းရဲတွေမှ ယခု မျက်မှောက်မှာလဲ လွတ်မြောက်နေတတ်ပါတယ်၊ လုံးဝမလွတ်မြောက်သေးတောင် သက်သာရာတော့ အများကြီးရနေတတ်ပါတယ်။ ဒီလို လွတ်မြောက်နိုင်တာကို ရည်ပြီးတော့ မဟာသတိပဋ္ဌာနသုတ်မှာလဲ-

**သောကကင်းရေး အကောင်းဆုံးနည်း**

အယံ မဂ္ဂေါ၊ ကာယဝေဒနာ စိတ္တဓမ္မတို့ကို အမှတ်ရမှု-သတိပဋ္ဌာန်၄-ပါးဟူသော ဤလမ်းခရီးသည်။ သောကပရိ-

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဒေဝါနံ သမတိက္ကမာယ၊ စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် အလို့ငှါ။ ဧကာယနော မဂ္ဂေါ၊ တကြောင်းတည်းသောလမ်း တခုတည်းသော လမ်းပါပေတည်း။ ဒုက္ခ-ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့၏ ချုပ်ငြိမ်း ကွယ်ပျောက်ရန် အလို့ငှာ။ ဧကာယနော မဂ္ဂေါ၊ တကြောင်းတည်းသောလမ်း တခုတည်းသောလမ်း ပါပေတည်း-လို့ ဟောထားပါတယ်။

ဒါကြောင့်အမှတ်ရမှု-သတိတရားနဲ့ ရှုမှတ်နေတဲ့ အလုပ်ဟာ သောကကင်းဝေး နေနိုင်ရေးဆိုတဲ့ နည်းတွေထဲမှာ အကောင်းဆုံးနည်းပါဘဲ။ဒီလိုရှုမှတ်နေခြင်းဖြင့် နောက်ဆုံးမှာ အရဟတ္တမဂ်ဖိုလ်ရောက်ပြီးဆင်းရဲဟူသမျှမှ လုံးဝလွတ်မြောက်သွားနိုင်ပါတယ်၊ ဒါကြောင့် "ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ-ဆင်းရဲဟူသမျှမှ လွတ်မြောက်သည်ဟု ငါဘုရားကေန် ဟောတော်မူတယ်"လို့မြတ်စွာဘုရားက ဝန်ခံတော်မူပါတယ်။

ယခုပြောလာခဲ့တာဟာ လာဘ်ရခြင်း-လာဘ်မရခြင်းဆိုတဲ့ လောကဓံတရား ပဌမ တစုံနဲ့စပ်ပြီး အကြား အမြင်ရှိတဲ့ ဘုရားတပည့်မှာ အမှန်အတိုင်း ဆင်ခြင်ပြီး ဆင်းရဲဟူသမျှမှ လွတ်မြောက်သည်အထိ အကျိုးရသွားပုံကို ပြဆိုတဲ့စကားတွေဖြစ်ပါတယ်၊ ကျန်တဲ့ လောကဓံတရား ၃-စုံနဲ့ စပ်ပြီးတော့ ဆင်ခြင်ပုံ အကျိုးရပုံတွေကိုလဲ နည်းတူဘဲသိနိုင်ပါတယ်။ ယခု အကျဉ်းချုပ်လောက်ပဲ ပြောသွားမယ်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## အခြေအရံ ရှိ မရှိနဲ့ စပ်၍ ဆင်ခြင်ပုံ

အကြားအမြင်ရှိတဲ့ ဘုရားတပည့်ဟာ အခြေအရံနဲ့ ပြည့်စုံတဲ့အခါလဲ အဲဒီ အခြေအရံနဲ့စပ်ပြီး "မမြဲဘူး၊ ဒီလိုချည်း ပြည့်စုံနေမှာ မဟုတ်ဘူး၊ အခြေအရံကိုအကြောင်းပြုပြီးဆင်းရဲဒုက္ခ ရောက်နိုင်တဲ့အတွက် ဒုက္ခ-ဆင်းရဲတဲ၊ တမျိုး တမည် ပြောင်းလဲ ဖောက်ပြန်သွားနိုင်တယ်"စသည်ဖြင့် ဆင်ခြင်ရပါတယ်။ကိုယ့်အခြေအရံနဲ့ကိုယ် စောစောကတည်းက တခြားစီလဲခွဲပြီးကြည့်ထားရတယ်၊လင်-မယား သားသမီး-တပည့် ပရိသတ်တွေနဲ့ ခွဲပြီး ဆင်ခြင်ကြည့်ရတယ်၊ မင်္ဂလာ မရှိဘူးလို့ မအောက်မေ့နဲ့၊ဒါကမင်္ဂလာတဲ။ အဲဒီလို စောစောကတည်းက ခွဲကြည့်ထားတဲ့သူမှာ အကြောင်းမညီညွတ်လို့ တကွဲတပြားဖြစ်ကြရလို့ရှိယင် သည်းခံနိုင်တယ်၊ သက်သာရာရတယ်၊ အခြေအရံမဲ့တဲ့အခါလဲအဲဒါကို အနိစ္စစသည်ဖြင့် ဆင်ခြင်ရတယ်၊ ဒီလိုချည်း အခြေအရံမဲ့နေမှာ မဟုတ်ဘူး၊ အကြောင်းညီညွတ်တဲ့အခါ အခြေအရံတွေကို ရဦးမှာဘဲ၊ အခြေအရံ ရှိယင် အခြေအရံကို အကြောင်းပြုပြီး ဆင်းရဲဒုက္ခ ရောက်ရတာလဲ ရှိတယ်၊ အခြေအရံမရှိတော့အဲဒီလိုဆင်းရဲဒုက္ခ မရောက်နိုင်ဘူး၊ တကိုယ်တည်းနေရယင် လွတ်လပ်ပြီး ချမ်းသာတယ် စသည်ဖြင့် သင့်လျော်အောင် ဆင်ခြင်ရတယ်။ အဲဒီလိုဆင်ခြင်နိုင်တဲ့ သူမှာ အခြေအရံရှိခြင်း မရှိခြင်းနဲ့စပ်ပြီး နှစ်သက်ဝမ်းမြောက်ခြင်း၊ စိတ်ပျက် ဝမ်းနည်းခြင်းတွေ အလွန်အကျွံ မဖြစ်ရဘူး။ ဒါကြောင့်အဲဒီအခြေအရံရှိခြင်း, မရှိခြင်းကကောင်းတဲ့စိတ်ကို မလွှမ်းမိုးနိုင်ဘူး၊ဘာဝနာကုသိုလ်စိတ်တွေဖြစ်ခွင့်ရတယ်၊ အဲဒီ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



လို့ဖြစ်ခွင့်ရတဲ့အတွက် ဒွါရ ၆-ပါးကဖြစ်တိုင်းသော ရုပ်-နာမ်တွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်မြင်အောင် ရှုပြီး ဆင်းရဲဒုက္ခဟူသမျှမှ လွတ်မြောက်သွားနိုင်ပါတယ်။

## ကဲ့ရဲ့ချီးမွမ်းနဲ့ စပ်၍ ဆင်ခြင်ပုံ

အချီးမွမ်းခံရတဲ့အခါလဲ "ချီးမွမ်းတယ်ဆိုတာ မြဲတာမဟုတ်ဘူး၊ တော်တော်ကြာယင်ယခုချီးမွမ်းနေတဲ့သူတွေကဘဲကဲ့ရဲ့ချင်ကဲ့ရဲ့မှာဘဲ၊ အချီးမွမ်းခံရတဲ့ ငါ ဆိုတာလဲ ရုပ်နာမ် မျှဘဲ၊ အနိစ္စ-ဒုက္ခ-ဝိပရိဏာမ ဓမ္မသဘောမျှဘဲ" စသည်ဖြင့် ဆင်ခြင်ရတယ်။ အဲဒီလိုဆင်ခြင်ယင် အလွန် အကျွံ တက်ကြွ ဝမ်းမြောက်ခြင်း မဖြစ်ဘူး။ နောင်တချိန်မှာ အကဲ့ရဲ့ ခံရပေမဲ့ သည်းခံနိုင်တယ်။အကဲ့ရဲ့ခံရတဲ့ အခါလဲ "ကဲ့ရဲ့ခြင်းဆိုတာ အမြဲဘည်နေတာမဟုတ်ဘူး၊ တော်တော်ကြာယင် မေ့ပျောက်သွားမှာဘဲ၊ယခုကဲ့ရဲ့နေတဲ့သူတွေကပေမဲ့နောင်တချိန်မှာ ချီးမွမ်းချင်ချီးမွမ်းမှာဘဲ၊ ကဲ့ရဲ့ခံရတဲ့ ငါ ဆိုတာကလဲ ရုပ်နာမ်မျှဘဲ။အနိစ္စဒုက္ခဝိပရိဏာမဓမ္မ သဘောမျှဘဲ၊ကိုယ့်မှာအပြစ်မရှိယင် အများကကဲ့ရဲ့ပေမဲ့ ဘာမျှအကျိုးမယုတ်နိုင် မနစ်နာနိုင်ဘူး၊ အပြစ်ကင်းဘို့ကသာ အရေးကြီးတယ်" စသည်ဖြင့် ဆင်ခြင်ရတယ်။ အဲဒီလို ဆင်ခြင်ယင် အကဲ့ရဲ့ခံရတဲ့အတွက် အလွန်အကျွံ စိတ်ပျက် ဝမ်းနည်းခြင်း မဖြစ်ဘူး၊ ဒါကြောင့် ကောင်းမြတ်တဲ့ဘာဝနာ ကုသိုလ်တွေကို ဖြစ်ပွားစေနိုင်တယ်၊ အနိစ္စ-ဒုက္ခအနတ္တ သဘောတွေ ထင်မြင်အောင် ရှုပြီး ဆင်းရဲ ဟူသမျှမှ လွတ်မြောက်သွားနိုင်ပါတယ်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## ချမ်းသာ–ဆင်းရဲနဲ့ စပ်၍ ဆင်ခြင်ပုံ

အလိုရှိတာတွေကို ရပြီး အလိုရှိတိုင်း သုံးဆောင် နေရလို့ ချမ်းသာနေတဲ့အခါ အဲဒီချမ်းသာကို "ဒီလိုချည်း အမြဲတမ်း ချမ်းသာနေမှာမဟုတ်ဘူး၊ အကြောင်းမညီညွတ်တဲ့အခါ ဒီချမ်းသာတွေ အကုန်ပျောက်ပြီး ဆင်းရဲဒုက္ခလဲရောက်လာနိုင်တယ်၊ ယခု ကျန်းမာ ချမ်းသာနေပေမယ်လို့ တော်တော်ကြာယင် မကျန်းမမာဖြစ်ပြီး ဆင်းရဲဒုက္ခ ရောက်လာနိုင်တယ်၊ ချမ်းသာသုခဆိုတာကလဲ အနိစ္စ–ဒုက္ခ-ဝိပရိဏာမဓမ္မဘဲ၊ ချမ်းသာနေတဲ့ ငါ ဆိုတာကလဲ အနိစ္စ–ဒုက္ခ–အနတ္တ ရုပ်နာမ် သဘောမျှဘဲ၊ ချမ်းသာဆိုတာ သူရှိနေတုန်း ကောင်းပေမဲ့ သူမရှိတဲ့ အခါကျတော့ မနေသာ မထိုင်သာ ဖြစ်အောင် ဆင်းရဲစေတတ်တဲ့ သဘောဘဲ" စသည်ဖြင့် ဆင်ခြင်ရတယ်။ အဲဒီလို ဆင်ခြင်ထားယင် အဲဒီချမ်းသာပျောက်သွားလို့ ဆင်းရဲနဲ့ တွေ့ရတဲ့ အခါလဲ သည်းခံနိုင်တယ်၊ စိတ်ဆင်းရဲမှုသက်သာတယ်။ နောက်ပြီးတော့ အကြောင်း မညီညွတ်လို့ ဆင်းရဲဒုက္ခ ရောက်နေတဲ့ အခါလဲ ဒီလိုဆင်ခြင်ရတယ်၊ "ဒီဆင်းရဲကို ဒီလိုချည်းအမြဲတမ်းတွေ့နေမှာမဟုတ်ဘူး၊ ကုသိုလ်က အကျိုးပေးလို့ အကြောင်းညီညွတ်တဲ့ အခါ ချမ်းသာကိုလဲ တွေ့ရဦးမှာဘဲ၊ ဒီဘဝမှာ မချမ်းသာတောင်နောင်ဘဝတွေကျတော့ ချမ်းသာသွားမှာဘဲ၊ ဒီဆင်းရဲဒုက္ခဟာလဲ အနိစ္စ–ဒုက္ခ–ဝိပရိဏာမဓမ္မဘဲ၊ ယခု ငါပြုထားတဲ့ ကုသိုလ်တွေကြောင့် ယခုဘဝတွင်လဲ မကြာမီအတွင်း တမျိုးတမည် ပြောင်းလဲပြီး ကောင်းစား ချမ်းသာသွားနိုင်တယ်" စသည်ဖြင့်ဆင်ခြင်ရတယ်။ ဒီလိုဆင်ခြင်နေယင် ကိုယ်ဆင်းရဲကို

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



တွေ့နေရပေမဲ့စိတ်ဆင်းရဲအဖြစ်သက်သာနိုင်ပါတယ်။ ဖြစ်ပေါ်လာယင်လဲ အဲဒီစိတ်ဆင်းရဲကိုရှုစိုက်ပြီး ရှုမှတ်ရတယ်၊ သမာဓိဉာဏ်အား ကောင်းနေတဲ့အခါဆိုယင် တချက်နှစ်ချက်လောက်ရှုမှတ်ရုံနဲ့ အဲဒီစိတ်ဆင်းရဲဟာ ပျောက်ပြီး ချမ်းသာသွားနိုင်ပါတယ်။

## အင်မတန်ကောင်းတဲ့ ဆေးနည်း

သူတပါး၏ပယောဂကြောင့်ဖြစ်စေ၊ရောဂါကြောင့်ဖြစ်စေ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ ကိုယ်ထဲမှာ ဆင်းရဲဒုက္ခ ဝေဒနာတွေ ဖြစ်ပေါ်လာတဲ့အခါ အခြားနည်းဖြင့် ပြုပြင်စရာ မရှိယင် အဲဒီဒုက္ခဝေဒနာကိုဘဲ ရှုစိုက်ပြီးရှုမှတ်နေရတယ်၊ အဲဒီလိုရှုမှတ်နေယင် ဒုက္ခဝေဒနာဟာ ပျောက်လဲ ပျောက်သွားတတ်ပါတယ်၊ လုံးလုံးမပျောက်တောင် သက်သာ နေတတ်ပါတယ်၊ မသက်သာတောင် စိတ်ဆင်းရဲမှု မဖြစ်နိုင်တဲ့အတွက် အဲဒီကိုယ်ဆင်းရဲတမျိုးကိုသာ ခံရတယ်။အဲဒီ ကိုယ်ဆင်းရဲကို မရှုနိုင်ယင်တော့ "ငါ့ကို ဘယ်သူတွေက မတရား နှိပ်စက်တယ်၊ ငါ့နှယ်ကံဆိုးလိုက်တာ၊ ဖြစ်မှဖြစ်ရလေခြင်း" စသည်ဖြင့်ကြံစည်ပြီးစိတ်ဆင်းရဲတွေလဲများစွာဖြစ်လာတတ်တယ်။အဲဒါကိုမြတ်စွာဘုရားက "ဆူးနှစ်ချောင်းစူးတာနဲ့တူတယ်" လို့ဥပမာ ပေးထားတယ်။

ဥပမာ အကျယ်ကတော့ လူတယောက်မှာဆူးစူးတယ်ဆိုပါတော့၊အဲဒီဆူးကို အခြားဆူးတချောင်းနဲ့ထိုးပြီး ထွင်တဲ့အခါ အဲဒီနောက်ဆူးကလဲအသားထဲမှာ ကျိုးပြီးကျန်နေယင် ပဌမ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဆူးကြောင့်လဲနာနေတယ်၊ဒုတိယ ထွင်တဲ့ဆူးကြောင့်လဲ နာနေတယ်၊ နှစ်နာ ဖြစ်နေတယ်၊အဲဒါလိုဘဲ မရှုမမှတ်နိုင်တဲ့ သူမှာ သူ့အလိုလိုဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲကလဲ နှိပ်စက်နေတယ်၊ အဲဒီကိုယ်ဆင်းရဲကို သည်းမခံနိုင်တဲ့အတွက် နောက်ထပ် ဖြစ်ပေါ်လာတဲ့ စိတ်ဆင်းရဲကလဲ နှိပ်စက်နေတယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ နှစ်မျိုးလုံး၏အနှိပ်စက်ကို ခံနေရတယ်။ ဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲကို ရှုမှတ်နိုင်တဲ့သူမှာတော့ နောက်ထပ် စိတ်ဆင်းရဲမဖြစ်ရဘူး၊ ကိုယ်ဆင်းရဲတမျိုးတည်းကိုသာ ခံစားရတယ်။ အဲဒါဟာ ဘုရားရဟန္တာနဲ့ တူနေတာဘဲ၊ ဘုရားရဟန္တာများမှာ အပူအအေး ခြင်မှက်ကိုက်ခြင်းစသည်ကြောင့် ကိုယ်ဆင်းရဲကတော့ ရှိတာဘဲ၊ ဒါပေမဲ့ စိတ်ဆင်းရဲကတော့ မရှိဘူး အဲဒီ ကိုယ်ဆင်းရဲ တမျိုးတည်းကိုသာ ခံစားရတယ်၊ အဲဒါလိုလဲဖြစ်ပေါ်လာတဲ့ကိုယ်ဆင်းရဲကိုနိုင်နိုင်နင်းနင်းရှုမှတ်နိုင်ယင် စိတ်ဆင်းရဲဖြစ်ခွင့်မရဘဲ ငြိမ်းနေတတ်ပါတယ်၊ဒီတော့ ကိုယ်ဆင်းရဲ တမျိုးတည်းကိုသာ ခံစားရတဲ့အတွက် သက်သာတာပေါ့။ဒါကြောင့် ဒုက္ခဝေဒနာကို ရှုမှတ်ပြီး ပယ်ရတဲ့ သတိပဋ္ဌာန်နည်းဟာ အင်မတန်ကောင်းတဲ့ ဆေးနည်းပါဘဲ၊ စောစောက အချိုးကျအောင် ရှုမှတ် လေ့လာထားတဲ့သူတွေမှာ သေလုနီးပါး ကြီးကျယ်ပြင်းထန်တဲ့ ဒုက္ခဝေဒနာတွေကို တွေ့ရတဲ့အခါ ဒီနည်းဖြင့်ရှုမှတ်ပြီ းသက်သာရာ ရသွားကြတာတွေ များလှပါပြီ။

ယခုပြောခဲ့တဲ့အတိုင်း အကြားအမြင်ရှိတဲ့ ဘုရားတပည့်မှာ ချမ်းသာသုခနဲ့ တွေ့ရတဲ့အခါလဲ သင့်လျော်အောင်ဆင်ခြင်နိုင် ရှုနိုင်တဲ့အတွက် အဲဒီချမ်းသာသုခက စိတ်ကိုလွှမ်းမိုးပြီး မတည်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဘူး၊ ဆင်းရဲဒုက္ခနဲ့ တွေ့ရတဲ့အခါလဲ သင့်လျော်အောင် ဆင်ခြင်နိုင် ရှုနိုင်တဲ့အတွက် အဲဒီ ဆင်းရဲဒုက္ခက စိတ်ကို လွှမ်းမိုးပြီး မတည်ဘူး။ ဆင်ခြင်တဲ့ ရှုတဲ့စိတ်ကသာ အဲဒီသုခဒုက္ခကို လွှမ်းမိုးပြီး တည်နေတယ်၊ အဲဒီ လောကဓံကို အနိုင် ရနေတယ်၊ ဒါကြောင့်ကောင်းမြတ်တဲ့ ကုသိုလ်စိတ်တွေ ဖြစ်မြဲ ဖြစ်ခွင့်ရနေတယ်၊ ဖြစ်ခွင့်ရနေတဲ့အတွက် ဒွါရ ၆-ပါးက ဖြစ်ပေါ်လာသမျှ ရုပ်နာမ်တရားတွေကို အနိစ္စ-ဒုက္ခ-အနတ္တ သဘော အားဖြင့် အမှန်အတိုင်း ထင်မြင်နိုင်အောင် ရှုမှတ်နိုင်တယ်၊ ဒါကြောင့် ဝိပဿနာဉာဏ် ရင့်သန်တဲ့အခါမှာ အရိယာမဂ် ၄-ပါးကို ရောက်ပြီး ဆင်းရဲဟူသမျှမှလုံးဝလွတ်မြောက်သွားနိုင်ပါတယ်။ အဲဒီလို လွတ်မြောက်သွားနိုင်ပုံကို မြတ်စွာဘုရားက "ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ-ဆင်းရဲဟူသမျှမှ လွတ်မြောက်သည်ဟု ငါဘုရား ဟောကြားတော်မူတယ်" လို့ ထုတ်ဖော်ပြီး ဝန်ခံတော်မူပါတယ်။

ယခု ပြောလာခဲ့တာဟာ လောကဓံ ရှစ်ပါးနဲ့စပ်ပြီး သင့်လျော်အောင် ဆင်ခြင်ပုံနဲ့ ဆင်းရဲဟူသမျှ လွတ်မြောက်ပုံအထိ အကျိုးရပုံတွေကို ပြောလာခဲ့တာပါဘဲ၊ ဒီတော့ လောကဓံရှစ်ပါးနဲ့စပ်ပြီးမဆင်ခြင်နိုင်ယင်အကျိုးမဲ့ဖြစ်တတ်ပုံရော၊ ဆင်ခြင်နိုင်ယင်အကျိုးရပုံရော တော်တော် စုံသွားပါပြီ၊ ဒီလောကဓံတရားတွေဟာလောကထဲမှာနေကြရတဲ့ ပုဂ္ဂိုလ်တိုင်း မရှောင်မလွှဲနိုင်ဘဲ တွေ့ကြရကြောင်း၊ မြတ်စွာဘုရားတောင်မှ တွေ့ရသေးကြောင်း၊ မြတ်စွာဘုရား မှာတော့ တုန်လှုပ်ခြင်း မရှိကြောင်းများကိုနည်းယူပြီး သည်းခံနိုင်ရေးအတွက် ထုတ်ပြဘို့

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



လောက်သာ လိုပါတော့တယ်၊ ဒါကြောင့် ခုနက ဆိုခဲ့တဲ့ ဆောင်ပုဒ်ကလေးတွေကို ပြန်ကောက်လိုက်ကြဦးစို့။

## လောကဓံတရား ဘုရားသော်လဲ မရှောင်နိုင်

(၁) လာဘ်,ခြွေရံရ၊ ချီးမွမ်းကြ၊ သုခဝမ်းသာမြဲ။ (ဆို)
(၂) ထိုလေးမျိုးမှ၊ ပြောင်းပြန်ကျ၊ လောက
ဝမ်းနည်းမြဲ။ (ဆို)
(၃) လောကဓမ္မ၊ ရှောင်မရ၊ မုချ တွေ့စမြဲ။ (ဆို)

လောကထဲမှာ နေတဲ့ပုဂ္ဂိုလ်တွေဆိုယင် ဒီလောကဓံတရားတွေနဲ့ တွေ့ကြရတာချည်းဘဲ၊ ဘယ်သူမှ မရှောင်နိုင်ဘူး၊ ကံကောင်းတဲ့သူတွေမှာ ကုသိုလ်ကံကအကျိုးပေးတဲ့အခါကောင်းတဲ့လောကဓံ ၄-ပါးနဲ့ တွေ့နေကြရတယ်၊ ကံမကောင်းတဲ့ သူတွေမှာ ကုသိုလ်ကံက အကျိုးပေးတဲ့အခါ ဆိုးတဲ့ လောကဓံ ၄-ပါးနဲ့ တွေ့နေကြရတယ်၊ အဲဒီမှာ ကောင်းတဲ့ လောကဓံတွေကိုတော့အများကကြိုက်ကြတယ်၊ အဲဒီလောကဓံတွေနဲ့ တွေ့ပါစေ၊တွေ့ပါစေလို့ဘဲ တောင့်တနေကြပါတယ်၊ တွေ့ရအောင်လဲ ရှာကြံနေကြပါတယ်။ ဒါကြောင့် အဲဒါတွေကတော့ လောက အနေနဲ့ဆိုယင် အရေး မကြီးဘူးလို့ ဆိုရမှာဘဲ။ ဆိုးတဲ့ လောကဓံတွေကိုတော့ အလိုမရှိကြဘူး။ ကြောက်ကြတယ်၊ ရှောင်ပါစေ၊ လွဲပါစေ၊ ဖယ်ပါစေလို့ တောင့်တနေကြတယ်၊ မတွေ့အောင်လဲကြိုးစားနေကြပါတယ်။ ဒါပေမဲ့ လုံးလုံးတော့ မလွတ်နိုင်ဘူး၊ တွေ့ကြရသေးတာဘဲ၊ အနည်းနဲ့ အများသာ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ကွာခြားပါတယ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးတောင်မှ နှံနှံတော့ တွေ့ရသေးတာဘဲ။ အဲဒါကို ထောက်ဆ ကြည့်ယင် "ငါတို့လို သာမန်ပုဂ္ဂိုလ်တွေ မတွေ့ဘဲ နေပါ့မလား"လို့ ဆင်ခြင်ပြီး အတော်အတန်တော့ သည်းခံနိုင်စရာ အကြောင်းရှိပါတယ်။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင် ဆိုးတဲ့ လောကဓံတွေနဲ့ တွေ့ရပုံကို ယခုဖော်ပြသွားပါမယ်။

## လာဘ်မရခြင်းနှင့် ဘုရား

အခါတပါးမှာ မြတ်စွာဘုရားဟာ ပဉ္စသာလ ခေါ်တဲ့ ပုဏ္ဏားရွာကို အမှီပြုပြီး သီတင်းသုံးနေတော်မူပါတယ်။ အဲဒီရွာမှာ သီတင်းသုံးတော်မူခြင်း၏ အကြောင်းကတော့ အဲဒီရွာက အမျိုးသမီးပျို ငါးရာတို့ သောတာပန် ဖြစ်မည်ကို မြင်တော်မူတဲ့အတွက်ပဲ ဖြစ်ပါတယ်။ နက္ခတ်ပွဲ နေ့မှာ အဲဒီ အမျိုးသမီးငယ်တွေဟာ အပြင်ထွက်ခွင့် ရကြတဲ့အတွက် မြစ်ဆိပ်ကိုသွားပြီး ရေချိုးကြတယ်၊ ရေချိုးပြီးတော့ အဝတ်အဆင်တန်ဆာများကို ဝတ်ဆင်ပြီး ရွာဆီကို ပြန်လာနေကြတယ်။ အဲဒီအချိန်မှာမြတ်စွာဘုရားက ပဉ္စသာလရွာတဲ ဆွမ်းခံကြွတော်မူပါတယ်။

ပဉ္စဆိုတာက ငါးခု၊ သာလဆိုတာက တဲ-အိမ်၊ ဒီတော့ ပဉ္စသာလဆိုတာ ငါးအိမ်-လို့ အဓိပ္ပါယ် ရှိပါတယ်။ မူလ တည်စက ငါးအိမ်သာရှိလို့ ငါးအိမ်စုရွာလို့ ခေါ်တွင်နေဟန် ရှိပါတယ်။ ဗမာပြည်မှာလဲ ဒီလို အမည် တွင်နေဘဲ့ ရွာတွေ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ရှိကြပါတယ်၊ ငါးအိမ်စုရွာ၊ လေးအိမ်စုရွာ–တဲ့၊ တအိမ်ထဲ ရွာလို့တောင် ရှိပါသေးတယ်၊ အဲဒီအမည်တွေဟာ ရွာတည်စက အမည်တွေဘဲ၊ နောက်ကာလကျတော့ တိုးပွားလာလို့ အိမ်တွေ များစွာဘဲ ရှိနေကြပါတယ်။ ယခုပြောနေတဲ့ ပဉ္စသာလ–ငါးအိမ်စု ရွာမှာလဲ အမျိုးသမီးပျို ငါးရာတောင် ရှိတယ်ဆိုတော့ အမျိုးသားပျိုတွေခလေးသူငယ်တွေ လူကြီးမိဘတွေပါဆိုယင် လူဦးရေဟာ ၂–ထောင်ထက် မနည်းရှိပါလိမ့်မယ်၊အဲဒီလူဦးရေ များသလောက် အိမ်အရေအတွက်ကလဲ ရာနှင့်ချီပြီး များစွာဘဲ ရှိပါလိမ့်မယ်။

အဲဒီပဉ္စသာလရွာကို မြတ်စွာဘုရား ဆွမ်းခံကြွတော်မူတဲ့ အခါမှာ အဲဒီရွာက လူတွေဟာ မြတ်စွာဘုရားအား ဆွမ်းမလောင်းနိုင်အောင် မာရ်နတ်က အဲဒီ လူတွေကို ပူးကပ်ပြီး အန္တရာယ် ပြုပါသတဲ့။ ဒါကြောင့် မြတ်စွာဘုရားဟာ ဆွမ်းဘဇနီးမှျမှ မရဘဲ ဆေးမြဲတိုင်း သပိတ်နဲ့ဘဲ ရွာက ပြန်ထွက်လာရတယ်။ အဲဒီအခါမှာ မာရ်နတ်က ရွာတံခါးဝက နေပြီး ''အရှင်ရဟန်း ဆွမ်းရခဲ့ပါရဲ့လား''လို့ လူတယောက် အနေနဲ့ မေးပါတယ်။ ဒီတော့ မြတ်စွာဘုရားက ''ဟဲ့ မာရ်နတ်၊ ငါ ဆွမ်းမရအောင် သင် လုပ်ထားတာဘဲ မဟုတ်လား''လို့ မိန့်တော်မူပါတယ်။ ဒါဖြင့် ''အရှင်ဘုရား တခါထပ်ပြီး ဆွမ်းခံဝင်ပါဦး''လို့ မာရ်နတ်က ဆိုတယ်။ သူ့ ရည်ရွယ်ချက်ကတော့ ဒီတခါပြန်ပြီး ဆွမ်းခံဝင်ယင် လူတွေကို ပူးကပ်ပြီး မြတ်စွာဘုရားရှေ့က လက်ခုပ်တီးပြီး ရယ်ရွှင်ဘွယ် ပြက်ရယ်ပြုမယ်လို့–တဲ့။

(တတိယအကြိမ်)

အဲဒီအချိန်မှာ မြစ်ဆိပ်က ရေချိုးပြီး ပြန်လာကြတဲ့ အမျိုးသမီးပျိုငါးရာတို့က အဲဒီရွာတံခါးကို ရောက်လာကြတယ်၊ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး သင့်လျော်တဲ့ နေရာမှာ တည်နေကြတယ်။ မာရ်နတ်ကလဲ "အရှင်ဘုရား၊ ဆွမ်းမရယင် ဆာလောင်ခြင်း၊ ဆင်းရဲက မနှိပ်စက်ပေဘူးလား" လို့ မေးပြန်ပါတယ်။ ဒီမေးခွန်းကို အကြောင်းပြုပြီး အဲဒီရွာသူ အမျိုးသမီးပျိုငါးရာတို့အား သင့်လျော်သော တရားကို ဟောရန် အတွက်ပဲ ဒီရွာမှာ ဆွမ်းမရမည်ကို သိလျက်နဲ့ ဆွမ်းခံကြွတော်မူခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက "ဟဲ့ မာရ်နတ် ငါတို့ဟာ ဒီကနေ့ စားဘွယ်တစုံတခုကိုမျှမရသော်လဲ အာဘဿရာဘုံက မဟာဗြဟ္မာကြီးတို့ကဲ့သို့ ပီတိသုခဆိုတဲ့ ဝမ်းမြောက်မှုချမ်းသာမှုဖြင့်သာလျှင် အချိန်ကုန်စေမယ်" လို့ မိန့်ဆိုတော်မူပြီးတော့ အမျိုးသမီးပျိုငါးရာအတွက် ရည်ရွယ်ပြီး ဒီသို့ဂါထာတပုဒ် တရားကို ဟောကြားတော်မူပါတယ်။

သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။
ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။

ယေသံ နော၊ အကြင်ငါတို့အား။ ကိဉ္စနံ၊ လိုချင်တောင့်တမှု ရာဂ စသော ကိလေသာတည်းဟူသောကြောင့်ကြမှုသည်။ နတ္ထိ၊ မရှိပေ။ တေ မယံ၊ ကြောင့်ကြမှုမရှိသော ထိုငါတို့သည်။ ဝတ၊ စင်စစ်၊ သုသုခံ၊ အလွန်ချမ်းသာစွာ။ ဇီဝါမ၊ အသက်မွေးကြ အသက်ရှင်ကြပါကုန်၏၊ ဒေဝါ အာဘဿရာယထာ၊ အာဘဿရာ မိုးဗြဟ္မာတို့ကဲ့သို့။ ပီတိဘက္ခာ၊ ပီတိလျှင် အစာရှိကုန်သည်။ ဘဝိဿာမ၊ ယနေ့အဖို့မှာ ဖြစ်ကြပါကုန်တော့အံ့-တဲ့။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဆိုလိုတာကတော့ လောကမှာ လူတွေဟာ စား-ဝတ်-နေ ရေးအတွက် သတ်ဖြတ် လုယက် ခိုးယူပြီးတော့ လိမ်လည်ပြီးတော့ စီးပွားရှာကြတာတွေလဲ ရှိတယ်၊ အဲဒီလို မတရားသဖြင့်ရှာပြီး ရလာတဲ့ ပစ္စည်းတွေကို အလိုရှိတိုင်း သုံးဆောင်နေကြရတဲ့အတွက် "ချမ်းသာစွာ အသက်မွေးနေကြတယ်၊ ချမ်းသာစွာ အသက်ရှင်နေကြတယ်" လို့ ဒီလိုထင်မှတ်ပြောဆိုနေကြတယ်။ အမှန်ကတော့ အဲဒီလို မတရားသဖြင့် အသက်မွေးနေကြတာဟာ မကြာခင်ဘဲအပါယ်လေးပါးကျပြီးဒုက္ခရောက်ရမှာမို့ ဆင်းရဲစွာ အသက်မွေးခြင်းသာ မည်တယ်၊တရားသဖြင့် ရှာကြံပြီး အသက်မွေးတာ ဖြစ်စေကာမူ ကြောင့်ကြမှု ကိလေသာရှိနေသေးယင် ချမ်းသာတဲ့ အသက်မွေးမှု အစစ် မဖြစ်သေးဘူး။ မြတ်စွာဘုရားမှာတော့ မရသေးတာကို လိုချင် တောင့်တတဲ့ ရာဂ တည်းဟူသော ကြောင့်ကြခြင်းလဲ မရှိဘူး၊ ရချင်တာကို မရတဲ့အတွက် စိတ်ပျက် စိတ်ဆိုးတဲ့ ဒေါသတည်းဟူသော ကြောင့်ကြခြင်းလဲ မရှိဘူး၊ မကောင်းတာ တွေကို အကောင်းထင်ပြီး ကြောင့်ကြ ပူတတ်တဲ့ မောဟ တည်းဟူသော ကြောင့်ကြခြင်းလဲ မရှိဘူး၊ အဲဒီလိုကြောင့်ကြမှု ကိလေသာ လုံးဝကင်းနေတဲ့အတွက် ဆွမ်းမရလို့လဲ စိတ်ဆင်းရဲခြင်းမရှိဘူး၊ မစားရလို့လဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မရှိဘူး၊ တရားနှင့်စပ်တဲ့ နှစ်သိမ့်ဝမ်းမြောက်မှုပီတိဖြင့် ချမ်းသာစွာမျှတပြီးနေနိုင်တယ်၊ အဲဒီလို နေနိုင်တဲ့အတွက် ငါဘုရားတို့မှာ အလွန်ချမ်းသာစွာ အသက်မွေးကြ အသက်ရှင်ကြပါတယ်-တဲ့။

ဘာကြောင့်ဒီလိုချမ်းသာစွာမျှတနေနိုင်ပါသလဲဆိုယင် ရှေ့နားပိုင်းက ပြောခဲ့တဲ့ အတိုင်း လာဘ-လာဘ်ရတယ် ဆိုတာ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဘိုရော၊ အလာဘ-လာဘ်မရဘူးဆိုတာကိုရော၊ရတဲ့သူဆိုတာကို ရော အနိစ္စ-ဒုက္ခ-ဝိပရိဏာမဓမ္မမျှဘဲ ဆိုတာကို သိပြီး ဖြစ်နေ ဘဲ့အတွက် တောင့်တမှု၊ ကြောင့်ကြမှု ကိလေသာတွေ လုံးဝ ကင်းနေလို့ပါဘဲ။ ဒါကြောင့်—

ယေသံ နော၊ အကြင်ငါတို့အား။ ကိဉ္စနံ လိုချင်တောင့်တမှု ရာဂ စသော ကိလေသာ တည်းဟူသော ကြောင့်ကြမှုသည်။ နတ္ထိ၊ မရှိပေ။ တေ မယံ၊ ကြောင့်ကြမှု မရှိသော ထို ငါဘုရား တို့သည်။ ဝတ၊ စင်စစ်။ သုသုခံ၊ အလွန်ချမ်းသာစွာ၊ ဇီဝါမ၊ အသက်မွေးကြ အသက် ရှင်ကြပါကုန်၏-လို့ မိန့်ဆိုတော်မူ ပါတယ်။

ဒါပေမဲ့ အစာ မစားရဘဲနဲ့ ချမ်းသာစွာ နေလို့ ဖြစ်ပါ့ မလားလို့ မေးစရာ စဉ်းစားစရာ ရှိပါသေးတယ်။ ဘာ ကြောင့်လဲဆိုယင် ကာမဘုံက သတ္တဝါတွေမှာ အစာအဟာရ အထောက်အပံ့က အရေးကြီးပါတယ်။ ရုပ်ကိုယ် တည်တံ့ရေး အတွက် ကံ-စိတ်-ဥတု-အာဟာရဆိုတဲ့ အကြောင်း၄-ပါးရှိတဲ့ အနက်က ကံ ရှိရုံ စိတ်ရှိရုံ သင့်လျော်တဲ့ ဥတုရှိရုံနဲ့ အသက် မရှင်နိုင်ဘူး။ အစာ အဟာရ ရှိပါမှ အသက်ရှင် နေနိုင်ပါ တယ်။ ဒါကြောင့် လူတွေဟာ နေ့စဉ် ၂-ကြိမ် ၃-ကြိမ် ရှာပြီး စားနေကြရပါတယ်။ အနည်းဆုံး တနေ့ တကြိမ်တော့ ရှာပြီး စားနေကြရပါတယ်။ လူတွေသာ မဟုတ်ဘူး၊ ကုန်း သတ္တဝါ၊ ရေသတ္တဝါ၊ တိရစ္ဆာန်တွေလဲ နေ့စဉ်ရှာပြီးစားနေ ကြရတာဘဲ၊ စား-ဝတ်-နေရေး ဆိုတဲ့ အရေး သုံးခုထဲမှာ စားရေးက အရေးအကြီးဆုံးဘဲ။ အရေးကြီးတဲ့အတွက် အစာ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ရှာရတဲ့ အာဟာရ ပရိယေသန ဒုက္ခဟာ အကြီးဆုံးဘဲ။ ဒါ့ကြောင့် သတ္တဝါတွေဟာ အစာအတွက် အမြဲမပြတ် ရှာနေကြရတယ်၊ ဒီအထဲမှာ ပရွက်ဆိတ်ဆိုတဲ့ အကောင်ကလေးတွေဟာ အကဲဆုံးပါဘဲ၊ သူတို့ကိုယ်က ဘာမှ ကြီးတာမဟုတ်ပဲနဲ့ သူတို့မှာ နေ့တွင် မဟုတ်ဘူး၊ ညပါ တလှုပ်လှုပ် တရွရွနဲ့ ရှာနေကြတယ်။ အဲဒီလို ရှာကြရတာဟာ မစားရယင် မချမ်းသာနိုင်ဘူး၊ စားရမှ ချမ်းသာမယ်ဆိုတာ သိပြီး ရှာနေကြရတာပါဘဲ။ ဒီတော့ အစာမစားရဘဲနဲ့ ချမ်းသာ နိုင်ပါ့မလားလို့ တွေးစရာ မေးစရာရှိပါတယ်။ အဲဒီပြဿနာကို မြတ်စွာဘုရားက–

ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ–လို့ ဖြေရှင်းလိုက်ပါတယ်။

ဒေဝါ အာဘဿရာယထာ၊ အာဘဿရာမိုးဗြဟ္မာကြီးတို့ကဲ့သို့။ ပီတိဘက္ခာ၊ ပီတိလျှင် အစာရှိကုန်သည်၊ ဘဝိဿာမ၊ ဖြစ်ကြပါကုန်တော့အံ့-တဲ့။

ဗြဟ္မာတွေဆိုတာ အစာအဟာရကို စားသောက်ခြင်းမရှိဘူး။ ဈာန်ကုသိုလ်အဟုန်ကြောင့် ဖြစ်သော ပီတိသုခ,ဈာန်နှင့်ယှဉ်သော ပီတိသုခဖြင့် မျှတနေကြတယ်။ သူတို့မှာ ဆာတယ်လို့လဲမရှိဘူး၊ ပီတိသုခဆိုတဲ့ နှစ်သိမ့်မှု ချမ်းသာမှု အမြဲတမ်းပြည့်စုံနေကြတယ်။ အထူးအားဖြင့် ဒုတိယဈာန်က ပီတိဟာ အကောင်းဆုံး အမြတ်ဆုံး ဖြစ်တဲ့ အတွက် အဲဒီ ဒုတိယဈာန်ကြောင့် ဖြစ်ကြတဲ့ ဒုတိယဈာန် ဗြဟ္မာတွေမှာ လွန်ကဲထူးမြတ်တဲ့ ပီတိတွေဖြစ်တယ်။ အဲဒီ ဒုတိယဈာန် ဗြဟ္မာ၃-မျိုးထဲမှာလဲ အာဘဿရာဆိုတဲ့ မဟာဗြဟ္မာကြီးတွေမှာ သာပြီး ထူးမြတ်တဲ့

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ပီတိတွေဖြစ်တယ်၊ဒါကြောင့် ဆွမ်းမစားရပေမဲ့ အဲဒီ အာဘဿရာ ပြဟ္မာကြီးများလိုဘဲပီတိဖြင့် မျှတပြီးနေမယ်–လို့ မိန့်ဆိုတော်မူပ'ါတယ်။

ဝမ်းမြောက်တဲ့ပီတိဖြစ်နေရုံမျှဖြင့်အစာမစားဘဲနေနိုင်တယ်ဆိုတာကတော့ လောကဘက်ကရော တရားဘက်ကရော ထင်ရှားပါတယ်။ တချို့လူတွေမှာ အင်မတန် ခဲယဉ်းတဲ့ အလုပ်ကိစ္စ အကြံအစည် အောင်မြင်သွားတဲ့အတွက် ဝမ်းမြောက်ဝမ်းသာတာနဲ့ ထမင်း စားချင်စိတ် မရှိဘဲ မစားနိုင် မအိပ်နိုင်ဘဲ ဖြစ်နေတာတွေရှိနေကြပါတယ်၊တချို့လဲ ကုသိုလ်ရေးနဲ့စပ်ပြီး ဝမ်းမြောက် ဝမ်းသာ နေတာနဲ့ ထမင်းတနပ် နှစ်နပ်လောက်တော့ မစားဘဲနေနိုင်တာ ရှိကြပါတယ်၊ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေထဲမှာလဲသမာဓိအား ဉာဏ်အားကောင်းတဲ့ပုဂ္ဂိုလ်တွေဟာ ကိုယ့်တရားကိုယ် ရှုမှတ် နှလုံးသွင်းနေရင်းတရက် ၂–ရက်ကြာအောင် မစားမသောက်ပဲ ခင်းကြီးခင်းငယ်တောင် မစွန့်ရဘဲ တထိုင်တည်းနဲ့ နေနိုင်ကြတာ ရှိပါတယ်၊ မြတ်စွာဘုရား မှာတော့ ဖလ သမာပတ်ကို ဖြစ်စေ၊ နိရောဓသမာပတ်ကိုဖြစ်စေ ဝင်ရောက်နေမယ်ဆိုယင် ခုနစ်ရက်ပတ်လုံးတောင် နေတော်မူနိုင်ပါတယ်၊ဈာန် သမာပတ်နဲ့လဲ နေနိုင်ပါတယ်၊တရက်လောက်ကတော့ ဝိပဿနာရှုပြီးတော့လဲနေနိုင်ပါတယ်။အဲဒီဝိပဿနာပီတိ ဈာန်ပီတိ ဖိုလ်ပီတိတွေနဲ့နေနိုင်တာကိုရည်ပြီးတော့ "ပီတိဘက္ခာ၊ပီတိလျှင် အစာရှိကုန်သည်။ဘဝိဿာမ၊ ဒိကနေ့အဖို့မှာ ဖြစ်ကြပါကုန်မည်" လို့ မိန့်တော်မူပါတယ်။

အဲဒီဂါထာဟာ မာရ်နတ်ရဲ့အမေးကို ဖြေတဲ့ ဂါထာပါဘဲ၊ ဒါပေမဲ့ အဲဒီအခါတုန်းကပဥ္စသာလရွာသူအမျိုးသမီးငါးရာက

WWW.DHAMMARANSI.COM



အနီးအပါးမှာ လက်အုပ်ချီပြီး တရားနာ နေကြတယ်။ အဲဒီ အမျိုးသမီးငါးရာအတွက် ရည်ရွယ်ပြီး ဟောတာလဲ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ အမျိုးသမီးငါးရာဟာ အဲဒီ တရားဂါထာကို ကြားနာရင်း သောတာပန် ဖြစ်သွားကြပါသတဲ့။

ဒီဂါထာကို ကြားနာရရုံနဲ့ ဘယ်ပုံဘယ်နည်းဖြင့် သောတာပန် ဖြစ်ကြသလဲဆိုလျှင် အဲဒီ အမျိုးသမီး ငါးရာဟာ ကုသိုလ်ထူး ပါရမီထူး ရှိတဲ့သူတွေပါ။ ဒါကြောင့် သူတို့ဟာ ဘုရားကိုယ်တော်တိုင်ကိုလဲ ဖူးမြော်ကြရတယ်၊ ဘုရား ကိုယ်တော်တိုင်ဟောတဲ့ တရားကိုလဲ နာကြရတယ်၊ ဘုရား ကိုယ်တော်တိုင်ကို ဖူးမြော်ကြရတဲ့ အတွက် သူတို့မှာ ပီတိတွေဖြစ်နေတယ်၊ တရားကို နာရတဲ့အတွက်လဲ ပီတိတွေဖြစ်နေတယ်၊ အထူးအားဖြင့်တော့ မြတ်စွာဘုရားမှာ ကြောင့်ကြမှု ကိလေသာ ကင်းနေတဲ့အတွက် ချမ်းသာစွာ နေရတယ် ဆိုတာရယ်၊ ဆွမ်းမစားရပေမဲ့ ပီတိနဲ့ဘဲ မျှတနေမယ် ဆိုတာရယ်-ဒီတရားစကားတွေကို ကြားရတဲ့အခါ အလွန် ကြည်ညိုပြီး ပီတိတွေ ထက်သန်စွာ ဖြစ်တယ်၊ အဲဒီ ပီတိတွေကို ရှုမိကြသဖြင့် ကုန်ခြင်း ပျက်ခြင်း သဘော ထင်မြင်ပြီးတော့ ဝိပဿနာဉာဏ် အစဉ်အတိုင်းတက်ပြီး သောတာပတ္တိ မဂ်ဖိုလ်ကို ရောက်သွားကြတယ်လို့ ယူရပါမယ်။

ယခုတရားနာနေကြတဲ့ ဒကာ ဒကာမတွေလဲ ဒီပုံ ဒီနည်း အရ ဖြစ်နိုင်ပါတယ်၊ အဲဒီ ပဉ္စသာလရွာမှာ မြတ်စွာဘုရား ဆွမ်းခံကြွနေပုံကိုလဲ ဆင်ခြင်ကြည့်ပါ၊ ရွာမှအထွက် တံခါး;

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ပေါက်အနီးမှာ မာရ်နတ်ကမေးနေပုံနဲ့ အမျိုးသမီး ငါးရာက ရှိသေစွာရှိခိုးပြီး တရားနာနေပုံကိုလဲ ဆင်ခြင်ကြည့်ပါ၊ အဲဒီ အခါမှာ မြတ်စွာဘုရားက ရပ်တော်မူရင်း တရားဟောတော်မူနေပုံကိုလဲ ဆင်ခြင်ကြည့်ပါ။

သုသုခံ ဝတ ဇီဝါမ၊ ယေသံနော နတ္ထိ ကိဉ္စနံ။
ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။

ယေသံနော၊ အကြင်ငါတို့အား။ ကိဉ္စနံ၊ လိုချင်တောင့်တမှု ရာဂစသော ကိလေသာ တည်းဟူသော ကြောင့်ကြမှုသည်။ နတ္ထိ၊ မရှိပေ။ တေ မယံ၊ ကြောင့်ကြမှုမရှိသော ထိုငါဘုရားတို့သည်။ ဝတ၊ စင်စစ်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ ဇီဝါမ၊ အသက်မွေးကြ အသက်ရှင်ကြပါကုန်၏။ (ဟုတ်တယ်၊ တောင့်တမှု ကြောင့်ကြမှုရှိနေယင် ဘယ်လို ပြည့်စုံနေပေမဲ့ ဆင်းရဲနေတာဘဲ၊ တောင့်တမှု ကြောင့်ကြမှုမရှိယင် ရသမျှ ဖြစ်သမျှနဲ့ ရောင့်ရဲပြီး ချမ်းသာနေတာဘဲ၊ ဒါကြောင့်) တေ မယံ၊ ကြောင့်ကြမှု မရှိသော ထို ငါဘုရားတို့သည်။ ဝတ၊ စင်စစ် ဧကန်အမှန်အားဖြင့်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ ဇီဝါမ၊ အသက်မွေးကြ အသက်ရှင်ကြပါကုန်၏၊ ဒေဝါ အာဘဿရာ ယထာ၊ အာဘဿရာ မိုးဗြဟ္မာတို့ကဲ့သို့၊ ပီတိဘက္ခာ၊ ဆွမ်း မရငြားသော်လည်း ပီတိလျှင် အစာရှိကုန်သည်၊ ဝါ၊ ဈာန်ပီတိ ဝိပဿနာပီတိ အရဟတ္တဖိုလ် ပီတိတို့ဖြင့် မွေ့လျော်ကုန်သည်။ ဘဝိဿာမ၊ ယနေ့အဖို့မှာ ဖြစ်ကြပါကုန်အံ့သတည်း။

ယခုတရားနာနေရင်းလဲ ပီတိဖြစ်နိုင်ပါတယ်။ အဲဒီ ပီတိကို ရှုမှတ်လိုက်ယင် ခယတော ဝယတော ဆိုတဲ့အတိုင်း ကုန်သွား

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



တယ်-ပျောက်သွားတယ်-လို့ သိမြင်နိုင်ပါတယ်၊ အဲဒါဟာ ဝိပဿနာဉာဏ်ဘဲ။ အဲဒီလို သိရင်း ပါရမီထုံးတဲ့ သူမှာ မဂ်ဖိုလ်ကို ရောက်နိုင်ပါတယ်။

## မိလိန္ဒ၏ အမေး

အဲဒီတုန်းက ပဥ္စသာလရွာမှာ မြတ်စွာဘုရား ဆွမ်းမရတာကိုအကြောင်းပြုပြီးတော့ မိလိန္ဒမင်းကြီးက အရှင် နာဂသိန်ကို ဒီလို မေးပါတယ်။

မြတ်စွာဘုရားဟာ လာဘ်လာဘ အလွန် ပေါများတယ်၊ သင်္ကန်း-ဆွမ်း-ကျောင်း-ဆေး-ပစ္စည်းလေးပါးတွေကိုအလွန်များစွာ ရတယ်လို့လဲ အရှင်ဘုရားတို့ ပြောဆို ကြပါတယ်။ နောက်ပြီးတော့ ပဥ္စသာလရွာမှာ ဆွမ်းခံကြွတဲ့အခါ မြတ်စွာဘုရားဟာ ဆွမ်း တဇွန်းမျှမှ မရဘူးလို့လဲ အရှင်ဘုရားတို့ဘဲ ပြောဆိုကြပါတယ်။ အဲဒီစကားနှစ်ခွန်းဟာ ရှေ့နောက် မညီပါ၊ လာဘ်လာဘ အလွန် ပေါများတယ် ဆိုယင် ဆွမ်း တဇွန်းမျှမှ မရဘူးဆိုတာ မဖြစ်သင့်ဘူး၊ ပဥ္စသာလ ရွာမှာ ဆွမ်းခံတာ ဆွမ်းတဇွန်းမျှမှ မရဘူးဆိုယင်လဲ လာဘ်လာဘ အလွန်ပေါများတယ်ဆိုတာ မဖြစ်သင့်ဘူး။ ဒီလို အစွန်း-၂ခု ထွက်နေတဲ့ ပြဿနာကို အရှင်နာဂသိန် ရှင်းလင်း ဖြေကြားတော်မူပါ-လို့ မေးလျှောက်ပါတယ်။

## အရှင်နာဂသိန်၏ အဖြေ

မိလိန္ဒမင်းကြီး၊ မြတ်စွာဘုရားမှာ လာဘ်လာဘ အလွန် ပေါများတယ်ဆိုတာ မှန်ပါတယ်၊ ပဥ္စသာလ ရွာမှာ ဆွမ်း တဇွန်းမျှမှ မရဘူး ဆိုတာလဲ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ပဥ္စသာလ ရွာမှာ ဆွမ်းမရတာနဲ့ လာဘ် လာဘ မများဘူး ရှားပါးတယ်လို့တော့ မဆိုသင့်ဘူး။ ဥပမာအားဖြင့် စကြဝတေးမင်းကြီးထံ တောရွာက လူတယောက် လက်ဆောင် ဆက်သဘို့ လာတယ်ဆိုပါတော့၊ ပျားရည်ဖြစ်စေ၊ ပျားလဘို့ဖြစ်စေ ဆက်သဘို့ လာတဲ့အခါ တံခါးစောင့်ကဝင်ခွင့်မပေးဘဲ ဟန့်တားထားတယ်၊ "ဟေ့ အကောင်ပြန်သွား၊ ဒီအချိန်ဟာ မင်းမြတ်ကို တွေ့ခွင့်ပြုတဲ့ အချိန် မဟုတ်ဘူး၊ ပြန်သွား၊ ပြန် မသွားယင် မင်းဒဏ် ခတ်မယ်"လို့ ခြိမ်းခြောက်ပြီး ဟန့်တားတယ်။အဲဒီတော့ တောရွာသားက ကြောက်တာနဲ့ ပြန်သွားရရှာတယ်။ သူ ယူလာခဲ့တဲ့ လက်ဆောင်ကို မင်းထံ မဆက်သရတော့ဘူး။ အဲဒီလို မဆက်သရတာ ဘာကြောင့်လဲ၊ တံခါးစောင့်က ဟန့်တားနှောက်ယှက်လို့ မဟုတ်ပါလား။အဲဒီ တောရွာသား၏ လက်ဆောင် ပဏ္ဏာကို မရတဲ့အတွက် အဲဒီ စကြဝတေးမင်းကို ဘုန်းကံ နည်းတယ်၊ လာဘ်လာဘ နည်းတယ်လို့ ဆိုသင့်ပါ့မလား။ မဆိုသင့်ပါဘုရား။

အဲဒီလိုဘဲ မြတ်စွာ ဘုရား မှာတော့ လာဘ် လာဘတွေ အလွန် ပေါများပါတယ်၊ဒါပေမဲ့ ပဥ္စသာလရွာမှာ ဆွမ်းခံစဉ် အခါကတော့ အဲဒီ တံခါးစောင့်နဲ့ တူတဲ့ မာရ်နတ်က နှောင့်ယှက်ထားလို့ ဆွမ်းမရဘဲ ဖြစ်သွားပါတယ်၊အဲဒီရွာက ဆွမ်းကို မရတာ အကြောင်း ပြုပြီးတော့ မြတ်စွာ ဘုရားမှာ လာဘ်လာဘ မများဘူး၊ ရှားပါးတယ်လို့တော့ မဆိုသင့်ပါဘူး ၊အဲဒီ တချက်မှ တပါး ၄၅-ဝါ အတွင်း ရက်ပေါင်း တသောင်း ခြောက်ထောင် လေးရာကျော်မှာ နေ့စဉ် နေ့တိုင်း လာဘ်-

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



လာဘ ပေါများတာကိုသာ အကြောင်း ပြုပြီးတော့ မြတ်စွာဘုရားမှာ လာဘ်လာဘအလွန်ပေါများတယ်-လို့သာ ဆိုသင့်ကြောင်း အရှင် နာဂသိန်က ရှင်းလင်း ဖြေကြားတော်မူပါတယ်။

အဲဒီမှာ ဆင်ခြင်ဘို့ကတော့ မြတ်စွာဘုရားမှာလေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ဖြည့်ဆည်းပူးတော် မူခဲ့တဲ့ ဒါန-စသော ပါရမီတော်တွေကြောင့် အတိုင်း မသိ အလွန့်အလွန် လာဘ်လာဘ ပေါများတော်မူပါတယ်။ ဒါပေမဲ့ မာရ်နတ်၏ နှောင့်ယှက်မှုကြောင့် ပဉ္စသာလရွာမှာဆွမ်းတဇွန်းမျှမှ မရတဲ့ အလာဘဆိုတဲ့ လောကဓံနဲ့ တွေ့ရချေသေးတယ်။ ငါတို့လို သာမန်လူသားတွေမှာ "မရခြင်း-ရပြီးသားတွေ ဆုံးပါးပျက်စီးခြင်း"ဆိုတဲ့ အလာဘလောကဓံနဲ့ ဘယ်မှာ မတွေ့ရဘဲရှိမလဲ၊ တွေ့ရပေလိမ့်မယ်၊ ဒီလို တွေ့ရပေမဲ့ မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို ယုံကြည်၍ မြတ်စွာဘုရားကို ပူဇော်သော အားဖြင့် မြတ်စွာဘုရားလိုပင် စိတ် မပျက်ပဲ စိတ် မညစ်ပဲ သည်းခံနေမယ်—လို့ ဒီလိုနှလုံးသွင်း ဆင်ခြင်သင့်ပါတယ်။အဲဒီလိုဆင်ခြင်ယင် လုံးဝမကင်းတောင် စိတ်ရဲဆင်းမှုသက်သာခွင့်တော့ ရပါလိမ့်မယ်။

## မုယောဆွမ်းတောင် ဘုဉ်းပေးရတယ်

နောက်တခု ဆင်ခြင်စရာကတော့-မြတ်စွာဘုရားဟာဘုရားဖြစ်တော် မူပြီးတဲ့နောက် ၁၂-ဝါမြောက်မှာ အိန္ဒိယပြည်အနောက်ပိုင်းမှာ ရှိတဲ့ ဝေရဉ္စာမြို့ကို ကြွတော် မူပါတယ်၊ ဝေရဉ္စာမြို့အနီး နဠေရု တမာပင်ကြီးအောက်မှာ သီတင်းသုံးနေတော်မူပါတယ်။ နဠေရုဆိုတာ အဲဒီတမာပင်ကြီးကို သိမ်း

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ပိုက်ထားတဲ့ ဘီလူးရဲ့အမည်လို့ ဆိုပါတယ်၊ ဗမာပြည်တောရွာတွေမှာ ဘာအရှင်ကြီးသစ်ပင် ညာအရှင်ကြီး သစ်ပင်-စသည်ဖြင့် ခေါ်တာမျိုး ဖြစ်မှာပေါ့၊ ဒါကြောင့် အဲဒီ တမာပင်ကြီးကိုလဲ နဠေရုအရှင်ကြီးပင်လို့ ဆိုရမှာဘဲ။ မြတ်စွာ ဘုရားနှင့်အတူ ပါလာတဲ့ သံဃာတော်ကလဲ ရဟန်းတော် ငါးရာအရေအတွက် ရှိပါတယ်။

အဲဒီအခါမှာ ဝေရဉ္ဇာမြို့သား ပုဏ္ဏားကြီး တယောက်က မြတ်စွာဘုရားထံ လာရောက်ပြီး အရွယ် ကြီးသူတွေကို အရိုအသေ မပြုတဲ့အတွက် မြတ်စွာဘုရားကို စွပ်စွဲ အပြစ်တင်ပါတယ်။ မြတ်စွာဘုရားက သူစွပ်စွဲသမျှတွေကို ဖြေရှင်းပြီးတော့ သင့်လျော်တဲ့ တရားကို ဟောတော်မူပါတယ်။ အဲဒီ တရားကိုနာရတဲ့အခါ ဝေရဉ္ဇ ပုဏ္ဏားကြီးဟာ သောတာပန် ဖြစ်ပြီးတော့ ဝေရဉ္ဇာမြို့မှာ ဝါကပ်ဖို့ မြတ်စွာ ဘုရားကို လျှောက်ထား တောင်းပန်ပါတယ်။ ဒါကြောင့် မြတ်စွာ ဘုရားဟာ တပည့် ရဟန်းတော် ငါးရာနှင့် တကွ အဲဒီမှာဘဲ ဝါကပ်သီတင်းသုံးတော်မူပါတယ်။

ဝေရဉ္ဇပုဏ္ဏားကြီးက ဝါကပ်ဖို့ လျှောက်ပေမဲ့ ကျောင်းဆောက်လှူတာလဲ မဟုတ်ဘူး၊ ဒါကြောင့် အဲဒီ နဠေရုအရှင်ကြီးတမာပင်ကြီးအောက်မှာဘဲမြတ်စွာဘုရားသီတင်းသုံးတော်မူရတယ်၊ တပည့် ရဟန်းတော်တွေလဲ အဲဒီ အနီး အပါးကသင့်လျော်တဲ့သစ်ပင်တွေအောက်မှာသီတင်းသုံးတော်မူကြရပါလိမ့်မယ်၊ အဲဒီ အရပ်မှာ တမာပင်ကြီးတွေက ပေါတယ်လို့ဆိုပါတယ်၊ဒါကြောင့်တမာပင်ကြီးတွေအောက်မှာလဲဖြစ်စရာ
(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အကြောင်းရှိပါတယ်၊ ဒါပေမဲ့ အဲဒီနှစ်က မိုးခေါင်လို့ အဲဒီအရပ်မှာ ဒုဗ္ဘိက္ခဘေးသင့်နေပါတယ်၊ ဒါကြောင့်မိုးစိုမှာတော့ စိုးရိမ်စရာ ရှိဟန်မတူဘူး။

အဲဒီလို ဝေရဉ္စပုဏ္ဏားကြီးက လျှောက်လို့ မြတ်စွာဘုရားက လက်ခံပြီး ဝါကပ် သီတင်းသုံး နေတော်မူတဲ့ အခါမှာလဲ မာရ်နတ်က ဝေရဉ္စာမြို့နှင့်တကွ ပတ်ဝန်းကျင်မှာ ဆွမ်းခံသွားနိုင်ပြန်နိုင်လောက်တဲ့ တယူဇနာရှိအရပ်မှာ ဘုရားမှန်း ရဟန်းသံဃာမှန်းမသိအောင် လှည့်စား ဖြားယောင်းထားပါသတဲ့။ နောက်ပြီးတော့ အဲဒီအရပ်မှာ အစာရှားပါးတဲ့ ဒုဗ္ဘိက္ခကပ်ဆိုးနဲ့လဲ ကြုံနေပါတယ်၊ သလာကာဝုတ္တာ-စာရေးတံဖြင့် အသက်မွေးရတယ်လို့ ဆိုပါတယ်၊ ယခုကာလ ရာရှင် စံနစ်မျိုးဖြင့် ပဒ္ဒည်းဖြန့်ဖြူးပြီး ကန့်သတ်ထားသလောက်သာ ဝယ်ယူပြီး သုံးဆောင်ရတာကို ဆိုလို ပါတယ်။ ဟိုတုန်းက သယ်ယူပို့ဆောင်ရေးတွေက မပြည့်စုံတဲ့အတွက် ဒီလိုဒုဗ္ဘိက္ခကပ်ဆိုးနဲ့ တွေ့ရဟန်တူပါတယ်၊ အိန္ဒိယ နိုင်ငံထဲမှာပင် အခြားမြို့တွေမှာတော့ အဲဒီဘုန်းက ဒီလိုရှားပါးဟန် မတူပါဘူး။

အဲဒီလိုအစာရှားပါးတဲ့ ဒုဗ္ဘိက္ခကပ်ဆိုးနဲ့ ကြုံနေတဲ့အခါမှာ မာရ်နတ်ကလဲ လှည့်စားထားတဲ့ အတွက် ရဟန်းတော်တွေ ဆွမ်းခံကြွတဲ့အခါ ဆွမ်းလောင်းမည့်သူ မရှိလို့ ဆွမ်းမရဘဲနဲ့ မြို့မှ ပြန်ထွက်လာကြရပါသတဲ့။ အဲဒီအခါမှာ ကသ္မီရ ဂန္ဓာရ ဆိုတဲ့ အိန္ဒိယမြောက်ပိုင်း ဥတ္တရာပထအရပ်က မြင်းကုန်သည် ငါးရာကလဲ အဲဒီမြို့ရောက်လာကြတယ်၊ လူတွေမှာအစာရှား

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဘဲ့ ဒုဗ္ဘိက္ခကပ် ဆိုက်နေတဲ့အခါ မြင်းကို ဝယ်မည့်သူကလဲ မရှိပေဘူး၊ မိုးရာသီမှာ သူတို့နေရပ်ကိုလဲ ပြန်လို့မဖြစ်ဘူး။ ဒါကြောင့် အဲဒီ မြင်းကုန်သည်တွေကလဲ အဲဒီ ဝေရဉ္ဇာမြို့မှာဘဲ စခန်းချပြီး မိုးခိုနေကြရတယ်။ အဲဒီ မြင်းကုန်သည်တွေက ရဟန်းတော်တွေ ဆွမ်းမရကြတာကို မြင်တွေ့ကြရတဲ့ အတွက် ဆွမ်းလှူဘို့ရာ စေတနာ ဖြစ်လာကြတယ်၊ ဒါပေမဲ့ သူတို့မှာ အရပ်ဝေးက ဧည့်သည်တွေ ဖြစ်ကြတဲ့အတွက် နေ့စဉ် ဆွမ်းလှူဘို့ရာတော့လဲ မတတ်နိုင်ကြဘူး၊ သူတို့မှာ မြင်းစာ ရှားတဲ့အခါ မြင်းကျွေးဘို့ ပုလက-လို့ခေါ်တဲ့ ဂျုံဆန်တွေ ပါလာကြတယ်၊ ပုလက-ဆိုတာ ယဝ-ခေါ်အခွံကြမ်းပါတဲ့ ဂျုံကို အခွံခွါပြီး ပြုတ်ဆန်များလို ပြုလုပ် ပေါင်းတင်ထားတဲ့ ဂျုံဆန်ပင်ဖြစ်ပါတယ်၊ အဲဒီပြုတ်ထားတဲ့ဂျုံဆန်ကို အိန္ဒိယမှာ ခရီးရိက္ခာအဖြစ် ဆောင်ယူလေ့ ရှိကြပါတယ်၊ ရှေးဆရာများကတော့ အဲဒီ ယဝနှင့် ပုလက ပုဒ်များကို မုယော စပါးလို့ ဘာသာပြန်ခဲ့ကြပါတယ်၊ အဲဒီ မုယော ဆိုတာကိုလဲ ဂျုံဆန်ဘဲလို့ မှတ်ယူရပါတယ်။ဒါကြောင့် အဲဒီ မြင်းကုန်သည်တွေက မြင်းငါးရာကို နံနက် တစလယ်၊ ညနေ တစလယ် မုယောဆန် ဂျုံဆန်တွေ ကျွေးနေတာထဲက မြင်းတွေကို တနေ့တကြိမ်သာကျွေးမယ်၊ ကျန်တကြိမ်အတွက် မုယောဆန်တွေကို ရဟန်းတော်များအား လှူမယ်လို့ ကြံပြီး ရဟန်းတော်များကို သူတို့တဲခိုရာ မြင်းဝင်းစခန်းသို့နေ့စဉ်ဆွမ်းခံကြွရန်ပင့်လျှောက်ပြီး တပါးတပါးကိုမုယောခေါ်တဲ့ဂျုံဆန် တစလယ်စီလောင်းလှူကြပါတယ်။ သူတို့ကလဲ ဧည့်သည်တွေဆိုတော့ ချက်ပြုတ်ပွဲပြင်ပြီး ကပ်ဖို့ရာ မတတ်နိုင်ကြပေဘူး၊ ဒါကြောင့် အရှင်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဘုရားတို့ သင့်တော်သလို လုပ်ပြီး ဘုဉ်းပေးကြပါတော့-လို့ ဆိုတဲ့ သဘောမျိုးနဲ့ လှူလိုက်ကြဟန် တူပါတယ်။

ပိုးမထိုးရအောင် ပြုတ်ပြီး ပေါင်းတင်ပြီးသား ပြုတ်ဆန်တွေဆိုတော့ ထောင်းထုပြီး ရေနဲ့ ဆွတ်ပြီး စားနိုင်ပါတယ်၊ ဒါကြောင့် ရဟန်းတော်တွေလဲ ရှစ်ပါးစီ ဆယ်ပါးစီ တဖွဲ့ တဖွဲ့ဖွဲ့ပြီး ဆုံနဲ့ထောင်းကြရတယ်၊ ထောင်းပြီးတော့ ရေနဲ့နှူးပြီး ဘုဉ်းပေးတော်မူကြရပါတယ်-တဲ့။ မြတ်စွာဘုရား အတွက်ကတော့ မြင်းကုန်သည် တွေက မုယောဆန် တစလယ်ရေအဲဒါနဲ့ ရောစားဖို့ သင့်တော်လောက်တဲ့ ထောပတ် ပျားသကာရော လှူကြပါတယ်၊အဲဒီမုယောဆန်ကို အရှင်အာနန္ဒာက ကျောက်ပြင်မှာ ကြိတ်ချေပြီးတော့ ထောပတ် စသည်နဲ့ သင့်လျော်အောင်ရောစပ်ပြီး မြတ်စွာဘုရားအား ကပ်ပါတယ်၊ အဲဒီမှာ နတ်တွေက နတ်သြဇာကိုလဲ ထည့်ပေးသေးတယ်လို့ ဆိုပါတယ်။ အဲဒီ မုယောဆွမ်းကို ဘုဉ်းပေးတော် မူပြီးတော့ မြတ်စွာဘုရားဟာ နင္ဒေရှ တမာပင်ကြီးအောက်မှာ ဖလသမာပတ်ဝင်စားလျက် အချိန် ကုန်စေပါတယ်-တဲ့၊ ရဟန်းတွေလဲ အရှင်အာနန္ဒာမှ တပါးဆိုယင် ရဟန္တာ ပုဂ္ဂိုလ်မြတ်တွေချည်းပါဘဲ၊ အရှင်အာနန္ဒာကတော့ အမျှား သိပြီးဖြစ်တဲ့ အတိုင်း အဲဒီတုန်းက သောတာပန်မျှဘဲ ဖြစ်နေပါသေးတယ်၊ ဒီတော့ အားလုံး အရိယာ အရှင်မြတ်တွေချည်းပါဘဲ၊ဒါကြောင့် အဲဒီရဟန်းတော်ငါးရာလဲ အဲဒီ မုယောဆန်ဆွမ်းကို ဘုဉ်းပေးပြီး သစ်ပင်တွေအောက်မှာ ဖလသမာပတ် ဝင်စား နေကြပေလိမ့်မယ်။ အဲဒီတဝါတွင်းလုံး ဒီပုံဒီနည်းဖြင့် သံဃာတော်ငါးရာ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



နှင့်တကွ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပုံကို မြော်တွေးဆင်ခြင်ပြီး ကြည့်လိုက်ယင် သိပ် ကြည်ညိုစရာ ကောင်းတာပါဘဲ။

ဒီနေရာမှာ သာမန်ပုဂ္ဂိုလ်အနေနဲ့ စဉ်းစားကြည့်ယင် ကျေနပ်စရာ မကောင်းတာကတော့–မြတ်စွာဘုရားမှာ ဘဝပေါင်းများစွာ ကမ္ဘာပေါင်း များစွာက ဖြည့်ဆည်းပူးခဲ့တဲ့ ဒါနအစရှိသော ပါရမီတော်တွေ ဘုန်းကံတော်တွေ အနန္တ ရှိနေပါလျက်နဲ့ ဘာကြောင့် ဒါလောက် ယုတ်ညံ့တဲ့ မုယောဆွမ်းကို ဘုဉ်းပေးတော်မူရပါသလဲ၊ သံဃာတော်ငါးရာကလဲ အရိယာတွေ ရဟန္တာ အရှင်မြတ်တွေ ဖြစ်ပါလျက် ဘာကြောင့် ဒီလို မုယောဆွမ်းကို ဘုဉ်းပေးတော်မူကြရသလဲဆိုတာ ကျေနပ်စရာ မကောင်းဘူး၊ အဲဒါ ဘာကြောင့်လဲ–လို့ မေးစရာရှိပါတယ်။ အဖြေကတော့–လောကဓံတရားမို့မရှောင်မလွှဲသာလို့ တွေ့ရတယ်ဆိုယင်လဲ တိုတိုနဲ့ ပြေလည်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီ ဆိုးတဲ့ လောကဓံနဲ့ ဘာကြောင့် တွေ့ရသလဲ-လို့လဲ ဆက်ပြီးမေးစရာ ရှိလာပြန်ပါတယ်။ အဲဒါကိုတော့ ပါဠိအဋ္ဌကထာတွေမှာ တိုက်ရိုက်ဖြေထားပြီးရှိပါတယ်။ အဲဒါက ဘယ်လိုလဲဆိုလျှင်- အပဒါန်ပါဠိတော်မှာ ဒီလို ဟောထားပါတယ်။

ဖုဿဿာဟံ ပါဝစနေ၊ သာဝကေ ပရိဘာသယိံ။
ယဝံ ခါဒထ ဘုဉ္ဇထ၊ မာ စ ဘုဉ္ဇထ သာလယော။
တေန ကမ္မဝိပါကေန၊ တေမာသံ ခါဒိတံ ယဝံ။
နိမန္တိတော ဗြာဟ္မဏေန၊ ဝေရဉ္ဇာယံ ဝသိံ တဒါ။
[အပ၊ ပ၊ ၃၄၉]

(တတိယအကြိမ်)

အဟံ၊ ငါသည်။ ဖုဿဿ၊ ပါဝစနေ၊ ဖုဿမြတ်စွာဘုရား၏ သာသနာ၎တော်၌။ သာဝကေ၊ တပည့် သာဝကတို့ကို။ ယဝံ ခါဒထ ဘုဉ္ဇထ၊ မုယောဆွမ်းကို ခဲကြစားကြကုန်လော။ မာ စ ဘုဉ္ဇထ သာလယော၊ သလေးဆွမ်းတို့ကို မစားကြကုန်လင့်-ဟူ၍။ ပရိဘာသယိံ၊ ကြိမ်းမောင်း ဆဲဆိုခဲ့မိလေပြီ။

တေန ကမ္မဝိပါကေန၊ ထိုဆဲဆိုမှု-ဝစီကံ၏အကျိုးအားဖြင့်။ ဗြာဟ္မဏေန နိမန္တိတော၊ ဝေရဉ္ဇပုဏ္ဏားက ပင့်လျှောက်အပ်သည်ဖြစ်၍။ ဝေရဉ္ဇာယံ ဝသိံ၊ ဒုဗ္ဘိက္ခကပ်ဆိုက်နေသော ဝေရဉ္ဇာမြို့၌ဝါကပ်၍နေခဲ့ပြီ။ တဒါ၊ ထိုသို့ နေစဉ်အခါ၌။ တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ ယဝံ၊ မုယောဆွမ်းကို။ ခါဒိတံ၊ ဘုဉ်းပေးသုံးဆောင်ခဲ့ရလေပြီ-တဲ့။

ဖုဿမြတ်စွာဘုရားရဲ့ တပည့်ရဟန်းတော်တွေကို "သလေးဆွမ်းမစားကြနဲ့၊ မုယောဆွမ်းစားကြ"လို့ ကြိမ်းမောင်း ဆဲရေးခဲ့တဲ့ ဝစီကံကြောင့် ဝေရဉ္ဇာမြို့မှာ ဝါကပ်စဉ် မုယောဆွမ်းကို ဘုဉ်းပေးတော်မူရတယ်-လို့ ဆိုပါတယ်။*

---

* ဤအရာ၌ စဉ်းစားဘွယ်ရှိ၏။ ဗုဒ္ဓဝံသ ပါဠိတော်၌ ဖုဿမြတ်စွာဘုရားသည် လွန်ခဲ့သော ၉၂-ကမ္ဘာထက်က ပွင့်တော်မူခဲ့ကြောင်း၊ ထိုစဉ်အခါက ငါတို့မြတ်စွာဘုရား အလောင်းတော်သည် ဝိဇိတာဝီ မည်သော မင်းဖြစ်၍ ရဟန်းပြုကာ တရားကျင့်သုံးပြီးလျှင် ဈာန် အဘိညာဉ် ရ၍ ဗြဟ္မာ့ပြည်သို့ လားကြောင်း ပြဆိုလျက်ရှိ၏။ ထိုပြဆိုချက် အရအားဖြင့်· ဝိဇိတာဝီမင်းသည်-ဖုဿ မြတ်စွာဘုရား၏ သာသနာတော်ကို မကြည်ညိုမိက ကြိမ်းမောင်း ဆဲဆိုခဲ့လေ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဝိနည်းအဋ္ဌကထာပြဆိုထားပုံကတော့–အဲဒီ ၁၂–၀ ါမြောက်မှာ အဲဒီအကုသိုလ်ကံကြောင့် မာရ်နတ်က လှည့်စားဘို့ အခွင့်ရတဲ့အတွက် ခုနက ပြောခဲ့တဲ့အတိုင်း မာရ်နတ်က ဝေရဉ္ဇာ တမြို့လုံးနှင့်တကွပတ်ဝန်းကျင်တယူဇနာအရပ်ရှိလူအားလုံးကို ရှိသေမှု လှူဒါန်းမှု မပြုနိုင်အောင် လှည့်စား ဖြားယောင်း ထားသောကြောင့် အဲဒီ အရပ်ရှိလူတွေက ဆွမ်းမလှူကြဘဲ ဖြစ်နေရာမှာ မာရ်နတ်လှည့်စားပြီးတဲ့နောက်မှ ရောက်လာတဲ့ မြင်းကုန်သည်တွေက တပါးတပါးလျှင် မုယောဆန်တစလယ်စီ ဘိတ်မာန် ဝတ်တည်ထားတဲ့အတွက် အဲဒီ မုယောဆွမ်းကိုသာ သင့်တော်သလို ပြုပြင်ပြီး သုံးဆောင်ရကြောင်း ပြဆိုထား ပါတယ်။

ဒီလိုဆိုယင် မာရ်နတ်မလှည့်စားရသေးတဲ့ အခြားမြို့တွေမှာ သွားပြီး ဝါကပ်ရလို့ရှိယင် မသင့်တော်ပေဘူးလား–လို့ဒီလိုလဲ

---

သလော ဟု ယူဆဘွယ် ရှိ၏။ အပဒါန် အဋ္ဌကထာ၌မူ ဘုရား အလောင်းတော်သည် ထိုဘုရား လက်ထက်က အညတရ တခုသော အမျိုး၌ ဖြစ်၍ ရဟန်းတော် များကို ထိုကဲ့သို့ ပြစ်မှားပြောဆိုခဲ့သည်ဟု ပြဆိုထား၏။ ထိုစကား၌ အညတရ တခုသော အမျိုး၌ ဖြစ်ခြင်းသည် ဝိဇိတာဝီမင်း မဖြစ်မီက ဖြစ်သည်ဟု ယူရန်လည်း မသင့်။ ဝိဇိတာဝီ မင်းက ရဟန်းပြု၍ ဗြဟ္မာ့ပြည်သို့ လားသည့်ဟု ဗုဒ္ဓဝံသ ပါဠိ၌ ဆိုထားသောကြောင့် ဝိဇိတာဝီမင်း ဘဝမှ နောက် ကာလ၌ဖြစ်သည်–ဟု ယူရန်လည်း မလျော်လှပေ။
(တတိယအကြိမ်)

WWW.DHAMMARANSI.COM



စဉ်းစားစရာ ရှိပါတယ်၊ အဲဒီနှစ်မှာတော့ ဘယ်မြို့ဘဲ ကြွကြွ၊ မာရ်နတ်က လိုက်ပြီး လှည့်စားမှာဘဲတဲ့၊ ဝေရဉ္စာ မြို့မှာတော့ မြင်းကုန်သည်တွေက လှူတဲ့ မုယောဆွမ်းကို ရနေတဲ့အတွက် အဲဒီမြို့ဟာ အသင့်လျော်ဆုံးပါဘဲ-တဲ့။

ဒါဖြင့် မာရ်နတ်က မြင်းကုန်သည်တွေကိုတော့ ဘာကြောင့် မလှည့်စားပါသလဲဆိုယင် မြင်းကုန်သည်တွေက သူလှည့်စားပြီး ဘဲ့နောက်မှ ရောက်လာကြတယ်၊ ရောက်လာ ပြီးတော့လဲ ဘုရားနှင့်တကွ သံဃာငါးရာအား မုယောဆန် ဆွမ်းလှူဘို့ ဘိတ်မာန် လျှောက်ထားပြီး ဖြစ်သွားပါတယ်၊ မြတ်စွာဘုရား အား လှူဘို့ ဘိတ်မာန် လျှောက်ထားပြီး ဖြစ်တဲ့ အလှူဝတ်ကို တော့ ဘယ်သူမှ အန္တရာယ် မပြုနိုင်ဘူး-လို့ မိလိန္ဒပဉှာနဲ့ အဋ္ဌ ကထာများမှာ ပြဆိုထားပါတယ်။

ယခု ပြောခဲ့တဲ့အတိုင်း မြတ်စွာ ဘုရားမှာတော့ ပြစ်မှား ပြောဆိုခဲ့တဲ့ ဝစီကံကြောင့် ဆိုတာကို သိရပါပြီ၊ အဲဒီတုန်းက မုယောဆွမ်းကို ဘုဉ်းပေးတော်မူကြတဲ့ ရဟန်းတော် ငါးရာ မှာတော့ ဘာကြောင့်ပါလဲ-လို့ ဒီလိုလဲ မေးစရာ ရှိပါတယ်။ အဖြေကတော့ ဘုရား အလောင်းတော်ကြီးတောင် ဒီလို ချွန်ရင်းတဲ့ ဝစီကံ ကျူးလွန်ခဲ့တယ်ဆိုယင် သာဝက အလောင်း တွေမှာတော့ ဒီလို အကုသိုလ်ကံတွေ အများကြီး ရှိနိုင်ပါ တယ်၊ အဲဒီလို ကံကြောင့် တပည့်သာဝက ရဟန်းတော်တွေလဲ အဲဒီတုန်းက မုယောဆွမ်းကို ဘုဉ်းပေးကြရတယ် လို့ ယူဆ နိုင်ပါတယ်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အဲဒီတော့ အနန္တဘုန်းတော် ကံတော်တွေနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားတောင် တချိန်က ဖြစ်မှားခဲ့ဘူးတဲ့ ဝစီကံကြောင့် မွန်မြတ်တဲ့ဆွမ်းကို မရတဲ့ အလာဘဆိုတဲ့လောကဓံနဲ့ တွေ့ရသေးယင် ငါတို့လို သာမန် လူသားတွေမှာ "မရခြင်း ရပြီးသားတွေ ဆုံးပါး ပျက်စီးခြင်း"ဆိုတဲ့ အလာဘ လောကဓံနဲ့ ဘယ်မှာ မတွေ့ရဘဲ ရှိမလဲ၊ တွေ့ရပေလိမ့်မယ်၊ တွေ့ရပေမဲ့လောကဓံကို သည်းခံတော်မူနိုင်တဲ့ မြတ်စွာဘုရား၏ ဂုဏ်တော်ကို ကြည်ညို ပူဇော်သောအားဖြင့် မြတ်စွာ ဘုရားလိုပင် စိတ်မပျက်ပဲ စိတ်မညစ်ပဲ သည်းခံနေမယ်လို့ ဒီလို နှလုံးသွင်း သင်ခြင်သင့်ပါတယ်။

နောက်ပြီးတော့ အဲဒီတုန်းက မြတ်စွာဘုရား၏ အခြွေအရံဖြစ်တဲ့ ရဟန်းတော်တွေဟာလဲ အင်မတန် ကြည်ညိုဘွယ်ကောင်းပါတယ်၊ ထောင်းထုပြီးတော့ ရေနဲ့နှူးပြီး စားကြရတဲ့ မုယောဆွမ်းဟာ ဘာမှ ကောင်းမှာ မဟုတ်ပါဘူး။ ယခုကာလ ကြမ်းပေ့ ဆိုတဲ့ဆွမ်းကြမ်းခဲစားရတာလောက်တောင် ကောင်းမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အဲဒီတုန်းက ရဟန်းတော်တွေဟာ အဲဒီမုယောဆွမ်းနဲ့ဘဲ ရောင့်ရဲမျှတပြီး နေတော်မူကြတယ်။ အဲဒါကြောင့် မြတ်စွာဘုရားက ဒီသို့ချီးကျူးတော်မူပါတယ်။

အာနန္ဒ၊ အာနန္ဒာ။ တမေ့ဟိ သပ္ပုရိသေဟိ၊ သူတော်ကောင်းဖြစ်ကြသော သင်တို့သည်။ ဝိဇိတံ၊ အောင်နိုင်အပ်ပါပေပြီ-တဲ့။

ရလာတဲ့ မုယောဆွမ်းမျှနဲ့ အားရ ရောင့်ရဲ နေနိုင်ကြတဲ့အတွက် သင်တို့ဟာ အောင်ပါပေပြီ၊ အစာရှားတဲ့ဘေးကိုလဲ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အောင်ပေပြီ၊ လောဘကိုလဲ အောင်ပေပြီ၊ အလိုဆိုးကိုလဲ အောင်ပေပြီ-လို့ဆိုလိုပါတယ်။

အစားရှားတဲ့ဘေးကို အောင်ပုံကတော့ အဲဒီအခါတုန်းက ဝေရဥ္ဇာမြို့နယ်နှင့် ဆက်စပ်နေတဲ့ အခြားရွာ နိဂုံးတွေမှာတော့ အသီးအနှံထွက်ကောင်းပြီး သာယာ ဝပြောနေတယ်လို့ ဆိုပါတယ်၊ ဒါပေမဲ့ အဲဒီလိုသာယာဝပြောတဲ့အရပ်မှာ ဝါမကပ်ပဲ မြတ်စွာဘုရားက ဒီအစာရှားတဲ့မြို့မှာ ဝါကပ် သီတင်းသုံးတဲ့ အတွက် ငါတို့မှာ အစာရှား ဘေးဆိုးနဲ့ တွေ့ရတယ်လို့ ရဟန်းတပါးမျှ ကြံစည်ခြင်း၊ စိတ်ခုခြင်း မရှိကြဘူးတဲ့၊ အဲဒါဟာ အစာရှားတဲ့ဘေးကို သည်းခံနိုင်ပြီး အောင်ပုံပါဘဲ။'

လောဘကို အောင်ပုံကတော့ ဆွမ်းကိုမကပ်မောတဲ့ လောဘဖြင့်နေ့ချင်းမပြန်နိုင်တဲ့အရပ်ကိုသွားပြီးဆွမ်းခံခြင်း၊ပုရိမဝါကို ဖျက်ပြီး သာယာ ဝပြောတဲ့ အရပ်မှာ ပြောင်းရွှေ့၍ ဝါကပ်ခြင်းမျိုးကို ရဟန်းတပါးမျှ မပြုကြဘူး-တဲ့၊ အဲဒါဟာ လောဘကို အောင်ပုံပါဘဲ။

အလိုဆိုးကို အောင်ပုံကတော့''မည်သည့်ရဟန်းဟာ ဈာန်ရတယ်၊ အဘိညာဉ် ရတယ်၊ အကြား အမြင် ပေါက်တယ်၊ ရဟန္တာဘဲ''စသည်ဖြင့်မိမိတို့ရဲ့ ဈာန်အဘိညာဉ်မဂ်ဖိုလ်ဂုဏ်ထူးတွေကို ပြောကြား ကျေညာမယ် ဆိုယင် လူတွေက အထူးကြည်ညိုကြပြီးတော့ မိမိတို့ကိုယ်တိုင် မစားဘဲ နေပေမဲ့ လှူကြဘွယ်ရှိပါတယ်၊ ဒါပေမဲ့အဲဒီလိုလာဘ်ရရေး ဘုန်းကြီးရေးကို မျှော်တဲ့ အလိုဆိုးဖြင့် ရဟန်းတပါးမျှ မိမိတို့၏ ဂုဏ်ကို မပြောကြား မကျေညာကြဘူးတဲ့၊ အဲဒါဟာအလိုဆိုးကို အောင်ပုံပါဘဲ။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အဲဒီလို မြတ်စွာဘုရားက ရဟန်းတော် ငါးရာ၏ ဂုဏ်ကို ချီးကျူးပြီးတော့ နောက်ကာလ၌ ရဟန်းများ အလိုကြီးကြမည့်အကြောင်းကိုလဲ ဒီလို မိန့်တော်မူခဲ့ပါတယ်။

မစ္ဆိမာ ဇနတာ၊ နောင်လာနောက်ပွား ရဟန်းများသည်။ သာလိမံသောဒနံ၊ သင်တိုက်ကဲ့သို့သော ရှေး သူတော်ကောင်းများကို ကြည်ညို၍ ရိုသေစွာ လှူအပ်သော သလေးဆန် အသားဟင်းတို့ဖြင့် ပြီးသော မွန်မြတ်သော ဆွမ်းဟင်းကို။ အတိမညိဿတိ၊ဒီဆွမ်းကမာလိုက်တာ, ပြော့လိုက်တာ, ဒီဟင်း ကငန်လိုက်တာ, ပေါ့လိုက်တာ, ချဉ်လိုက်တာ, အေးလိုက်တာ စသည်ဖြင့် မထီမဲ့မြင် ပြုကြပေလိမ့်မည်-တဲ့။အဲဒါကတော့ ယခုခေတ်မှာ အချို့ ပုဂ္ဂိုလ်တွေ ပြောဆိုပုံနဲ့ ကိုက်နေပါတယ်၊ သတိပြုစရာပါဘဲ။

အဲဒီတုန်းက အဲဒီ ရဟန်းတော်တွေ ဘာမှ မကောင်းတဲ့ မုယောဆွမ်းကို မညည်းညူဘဲ ဘုဉ်းပေးတော် မူကြတာကို အာရုံပြုပြီးတော့လဲ လာဘ်မရတာရပြီးသားလာဘ်တွေပျက်စီးသွားတာနဲ့ တွေ့ယင် သည်းခံနိုင်အောင် သတိ ပြုသင့်ပါတယ်။

## ဆီးဖြူသီး တခြမ်းနဲ့ အသောက

သီရိဓမ္မာသောက မင်းကြီးဆိုတာ အများက သိပြီးဖြစ်ကြပါတယ်၊ ဘုန်းတန်ခိုး အလွန်ကြီးမားပါတယ်၊ ရွှေငွေ ဘဏ္ဍာတော်တွေအလွန်ပေါများပါတယ်၊ဗုဒ္ဓသာသနာတော်ကိုကုဋေတရာအထိ လှူဒါန်းထောက်ပံ့ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံး

WWW.DHAMMARANSI.COM



အချိန်ကျခတော့ ဆီးဖြူသီး တခြမ်းသာ ရှိတော့တဲ့ အကြောင်း ဝိသုဒ္ဓိမဂ်မှာ ဒီလို ပြဆိုထားပါတယ်။

သကလံ မေဒိနိံ ဘုတွာ၊ ဒတွာ ကောဋိသတံ သုခီ။
အဍ္ဍာမလကမတ္တဿ၊ အန္တေ ဣဿရတံ ဂတော။

သုခီ၊ အလွန်ချမ်းသာကြွယ်ဝသော အသောကမင်းသည်။ သကလံ မေဒိနိံ၊ ဇမ္ဗူဒိပ်ကျွန်း တမြေထောင်လုံးကို၊ ဝါ၊ တမြေထောင်လုံးမှ ထွက်သော အခွန်ဘဏ္ဍာတော်ကို။ ဘုတွာ၊ သုံးဆောင်ခံစားပြီး၍။ကောဋိသတံ ဒတွာ။ ကုဋေတရာသော ဘဏ္ဍာငွေကို လှူဒါန်းပြီး၍။ အန္တေ၊ နောက်ဆုံးပိုင်း၌ အချိန် ကာလ၌။ အဍ္ဍာမလကမတ္တဿ၊ ဆီးဖြူသီး တခြမ်းမျှ၏။ ဣဿ ရတံ၊ ပိုင်ရှင်အဖြစ်သို့။ ဂတော၊ ဘုန်းကံလျော့ကာ ရောက်ရရှာ လေတော့သတည်း။

နောက်ဆုံးကာလမှာ ဆီးဖြူသီးတခြမ်းမျှ၏ ပိုင်ရှင်ဖြစ်ပုံကို ဒိဗျာဝဒါနကျမ်းက ဒီလို ပြထားပါတယ်။ အသောကမင်း ကြီးအိုမင်းပြီး မကျန်းမာတဲ့အခါမှာ မှူးမတ်ကြီးများက အိမ် ရှေ့မင်းဖြစ်တဲ့ မြေးတော်သမ္ပဒိနှင့် တိုင်ပင်ပြီး ဘဏ္ဍာတိုက်ကို ထိန်းသိမ်းထားတယ်၊စားဘောင်အုပ်ထည့်၍မင်းကြီးထံပို့လာတဲ့ ရွှေခွက်တွေကို မင်းကြီးက လှူလှူပစ်တဲ့ အတွက် ငွေခွက်ဖြင့် ပို့စေတယ်၊ ငွေခွက်ကိုလဲ လှူပြန်သောကြောင့် ကြေးခွက်ဖြင့် ပို့စေတယ်၊ ကြေးခွက်ကိုလဲလှူပြန်သောကြောင့် မြေခွက်ဖြင့်ပို့ စေတယ်၊နောက်ဆုံးမှာ ဆီးဖြူသီးတခြမ်းကို မြေခွက်နဲ့ထည့်ပြီး ပို့စေပါသတဲ့၊ ဆေးအဖြစ် သုံးဆောင်ရန် ဖြစ်ကောင်း ဖြစ်ပါ လိမ့်မယ်။အဲဒီအခါမှာ မင်းကြီးက ဒီမြေကိုဘယ်သူအစိုးရသလဲ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



လို့ မေးပါတယ်။ အရှင်မင်းကြီး အစိုးရပါတယ်–လို့လျှောက်တဲ့အခါ "ဒီလိုမဟုတ်ဘူး၊ ငါဟာမင်းအဖြစ်မှ လျှောကျနေပြီ၊ ဆီးဖြူသီး တခြမ်းသာ ငါပိုင်တော့တယ်"လို့ မိန့်ဆိုပါသတဲ့။ အဲဒီက နောက်လဲမကြာခင်ဘဲ နတ်ရွာစံတော်မူတယ်လို့–ဒိဗျာဝဒါနကျမ်းမှာ ပြဆိုထားပါတယ်။

အဲဒီအဆိုအတိုင်းပင် ဝိသုဒ္ဓိမဂ်မှာမိန့်ဆိုသွားတယ်လို့ယူရပါတယ်။ အဲဒီတော့ အင်မတန်ပေါများ ကြွယ်ဝပြီး ဘုန်းတန်ခိုးကြီးမားတဲ့ အသောကမင်းတောင် နောက်ဆုံးတချိန်မှာ ဆီးဖြူသီးတခြမ်းမျှပိုင်တာကို ထောက်ဆကြည့်ယင် စီးပွားပျက်တဲ့ အလာဘ လောကဓံနဲ့ တွေ့နေကြရတဲ့သူတွေမှာ ယောနိသောမနသိကာရဖြင့် နှလုံးသွင်းဆင်ခြင်ပြီး စိတ်ဆင်းရဲမှု သက်သာစရာအကြောင်း ရှိပါတယ်။

## အခြေအရံမဲ့ခြင်းနှင့် ဘုရား

နောက်ပြီးတော့ အနီး အပါးမှာ ငါးရာ, တသောင်း, ဘသောင်း,စသည်ဖြင့် အခြေအရံများစွာရှိတော်မူတဲ့ မြတ်စွာဘုရားတောင် တခါတရံ အခြေအရံ မရှိဘဲ တပါးတည်း သီတင်းသုံးတော်မူရတာလဲ ရှိတယ်။ ဘယ်လိုလဲ ဆိုလျှင်—

အခါတပါးမှာ မြတ်စွာဘုရားဟာ နောက်လိုက် အလုပ်အကျွေး နာဂသမာလထေရ်နှင့် ခရီးကြွနေစဉ် လမ်းနှစ်ခုကို တွေ့ရတဲ့အခါ မြတ်စွာဘုရားကဘေးကင်းတဲ့လမ်းကို ကြွတယ်၊ နာဂသမာလထေရ်က "တပည့်တော် ဒီလမ်းက သွားပါမယ်၊ မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို မြတ်စွာဘုရား ကိုယ်တိုင်ပင် ယူကြွပါတော့"လို့ဆိုပြီး သူက အခြားလမ်းကို သွားတယ်၊

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အဲဒီအခါ မြတ်စွာဘုရားဟာ သပိတ်နှင့်သင်္ကန်းကြီးကို ကိုယ်တော်တိုင်ယူဆောင်ပြီးအခြွေအရံမပါဘဲတပါးတည်းကြွတော်မူရတယ်၊ ဒီလိုအခါလဲ ရှိတယ်။ ဒါပေမဲ့ တယ်တော့မကြာပါဘူး၊နာဂသမာလထေရ်ကို သူသွားတဲ့လမ်းကလူဆိုးဒမြတွေက သပိတ် သင်္ကန်းကို ယူပြီး သူ့ ခေါင်းကိုလဲ ရိုက်ခွဲလိုက်ကြလို့ သူဟာ မြတ်စွာဘုရားထံ ပြန်လာခဲ့ရတယ်၊

နောက်ပြီးတော့ တခါကလဲ မြတ်စွာဘုရားဟာ မေဃိယထေရ်နဲ့ ဇန္တုဆိုတဲ့ ရွာကို ကြွတော်မူပါတယ်၊ အဲဒီ အခါမှာ မေဃိယထေရ်က သရက်တောတခုကို တွေ့ရတာနဲ့ အဲဒီသရက်တောမှာ သွားပြီး–တရားအားထုတ်ပါရစေ၊ မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကိုယူဘော်မူပါလို့ လျှောက်တယ်၊မြတ်စွာဘုရားက မသင့်တော်တဲ့ အတွက် အခြား ပုဂ္ဂိုလ်ကျွေးမည့် ရဟန်းတပါးပါးလာအောင်စောင့်ပါဦး–လို့ပြောပြီး ၃–ကြိမ်တိုင်တိုင် တားမြစ်တော်မူတယ်၊ ဒါပေမဲ့ နောက်ဆုံးကျတော့ ခွင့်ပြုလိုက်ရတယ်။ အဲဒီအခါမှာလဲ မြတ်စွာဘုရားဟာ တပါးတည်း သီတင်းသုံးနေတော်မူရတယ်၊ဒါကလဲတယ်တော့မကြာပါဘူး။ အဲဒီ မေဃိယထေရ်ဟာ မြစ်ကမ်းဘေးမှာ ရှိတဲ့ အဲဒီသရက်ဥယျာဉ်ထဲရောက်တော့သင့်လျော်တယ်ထင်တဲ့ကျောက်ဖျာကြီးပေါ်မှာထိုင်ပြီး ရှုမှတ်နှလုံးသွင်းနေပါတယ်၊အဲဒီလိုနှလုံးသွင်းနေရင်း အကုသိုလ်ဝိတက်တွေ ဖြစ်နေပါသတဲ့။ ဖြစ်ပုံကတော့ သူထိုင်နေရာ ကျောက်ဖျာကြီးက သာမန်နေရာ မဟုတ်ဘူး၊ ရှေးကသူဟာ ၁၀ပေါင်းတရာတိုင်အောင်ဆက်တိုက် မင်းဖြစ်ဘူးပြီးအဲဒီဥယျာဉ်ထဲမှာ ကချေသည်မောင်းမတွေနဲ့ ပျော်ပွဲခံခဲ့

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဘူးတဲ့မင်္ဂလာကျောက်ဖြာကြီးဖြစ်နေပါသတဲ့၊ ဒါကြောင့် ဟို တုန်းကအနုသယ အနေနဲ့ ကိန်းလာခဲ့တဲ့ကိလေသာတွေက သူ့ စိတ်ကူးထဲမှာပရိယုဋ္ဌာန်အနေနဲ့ ထကြွဖြစ်ပေါ်လာကြတယ်၊ အဲဒီမှာထိုင်လိုက်ကတည်းကရဟန်းစိတ်ပျောက်ပြီးတော့သူ့မှာ ကချေသည် မောင်းမမိဿံတွေက ခြံရံခစားနေတဲ့မင်းအနေမျိုး နဲ့ထင်ပြီးကာမစ္ဆန္ဒ ကာမဝိတက်တွေဖြစ်နေပါသတဲ့၊နောက်ပြီး တော့ ရာဇပုရိသလိုခေါ်တဲ့မင်းချင်းယောကျ်ားရဲတွေက သူခိုး ဒမြ၂-ယောက်လို ခိုးထုပ် ခိုးထယ်နှင့်တကွ သူ့ရှေ့မှာ လာပို့ တဲ့အနေ၊ တယောက်ကို သေဒဏ်ပေးတဲ့အနေနဲ့ဗျာပါဒဝိတက် လဲ ဖြစ်နေပါသတဲ့။ အခြားတယောက်ကို ထောင်ချဘို့ အမိန့် ပေးတဲ့အနေနဲ့ ဝိဟိံသာဝိတက်လဲ ဖြစ်နေပါသတဲ့။ အဲဒီလို အကုသိုလ် ဝိတက်တွေ ဖြစ်နေတော့ သူ့စိတ်ထဲ အံ့အားသင့် ပြီးတော့ ဒါကြောင့် ငါ့ကို မြတ်စွာဘုရားက တားမြစ်တာ ဖြစ်မှာဘဲလို့ဆင်ခြင်ပြီး မြတ်စွာဘုရားထံ ပြန်လာခဲ့ပါတယ်။

တချိန်ကတော့ ကောသမ္ဗီမြို့မှာ ရဟန်းတွေဟာ ဘာမျှ မကြီးကျယ်တဲ့သန့်သက်ရေခွက်ထဲ ရေချန်ထားခဲ့တာကလေးကို အကြောင်းပြုပြီး ငြင်းခုန်ကြ ဂိုဏ်းကွဲကြတယ်၊မြတ်စွာဘုရား က စေ့စပ်ရေးသြဝါဒတရားကို ဟောပေမဲ့ မနာခံဘဲ မညီညွတ် ကြဘဲ ရှိနေတယ်။ ဒါကြောင့် မြတ်စွာဘုရားဟာ အဲဒီမြို့ ဃောသိတာရုံကျောင်းမှ တပါးတည်းထွက်ခွါခဲ့ပြီးတော့ပါလိ လေယျကဆိုတဲ့ ပလလဲတောမှာ ဝါကပ် သီတင်းသုံးတော်မူပါ တယ်။အဲဒီတုန်းက အရှင်အာနန္ဒာလဲမြတ်စွာဘုရားဟာ တပါး တည်းကြွလိုတဲ့အကြောင်း ရိပ်မိသိရှိတာနဲ့ မလိုက်ပါဘဲ နေခဲ့ ပါတယ်၊ အဲဒီတောမှာ ပလလဲဆင်ကြီးက ဝတ်ကြီးဝတ်ငယ်ပြု

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



သင့်သမျှကို ပြုတယ်လို့ဆိုပါတယ်၊ ဆွမ်းကတော့ အဲဒီတော အနီးကပလလဲရွာမှာဘဲဆွမ်းခံကြွပြီးဘုဉ်းပေးတော်မူပါတယ်၊ အဲဒီ ရွာသားတွေက သစ်ရွက်မိုးကျောင်းလဲ ဆောက်လုပ်ပြီး လှူတယ်လို့ဆိုပါတယ်။ အဲဒါဟာ ဝါစဉ်အရအားဖြင့်၁၀-ဝါ မြောက် ဖြစ်ပါတယ်၊ အဲဒီ ဝါတွင်းကတော့ ရဟန်းပရိသတ် အခြွေအရံမရှိဘဲ တပါးတည်း သီတင်းသုံးတော် မူရပါတယ်။ လောကအနေနဲ့ ကြည့်ယင်တော့ အခြွေအရံမရှိလို့မကျေနပ်ဖွယ် လိုလိုဖြစ်ပေမဲ့ မြတ်စွာဘုရား၏ အလိုတော်အရ အားဖြင့်တော့ ဝိဝေကဖြစ်ပြီး အလွန်ချမ်းသာတော် မူပါတယ်။

အခြွေအရံမဲ့တဲ့ အယသလောကစံနဲ့တွေ့ယင် ယခုပြောခဲ့တဲ့ အတိုင်း မြတ်စွာဘုရားမှာ ဝိဝေကရပြီး ချမ်းသာနေပုံကို ဆင် ခြင်သင့်ပါတယ်၊ အဲဒီလို ဆင်ခြင်ယင် ဝမ်းမနည်းဘဲ ဝမ်းသာ စရာ ဖြစ်လာနိုင်ပါတယ်။

လောကဘက်က လူတွေမှာတော့ ဒီလို အခြွေအရံ မဲ့တယ် ဆိုယင် အလွန်အမင်းစိတ်ဆင်းရဲကြပေလိမ့်မယ်၊ဒီလိုအခြွေအရံ မဲ့တာကို ဘယ်သူမှ မတွေ့ချင်ကြပေဘူး။ ဒါပေမဲ့ ကံအား လျော်စွာ တွေ့ကြရတာဘဲ။ ပရိနိဗ္ဗာန် စံခါနီး နောက်ဆုံးနှစ် မှာ တချိန်က မြတ်စွာဘုရားဟာ သက္ကတိုင်းထဲက မေဒါဠုပ ဆိုဘဲ့နိဂုံးရွာကြီးကို အမှီပြုပြီး သီတင်းသုံးနေပါတယ်၊ အဲဒီ နိဂုံးရွာကြီးဟာ သာဝတ္ထိမြို့မှ ၃-ယူဇနာ (၂၄-မိုင်ခန့်)သာ ဝေးကွာတယ်လို့ဆိုပါတယ်။ အဲဒီတုန်းကပသေနဒီ ကောသလ မင်းကြီးဟာ မြတ်စွာဘုရားထံ သွားရောက်ပြီး ဖူးမြော်ပါ တယ်၊ ဂန္ဓကုဋိတိုက် ဝင်ခါနီးမှာ မင်းမြောက်တန်ဆာများကို

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ချွတ်ပြီးတော့ ဗန္ဓုလ၏ တူ ဒီဃကာရာယန ဆိုတဲ့ စစ်သူကြီး လက်မှာ ပေးထားခဲ့ပြီး တဦးတည်း ဝင်သွားတယ်၊ မြတ်စွာ ဘုရားကို အံ့လွန်း ရိုသေစွာ ကန်တော့ပြီး တရား စကားတွေ လျှောက်ထားနေပါတယ်။

အဲဒီအချိန်မှာ စစ်သူကြီး ဒီဃကာရာယန-က မင်းမြောက် တန်ဆာများဖြင့် မင်းကြီး၏ သားတော် ဝိဋ္ဋူဘကို မင်း မြှောက်ပြီးတော့ မြင်းတကောင်နဲ့ အလုပ် အကျွေး မိန်းမ တယောက်ကိုသာ ချန်ထားခဲ့ပြီး သာဝတ္ထိမြို့ကို ပြန်သွားကြ ပါတယ်၊ မင်းကြီးဟာ တရားစကား ပြောဆိုပြီးလို့ ဂန္ဓကုဋ္ဌိ တိုက်က ထွက်လာတဲ့အခါ အလုပ် အကျွေး မိန်းမတယောက် ကိုသာ တွေ့ရတော့တယ်၊ အဲဒီမိန်းမက ပြောပြလို့ အကြောင်း အလုံးစုံကို သိရတဲ့ အခါ တူတော် အဇာတသတ် မင်းနဲ့ ပူးပေါင်းပြီး ထီးနန်းပြန်သိမ်းဘို့ ရည်ရွယ်ပြီး ရာဇဂြိုဟ်မြို့ကို သွားတယ်။ လမ်းခရီးက ၄၅-ယူဇနာဝေးတဲ့ အပြင် အရွယ် ကလဲ အသက် ရှစ်ဆယ် အရွယ် အစား အသောက် ကလဲ မမှန်-ဒီအကြောင်း တွေကြောင့် ရောဂါဖြစ်ပြီး ရာဇဂြိုဟ်မြို့ ရောက်တဲ့ ညဥ့်မှာဘဲ မြို့ပြင်က ဇရပ် တခုပေါ်မှာ နတ်ရွာစံ ကံတော်ကုန်ရရှာတယ်။

အဲဒီမှာ ပသေနဒီ ကောသလ မင်းကြီးဆိုတာ ဟို ခေတ်က အိန္ဒိယအလယ်ပိုင်းမှာ အလွန်တန်ခိုးကြီးပြီး အခြေအရံများတဲ့ မင်းတပါး ဖြစ်ပါတယ်။ ဒါပေမဲ့ ကံမကောင်း အကြောင်း မသင့်တော့ သေခါနီး နောက်ဆုံး အချိန်မှာ အခြေ အရံ ဆိုယင် မိန်းမ တယောက်နဲ့ မြင်းတကောင်သာ ရှိရှာတော့

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



တယ်။ သေတဲ့အခါလဲ အခြား နိုင်ငံမှာ မြို့ပြင် ဇရပ်ပေါ် ကိုးကွယ်ရာမဲ့ဖြစ်ပြီး သေရရှာတယ်။ အဲဒါဟာ အလွန်ဘဲ ဝမ်းနည်းကြေကွဲစရာကောင်းပါတယ်။ ဒါပေမဲ့ လောကထဲမှာ နေကြရတဲ့ သူတွေဟာ ဒီလို အခြေအရံ မဲ့တဲ့ လောကခံ တရားဆိုးနဲ့ ရှေးကလဲ တွေ့ခဲ့ကြရတာဘဲ၊ ယခုလဲ တွေ့နေကြ ရတာဘဲ၊ နောင်လဲ တွေ့ကြရမှာဘဲ။ အဲဒီ ကောသလမင်းရဲ့ လောကခံနဲ့ နှိုင်းစာကြည့်ယင် အခြေအရံ မဲ့တဲ့ လောကခံနဲ့ တွေ့နေရတဲ့သူတွေမှာစိတ်သက်သာစရာ အကြောင်းရှိပါတယ်။

## ကဲ့ရဲ့ခြင်းနှင့် ဘုရား

ကဲ့ရဲ့ခြင်း လောကခံနဲ့ တွေ့ရပုံကတော့-မြတ်စွာဘုရားမှာ သီလအစရှိတဲ့ လွန်ကဲထူးမြတ်တဲ့ ဂုဏ်တော်တွေ၊ အရဟံအစ ရှိတဲ့ ၉-ပါးသောဂုဏ်တော်တွေ၊အနန္တဂုဏ်တော်တွေနဲ့ ပြည့်စုံ တော်မူတဲ့အတွက် ကဲ့ရဲ့ဘွယ်အပြစ်ဆိုယင် ဘာမျှမရှိဘူး၊ လုံးဝ ကင်းစင်တော်မူပါတယ်၊ ချီးမွမ်းဘွယ်တွေသာ အနန္တများစွာ ရှိနေပါတယ်။ ဒါကြောင့် ပညာရှိ သူတော်ကောင်း ဖြစ်ကြတဲ့ အားလုံးသော လူတွေ နတ်တွေ ဗြဟ္မာတွေက ချီးမွမ်းကြပါ တယ်၊ ချီးမွမ်းလို့ မဆုံးနိုင်အောင် ရှိနေပါတယ်။ ဒါပေမဲ့ ဗုဒ္ဓ သာသနာတော်နဲ့ ဆန့်ကျင်တဲ့ သူတွေကတော့ မဟုတ်မဟတ် ကြံဖန်ပြီး ကဲ့ရဲ့ကြ စွပ်စွဲကြသေးတာဘဲ၊ ဆန့်ကျင်ဘက် အယူ ရှိကြတဲ့တိတ္ထိဂိုဏ်းသားတွေနဲ့ဗြာဟ္မဏဝါဒအစွဲသန်တဲ့လူတွေက အမြဲတမ်းလိုဘဲ ကဲ့ရဲ့ပြောဆိုနေကြတယ်၊ ယခုခေတ်မှာ အခြား ဘာသာ အယူသန်တဲ့ သူတွေက ဗုဒ္ဓသာသနာတော်ကို အပြစ် ပြောနေကြသလိုပါဘဲ။

(တတိယအကြိမ်)၊

WWW.DHAMMARANSI.COM



# စိဉ္စမာဏ–က စွပ်စွဲပုံ

တခါန်က တိတ္ထိဂိုဏ်းသားတစုကစိဉ္စမာဏ(စိဉ္စမာဏဝိကာ) ဆိုတဲ့ ပရိဗိုဇ်မပျိုတဦးကိုမြတ်စွာဘုရားအား အစွပ်စွဲခိုင်းတယ်၊ ဒါကြောင့် စိဉ္စမာဏ–ကသန့်သန့်ပြန့်ပြန့် ဝတ်စားဆင်ယင်ပြီး တော့ အချိန်မတော် ညနေချမ်းမှာ ဇေတဝန် ကျောင်းဆီ သွားတယ်၊ဇေတဝန် ကျောင်းတိုက်အနီး တိတ္ထိအာရာမ်မှာ ည အိပ်ပြီးတော့ နံနက် စောစောမှာ ဇေတဝန် ကျောင်းတိုက်မှ ပြန်လာတဲ့အနေဖြင့် မြို့ဆီသို့ ပြန်လာတယ်၊တွေ့ကြတဲ့ လူတွေက "ဒီလိုညနေချမ်းအချိန်မှာ ဘယ်သွားမယ်လို့လဲ၊ နံနက် စော စောကြီးမှာ ဘယ်က အိပ်ပြီး ထလာသလဲ"လို့ မေးကြယင် "ကျမသွားမည့်နေရာ အိပ်တဲ့နေရာကို သိရလို့ ရှင်တို့မှာ ဘာ အကျိုးရှိမလဲ" လို့ အဖြေပေးတယ်၊ မသိစေချင်တဲ့အနေမျိုးနဲ့ ပြောတာပါဘဲ၊ ဆဲ့ငါးရက် တလလောက် ကြာတဲ့ အခါကျ တော့ သူများက မေးလို့ရှိယင် "ဇေတဝန်ကျောင်း ဂန္ဓကုဋိ တိုက်ထဲမှာရဟန်းဂေါတမနဲ့အတူ အိပ်ရတယ်"လို့ ပြောသတဲ့။ သုံးလေးလ ကြာတဲ့အခါမှာ အဝတ်တွေနဲ့ ဗိုက်ကို ရစ်ပတ်ပြီး ကိုယ်ဝန်ရှိယောင် ဟန်ဆောင်သတဲ့ ရှစ်လကိုးလခန့် ရှိတဲ့အခါ ကျတော့ သစ်သားဖုဝိုင်းကြီးကို ဗိုက်မှာစီးပြီး ကိုယ်ဝန်အရင့် အမာရှိဟန်ဆောင်တယ်၊ အဲဒီလို သရုပ်ဆောင်ပြီးတော့ ဇေတ ဝန်ကျောင်းတော် တရားပွဲအလယ်မှာ မြတ်စွာဘုရားကိုရဲတင်း စွာ စွပ်စွဲတယ်၊ "အရှင်ရဟန်းကြီးမှာ တရား ဟောတော့ ကောင်းပါပေတယ်၊အရှင်ရဟန်းကြီးကို စွဲမှီပြီး ကျမမှာ ကိုယ် ဝန်ရပါတယ်၊ အရင့်အမာ ဖြစ်နေပါပြီ၊ ဖွားမြင်ဘို့ နေရာ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



စသည်ကို ကြောင့်ကြမပူဘဲ နေရက်ပါပေရဲ့-စသည်ဖြင့်အလှန်မိုက်မဲစွာစွပ်စွဲပါတယ်၊ ဒါပေမဲ့ မြတ်စွာဘုရား၏ ဘုန်းတန်ခိုးတော်ကြောင့် ကိုယ်ဝန်ဟန် စီးထားတဲ့ သစ်သားဖုဝိုင်းကြီးလဲ ပြုတ်ကျသွားတယ်၊ လေကပင့်တိုက်လိုက်တဲ့အတွက် ခြုံရုံထားတဲ့ အဝတ်လဲ ပွင့်လန်သွားတယ်။ (ဒီနေရာမှာ အဋ္ဌကထာ ကတော့ သိကြားမင်း၏ အမိန့်အရ နတ်သား လေးယောက်က ကြွက်ယောင်ဆောင်ပြီး စီးထားတဲ့ ကြိုးတွေကို ကိုက်ဖြတ်ချတယ်လို့ ပြဆိုထားပါတယ်၊ ဘာဘဲဖြစ်ဖြစ် ပြုတ်ကျတာက လိုရင်းပါဘဲ။) ဒီတော့ ဘာမှ မဟုတ်ပဲနဲ့ မတရား စွပ်စွဲမှု ဖြစ်ကြောင်း လူအများက ထင်ရှားသိပြီး စိဉ္စမာဏကို နှင်ထုတ်လိုက်ကြတယ်၊ မြတ်စွာဘုရား၏ မျက်ကွယ်ရောက်တဲ့အခါ စိဉ္စမာဏကို မြေမျိုသွားတယ်၊ အဝီစိငရဲလဲ ကျရောက်သွားတယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

## သုန္ဒရီနဲ့ စွပ်စွဲပုံ

တခါန်ကလဲ အဲဒီ တိတ္ထိဂိုဏ်းသားတွေဟာ သုန္ဒရီ ဆိုတဲ့ ပရိဗိုဇ်မ အချောအလှ ကလေးကို လူတွေ အထင်မှားအောင် နည်းတူဘဲ ဇေတဝန် ကျောင်းသို့ သွားဟန် အဲဒီမှ ပြန်လာဟန် ပြုလုပ်စေတယ်။ သုန္ဒရီ-ကလဲ သူတို့ခိုင်းတဲ့အတိုင်း ပြုလုပ်တယ်၊ တွေ့တဲ့လူတွေက မေးတဲ့အခါ "ရဟန်း ဂေါတမထံ သွားတယ်၊ ဂန္ဓကုဋိထဲမှာ ရဟန်းဂေါတမနဲ့အတူ အိပ်ရတယ်၊ အဲဒီက ပြန်လာတယ်"စသည်ဖြင့်ပြောတယ်၊ အဲဒီလို သွားလာ ပြောဆိုလို့ ရက် အနည်းငယ် ကြာတဲ့အခါ တိတ္ထိ ဆရာတွေက အရက်သမား လူဆိုးတွေကို ငွေပေးပြီး သုန္ဒရီကို

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အသတ်ခိုင်းတယ်၊ အလောင်းကို ဂန္ဓကုဋီအနီးအမှိုက်ပုံထဲ စွန့်ပစ်ထားစေတယ်၊အဲဒီလိုခိုင်းတဲ့အတိုင်း ပြုလုပ်ပြီးတဲ့ အခါမှာ သုန္ဒရီဆိုတဲ့တပည့်မတယောက်ပျောက်နေကြောင်း ကောသလမင်းကြီးထံ တိုင်ကြားကြတယ်။ ဘယ် အရပ်မှာ မသင်္ကာဖွယ်ရှိသလဲ–လို့ မေးတဲ့အခါ "ယခု ရက်ပိုင်း အတွင်းမှာတော့ သုန္ဒရီဟာ ဇေတဝန်ကျောင်းမှာ နေတယ်၊ အဲဒီမှာ သူ့ဖြစ်ပုံအကြောင်းအရာကိုတော့ ငါတို့ မသိပါ"လို့ ဆိုကြတယ်။ဒါဖြင့် အဲဒီ မသင်္ကာရာ အရပ်မှာ ရှာကြပါလို့–မင်းကြီးက အမိန့်ပေးလိုက်ပါတယ်။ ဒီတော့ တိတ္ထိ ဆရာတွေက သူတို့နဲ့ အလုပ်အကျွေးဒကာတွေကိုပါ ခေါ်လာပြီးတော့ ဇေတဝန်ကျောင်းထဲမှာဟိုအနားသွား ဒီအနားသွား ရှာချင်ယောင် ဟန်ဆောင်ကြပြီးတော့ သူတို့ ညွှန်ကြားထားတဲ့ အမှိုက်ပုံကို ယက်လှန်ကြည့်ကြတယ်၊ အဲဒီအခါ တွေ့ပြီ တွေ့ပြီ–လို့ ဟစ်အော် ကျေညာပြီးတော့ အလောင်းကို ကုတင်ပေါ်တင်ပြီး မြို့ထဲ ထမ်းဆောင်သွားကြတယ်၊ ရဟန်း ဂေါတမရဲ့အမှုကိုမပေါ်အောင်လို့ သူ့တပည့် ရဟန်းတွေက သုန္ဒရီကို သတ်ပြီး အမှိုက်ပုံထဲပစ်ထားတဲ့အကြောင်း မင်းကြီးအား တိုင်ကြားကြတယ်။ မင်းကြီးကလဲ မဆင်ခြင်တော့ဘဲ "ဒီလိုဆိုယင် မြို့ကိုလှည့်ပြီး ကျေညာကြပေတော့"လို့ အမိန့်ပေးလိုက်ပါသတဲ့။

အဲဒီတော့ တိတ္ထိဂိုဏ်းသားတွေက "သာကီဝင် မင်းသားဂေါတမရဲ့တပည့် ရဟန်းတွေ ပြုလုပ်တဲ့အမှုကို ကြည့်ကြစမ်း" စသည်ဖြင့် ကျေညာပြီး မြို့ကို လှည့်ကြတယ်။ အဲဒီလို ကျေညာတာကို ကြားရ မြင်ရတော့ အရိယာ မဟုတ်တဲ့ လူတွေက

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အများအားဖြင့် အထင်လွဲပြီး ရဟန်းတော်တွေကို ကဲ့ရဲ့ကြ အပြစ်တင်စကား ပြောကြသတဲ့။ ရဟန်းတွေမှာ အဲဒီတုန်းက တော်တော် မျက်နှာ ပူကြမှာဘဲ၊ ဒါကြောင့် ရဟန်းတွေက မြတ်စွာဘုရားကို ဒီအကြောင်း လျှောက်ကြတယ်၊ မြတ်စွာဘုရားက ကဲ့ရဲ့တဲ့လူတွေကို ပြန်လည်ချေပ သတိပေးရန်အတွက် ဘုရားဂါထာ တပုဒ်ကို ဒီလို ပေးတော်မူလိုက်ပါတယ်။

အဘူတဝါဒီ နိရယံ ဥပေတိ၊
ယော ဝါပိ ကတွာ နကရောမိ စာဟ။
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊
နိဟီနကမ္မာ မနုဇာ ပရတ္ထ။

အဘူတဝါဒီ၊ မဟုတ်မမှန်ဘဲ သူတပါးကို စွပ်စွဲ ပြောဆိုသောသူသည်။ နိရယံ ဥပေတိ၊ ငရဲသို့ ကျရောက်၏။ ယော ဝါပိ၊ အကြင်သူသည်လည်း။ ကတွာ၊ ပြုလုပ်ပြီး၍။ ဝါ- ပြုလုပ်ထားပါလျက်။ န ကရောမိ စာဟ၊ မပြုလုပ်ဟု ငြင်းကွယ်၏။ (သောပိ နိရယံ ဥပေတိ၊ ထိုသူသည်လည်း ငရဲသို့ ကျရောက်၏။) နိဟီနကမ္မာ၊ ယုတ်မာသော မကောင်းမှု ရှိကုန်သော။ ဥဘောပိ တေ မနုဇာ၊ ထိုလူနှစ်ဦးလုံးတို့ပင်။ ပေစ္စ ပရတ္ထ၊ နောင်တမလွန်ဘဝ၌။ သမာ ဘဝန္တိ။ ညီတူညီမျှ ငရဲကျခြင်း ဟူသော မကောင်းကျိုးကို ရကြလေကုန်၏-တဲ့။

ကဲ့ရဲ့ပြောဆိုတဲ့ လူတွေကို ရဟန်းတော်တွေက ဒီတရား ဂါထာရွတ်ပြလိုက်တော့ အဲဒီ ကဲ့ရဲ့ကြတဲ့လူတွေဟာ ထိတ်လန့် ဘုန်းလုပ်သွားတယ်၊ မဟုတ်ပဲ စွပ်စွဲယင် ငရဲ ကျတယ်လို့လဲ ဆို

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



တယ်၊ငါတို့ဟာ ကိုယ်တိုင်မြင်ကြရတာလဲမဟုတ်ဘူး။ မဟုတ်ပဲ အထင်လဲ့ပြီး စွပ်စွဲတာလဲ ဖြစ်နိုင်တယ်။ နောက်ပြီးတော့ ပြုလုပ်ထားပါလျက် ငြင်းကွယ်ယင်လဲ ငရဲ ကျတယ်လို့ ဆိုပြန်တယ်၊ အဲဒါကတော့ ဟုတ်နေပါလျက် ငါတို့ကငြင်းကွယ်နေတယ်ဆိုယင် ငါတို့လဲ ငရဲကျပါစေလို့ ကျိန်ဆိုရာ ရောက်တယ်၊ တိတ္ထိတွေကျေညာတဲ့အတိုင်း ဟုတ်ပုံမရဘူး–လို့ စဉ်းစား ဆင်ခြင်ကြပြီးတော့ လူတွေလဲ မကဲ့ရဲ့တော့ဘဲ ရပ်စဲသွားကြတယ်၊ ခုနစ်ရက်အတွင်းမှာဘဲ ရပ်စဲသွားကြပါသတဲ့။

ကောသလမင်းကြီးကလဲ အဲဒီအမှုကို အမှန်အတိုင်း ပေါ်လာအောင် သူလျှိုစုံထောက်တွေကို လွှတ်ထားတယ်။ သုန္ဒရီကို သတ်တဲ့ လူသတ်သမားတွေဟာ အဲဒီ သတ်မှုအတွက် ရတဲ့ ငွေနဲ့အရက်သောက်ပြီး အချင်းချင်း ဆူဆူညံညံ ပြောဆိုနေကြသတဲ့၊ အဲဒီလူတွေထဲက တယောက်က အခြား တယောက်ကို "ဟေ့ကောင်....မင်းဟာ သုန္ဒရီကို တချက်ဘည်းနဲ့ ရိုက်သတ်ပြီးအမှိုက်ပုံထဲ ပစ်ထားခဲ့တယ် မဟုတ်လား၊ အဲဒီက ရတဲ့ငွေနဲ့ ယခုအရက်သောက်နေတာ မဟုတ်လား၊ ဟုတ်စေ–ဟုတ်စေ" လို့ ဆိုသတဲ့၊ မင်းချင်း ယောကျ်ား ရဲသားတွေက အဲဒါကို ကြားရတော့ အဲဒီ လူတွေကို ဖမ်းပြီး မင်းကြီးထံ ပို့လိုက်ကြတယ်၊ မင်းကြီးက စစ်ဆေးတဲ့အခါ လူသတ်သမားတွေက တိတ္ထိဂိုဏ်းသားတွေက ခိုင်းလို့သတ်ရတဲ့အကြောင်း၊တိတ္ထိဂိုဏ်းသားတွေကလဲ သူတို့ကခိုင်းတာ ဟုတ်မှန်ကြောင်းဖြောင့်ချက်ပေးကြပါတယ်။

အဲဒီအခါမှာ မင်းကြီးကလဲ အဲဒီ တိတ္ထိဂိုဏ်းသားတွေကို မြို့လှည့်ပြီး သူတို့ရဲ့အပြစ်ကို ကျေညာစေပါတယ်၊ "ရဟန်း

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဂေါတမကို အပြစ်တင်လိုတဲ့ အတွက် သုန္ဒရီကို ငါတို့ကဘဲ သတ်တယ်၊ ရဟန်းဂေါတမနဲ့ တပည့်ရဟန်းတွေမှာ အပြစ်မရှိပါ ငါတို့၏အပြစ်သာ ဖြစ်ပါတယ်”လို့ ကျေညာစေပါတယ်။ အဲဒီ အတိုင်း မြို့ကိုလှည့်ပြီး သူတို့၏ အပြစ်ကို သူတို့ကိုယ်တိုင် ဘုတ်ဖေါ် ကျေညာလိုက်တော့ အားလုံး သံသယ ကင်းရှင်း သွားကြတယ်။

အဲဒီမှာ အပြစ်လုံးဝ ကင်းစင်တဲ့ မြတ်စွာဘုရားနဲ့ ရဟန်းသံဃာတော်တွေတောင် အကဲ့ရဲ့အစွပ်စွဲခံကြရသေးတယ်ဆိုတာကို ဆင်ခြင်ကြည့်ယင်၊ ငါတို့လို လူသာမာန်တွေမှာ အကဲ့ရဲ့မခံရဘဲ ရှိပါ့မလားလို့ နှလုံးသွင်းပြီးတော့ အကဲ့ရဲ့ခံရတဲ့သူမှာ သက်သာရာ ရနိုင်ပါတယ်။

## မာဂဏ္ဍီ ဝတ္ထု

တခါန်က မြတ်စွာဘုရားဟာ ရဟန်းသံဃာများနှင့် တကွ ကောသမ္ဗီမြို့ကို ကြွတော်မူပါတယ်၊ အဲဒီတုန်းက ဥတေနမင်းရဲ့ မိဖုရား တပါး ဖြစ်တဲ့ မာဂဏ္ဍီ-က လူတွေကို ငွေပေးပြီး အဆဲခိုင်းဘားလို့ ရဟန်းသံဃာတော်များနှင့် တကွ မြတ်စွာဘုရား မြို့ထဲကြွလာတဲ့အခါ လိုက်ပြီးတော့ အမျိုးမျိုးအထွေထွေဆဲဆိုကြပါသတဲ့၊ အဲဒီလို အဆဲခိုင်းခြင်း၏ အကြောင်းကတော့ ဒီသို့ပါ။

မာဂဏ္ဍီရဲ့အဖ ပုဏ္ဏားကြီးက သူ့သမီး မာဂဏ္ဍီဟာ အလွန်လှပတဲ့အတွက် အထက်တန်းစားအမျိုးတွေကလာပြီးတောင်းကြပေမဲ့ “ငါ့သမီးဟာ မင်းတို့နဲ့ မတန်ဘူး”လို့ချည်း ပယ်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ယ်ပြီးတော့ မာဂဏ္ဍီနဲ့ သင့်တော်တဲ့ သတို့သားကို လိုက်ရှာနေပါတယ်။ အဲဒီ အခါမှာ မြတ်စွာဘုရားက အဲဒီမာဂဏ္ဍီရဲ့ မိဘနှစ်ဦးလုံး အနာဂါမ် ဖြစ်မည့်အကြောင်းကိုမြင်တော်မူတဲ့ အတွက် အဲဒီ မာဂဏ္ဍီပုဏ္ဏားကြီးရဲ့ မီးပူဇော်ရာ ဌာန အနီးသို့ ကြွတော်မူပါတယ်။

မာဂဏ္ဍီ ပုဏ္ဏားကြီးဟာ မြတ်စွာ ဘုရား၏ ရူပကာယ ကိုယ်တော်ကို ကြည့်ပြီးတော့ "လောကမှာ ဒီပုဂ္ဂိုလ်နဲ့ တူတဲ့ ယောကျ်ားတော့ ရှိမှာ မဟုတ်ဘူး၊ ဒီရဟန်းဟာ ငါ့သမီးနဲ့ သင့်လျော် ထိုက်တန်တယ်"လို့ ကြံစည်ပြီး "အရှင် ရဟန်း၊ ကျုပ်မှာ သမီးချောကလေး တယောက် ရှိပါတယ်၊ အဲဒီသမီး ကို အရှင်ရဟန်းအား ပေးလိုပါတယ်၊ ခဏ ဒီနေရာကဘဲ စောင့်ဆိုင်း နေရစ်ပါဦး"လို့ ပြောပြီး အိမ်ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ "ဟေ့ရှင်မ၊ ငါတို့ရဲ့ သမီးနဲ့တော်တဲ့ သတို့ သားကိုတွေ့လာပြီ၊ နင့်သမီးကိုမြန်မြန်တန်ဆာဆင်ပြီး လိုက်ခဲ့ ကြ"လို့ ခေါ်လာပြီး သုံးယောက်လုံး မြတ်စွာဘုရား ရှိတော် မူရာကို လာကြပါတယ်။

မြတ်စွာဘုရားက ခြေတော်ရာ လောက်သာ ချထားခဲ့ပြီး တော့ အခြားနေရာ ကြွနေတော်မူပါတယ်။ မြတ်စွာဘုရား၏ ခြေတော်ရာ ဆိုတာ အဓိဋ္ဌာန် ပြုပြီး ထားမှသဲ ထင်တယ်။ အဓိဋ္ဌာန် ပြုထားတဲ့အတွင်းမှာ ပျက်သဲမပျက်နိုင်ဘူး၊ မြင်စေ လိုတဲ့သူသာ မြင်နိုင်ပါတယ်။ ဒါကြောင့် သမီးနဲ့ ပုဏ္ဏားကြီး သင်မယားတို့ လာတဲ့အခါ မြတ်စွာဘုရားကို မတွေ့ရတဲ့အတွက် ပုဏ္ဏေးမကြီးက "ရှင့်သတို့သားက ဘယ်မှာလဲ"လို့ မေးတယ်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



"ဒီနေရာမှာ နေရစ်ပါလို့ ပြောထားခဲ့တာဘဲ၊ ဘယ်သွားပါလိမ့်မတုန်း" လို့ညည်းတွားပြောဆိုယင်း ဟိုနားဒီနားလျှောက်ကြည့်လိုက်တဲ့အခါ ခြေတော်ရာကို မြင်ရတော့ ပုဏ္ဏားကြီးက "ဟောဒါ သူ့ခြေရာဘဲကွဲ့" လို့ပြောတယ်။

ဒီတော့ ပုဏ္ဏေးမကြီးကလဲ လက္ခဏာ ဗေဒင် တတ်တာနဲ့ "ဒီခြေရာ့ အရှင်ဆိုယင် ကာမဂုဏ်ကို မှီဝဲတဲ့သူ မဟုတ်ဘူးရှင့်" လို့ပြောတော့ပုဏ္ဏားကြီးက "မော့ မင်းဗေဒင် တတ်သိတာက ရေခွက်ထဲက မိချောင်း ကလေးကို မြင်သလောက် ရှိပါတယ်၊ တိတ် တိတ် နေပါ" လို့ ဆိုပြီး မြတ်စွာ ဘုရားထံ လိုက်သွားတယ်။ မြတ်စွာဘုရားထံ ရောက်တော့ "သမဏ၊ ရှင်ရဟန်း။ ဓိတရံ မေ၊ အကျွန်ုပ်၏ ဟောဒီ သမီးကို။ တဝ၊ အရှင် ရဟန်းအား။ ပေါသာပနတ္ထာယ ဒေမိ၊ စောင့်ရှောက်မွေးမြူရန်အတွက် ပေးပါတယ် အပ်နှင်းပါတယ်" လို့ ဆိုတယ်။

မြတ်စွာဘုရားက လက်ခံတာ မခံတာကို မပြောသေးဘဲနဲ့ "မာဂဏ္ဍိပုဏ္ဏားကြီး၊ သင်အား အကြောင်းတခုကို ငါပြောမယ်" ဆိုပြီးတော့တောထွက်တော်မူသည်မှ စပြီး ဘုရား ဖြစ်ပြီးသည့်နောက် အရက်၅၀-မြောက် အဇပါလညောင်ပင်အောက် ဘိတင်းသုံးတော် မူသည်အထိ မာရ်နတ်က လိုက်ပြီး စုံစမ်းထောက်လှမ်းခဲ့ပုံ၊ အဲဒီလို ထောက်လှမ်းလို့ အပြစ်ကိုမတွေ့ရတဲ့အတွက် သူ၏အလိုမပြည့်၍ စိတ်ပျက်နေပုံ၊ မာရ်နတ်၏သမီးများက သူတို့၏ဖခင်အတွက် မြတ်စွာ ဘုရားအား လာရောက်သွေးဆောင်ကြပုံများကို ပြောပြပြီးတော့ မိမိမှာ ရာဂ လုံးဝ

(တတ္ထိယအကြိမ်)

WWW.DHAMMARANSI.COM



ကင်းကြောင်းသိစေရန်၊အဲဒီပုဏ္ဏားကြီးလင်မယား ၂-ယောက်ကိုလဲ တရားထူးရစေရန်ဒီလိုဂါထာတရားကို ဟောကြားတော်မူပါတယ်။

ဒိသွာန တဏှံ၊ အရတိံ ရဂဉ္စ၊
နာဟောသိ ဆန္ဒောအပိ မေထုနသ္မိံ။
ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊
ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။

တဏှံ အရတိံ ရဂဉ္စ ဒိသွာ၊ တဏှာ၊ အရတိ၊ ရဂါ-ဟူသော မာရ်နတ်၏သမီး၃-ယောက်ကို မြင်တွေ့ရသော်လည်း။ မေထုနသ္မိံ၊ ပေါင်းသင်း ဆက်ဆံမှု၌။ ဆန္ဒောအပိ နာဟောသိ၊ လိုလားခြင်း ဆန္ဒရာဂမျှသော်လည်း မဖြစ်ခဲ့ပေ။ မုတ္တကရီသပုဏ္ဏံ၊ ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်နေသော။ ဣဒံ၊ဤ မာဂဏ္ဍီသူငယ်မ၏ ကိုယ်ကိုမြင်ရသောကြောင့်။ ကိမေဝ၊ လိုလားနှစ်သက်မှု ဆန္ဒရာဂ မဖြစ်သည်မှာ အဘယ် ဆိုဘွယ်ရာရှိအံ့နည်း။ နံ၊ ထိုမာဂဏ္ဍီ၏ ကိုယ်ကို။ ပါဒါပိ သမ္ဖုသိတုံ၊ ခြေတို့ဖြင့် ထိရန်သော်လည်း။ န ဣစ္ဆေ၊ အလိုမရှိပါဘူး-တဲ့။

ဒီဂါထာကို ကြားနာရတဲ့ အခါ မာဂဏ္ဍီ၏ မိဘများဖြစ်ကြတဲ့ပုဏ္ဏားကြီးနဲ့ပုဏ္ဏေးမကြီး ၂-ယောက်စလုံးအနာဂါမ်ဖြစ်သွားကြပါသတဲ့။ ဒါကြောင့် သမီးမာဂဏ္ဍီကို သူ့ဦးလေးစူဠမာဂဏ္ဍီသံ အပ်ပြီးတော့ သူတို့ ၂-ယောက်စလုံး သာသနာတော်မှာ ရဟန်းပြုပြီး ရဟန္တာ ဖြစ်သွားကြပါတယ်။

သမီးမာဂဏ္ဍီကတော့ သူ့ကိုယ်ကို ကျင်ကြီးကျင်ငယ်ရေနဲ့ ပြည့်နေတယ် ဆိုတဲ့စကားကို ကြားရတဲ့အတွက် စိတ်ခုသွား

WWW.DHAMMARANSI.COM



တယ်၊ "မလိုချင်ယင် မလိုချင်ဘူးလို့ ပြောလိုက်ရုံနဲ့ ပြီးတာဘဲ၊ ကျင်ကြီး ကျင်ငယ်တွေနဲ့ ပြည့်နေတယ်လို့ ဘာကြောင့် ဒါလောက်ရှုတ်ချရသလဲ" စသည်ဖြင့်တွေးတောပြီး မြတ်စွာဘုရားအပေါ်မှာ ရန်ငြိုးဖွဲ့ထားတယ်၊ "ရှိပါစေတော့၊ ငါ့ဟာ လင်ကောင်း တယောက် ရနိုင်ပါတယ်၊ အဲဒီလို ရတဲ့အခါ ရဟန်းဂေါတမအား ပြုသင့်တာကို ပြုမယ်" လို့ ရန်ငြိုး ဖွဲ့ထားတယ်။

နောက်တချိန်မှာ မာဂဏ္ဍီကို သူ့ဦးလေးက ကောသမ္ဗီပြည့်ရှင် ဥတေနမင်းထံ ဆက်သလိုက်တယ်၊ ဥတေန မင်းကလဲ ရုပ်အဆင်း အင်္ဂါ လက္ခဏာကို သဘောကျတာနဲ့ မိဖုရားကြီး တယောက်အဖြစ် တင်မြှောက်ထားပါတယ်။ ဥတေန မင်းမှာ မာဂဏ္ဍီမှတပါး အခြား မိဖုရားကြီးတွေလဲ ၂-ယောက် ရှိပါသေးတယ်၊ တယောက်က စန္ဒပဇ္ဇောတမင်း၏ သမီးတော် ဝါသုလဒတ္တာတဲ့။ အခြား တယောက်ကတော့ ဃောသက သေဋ္ဌေးကြီး၏ ကိတ္တိမသမီး သာမာဝတီတဲ့။ အဲဒီ မိဖုရားကြီး ၃-ယောက်စလုံး အခြွေအရံ အလုပ်အကျွေး အပျိုတော်တွေ ငါးရာစီ ရှိပါသတဲ့။

အဲဒီ ၃-ယောက်ထဲက သာမာဝတီအတွက် နေ့စဉ် ပန်းဘိုး ရှစ်ကျပ်ရှစ်ကျပ် မင်းကပေးတယ်၊ သာမာဝတီရဲ့အလုပ်အကျွေး ဖြစ်တဲ့ခုဇ္ဇုတ္တရာဆိုတဲ့ ကျွန်မက သုမနဆိုတဲ့ ပန်းသည်ထံ သွားပြီး နေ့စဉ် ပန်းဝယ်ရတယ်။ တနေ့တော့ သုမန ပန်းသည်က ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းကျွေးနေခိုက်နဲ့ ကြုံနေလို့ ခုဇ္ဇုတ္တရာကို တရားနာပြီးမှ ပြန်ဘို့ ပြောတာနဲ့ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ မြတ်စွာဘုရား ဟောတဲ့တရားကို နာရတဲ့အတွက် ခုဇ္ဇုတ္တရာဟာ သောတာပန် ဖြစ်သွားတယ်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



သောတာပန်ဆိုတာ သူ့အလိုလိုဘဲ ငါးပါးသီလလုံတယ်။ ဒါကြောင့် ခုဇ္ဇုတ္တရာဟာ ရှေးရှေးနေ့များက ပန်းရှစ်ကျပ်ဘိုး ထဲက လေးကျပ်ကို ဖြတ်စားလေ့ရှိခဲ့ပေမဲ့ အဲဒီ နေ့မှာတော့ မဖြတ်တော့ဘူး၊ ရှစ်ကျပ်ဘိုးအပြည့်ဘဲ ပန်းတွေကို ဝယ်လာ တယ်၊ဒီတော့သာမာဝတီက "ဘယ့်နှယ်လဲ အစ်မကြီးခုဇ္ဇုတ္တရာ၊ ဒီကနေ့ မင်းမြတ်က ပန်းဘိုး ၂-ဆပေးလိုက်သလား" လို့ မေး ပါတယ်၊ "တိုးမပေးပါဘူး အရှင်မ" လို့ ပြောတော့ ဒါဖြင့် ပန်းတွေကဘာကြောင့်များရသလဲ-လို့ထပ်ပြီးမေးပြန်ပါတယ်။ သောတာပန်ဆိုတာ ခုနက ပြောခဲ့တဲ့အတိုင်း ငါးပါးသီလ လုံနေတဲ့အတွက် လိမ်လဲမလိမ်ဘူး အမှန်အတိုင်းသာ ပြောလေ့ ဝန်ခံလေ့ရှိပါတယ်၊ဒါကြောင့် ခုဇ္ဇုတ္တရာက အခါတိုင်းဆိုယင် လေးကျပ်ကို ဖြတ်စားခဲ့ကြောင်း၊ ကျန်တဲ့ လေးကျပ်ဖြင့် ပန်း ဝယ်ခဲ့ကြောင်း၊ ဒီကနေ့တော့ မိမိအတွက် ဖြတ်မယူဘဲ ရှစ် ကျပ်ဘိုးလုံး ဝယ်လာခဲ့ကြောင်း အမှန်အတိုင်း ဝန်ခံပြောဆို ပါတယ်။ဒီကနေ့တော့ ဘာကြောင့်ကိုယ့်အတွက် မယူသလဲ-လို့ မေးပြန်တော့ ခုဇ္ဇုတ္တရာက မြတ်စွာဘုရား ဟောတဲ့ တရားကို နာပြီး တရားထူးကို သိလာတဲ့အတွက် မယူကြောင်း ပြောပါ တယ်။

ဒီနေရာမှာ နှလုံးသွင်း မကောင်းတဲ့ သခင်မ ဆိုယင်တော့ "ဟဲ့-ကျွန်ဆိုးမ နင်ခိုးလာခဲ့တဲ့ ငွေတွေကိုပြန်ပေး" စသည်ဖြင့် ကြိမ်းမောင်းစရာ အကြောင်း-ရှိပါတယ်၊ ဒီသာမာဝတီ မိဖုရားကတော့ ပါရမီရှင် ဖြစ်တဲ့အတွက် စိတ်သဘော ပြည့်ဝ ပါတယ်၊ သင့်သျှော်အောင် ဆင်ခြင်တတ်ပါတယ်။ဒါကြောင့်

(တဘိယအကြိမ်)

WWW.DHAMMARANSI.COM



သာမာဝတီက ဒီလို ဆင်ခြင်ပါတယ်၊ ခုဇ္ဇုတ္တရာဟာ တရားထူး သိလာတဲ့အတွက် မခိုးတော့ဘူးလို့လဲ ဆိုတယ်၊ အပြစ်ကြီး မားတဲ့ သူ့ခိုးမှုကို မကွယ်ဝှက်ပဲ အမှန်အတိုင်း ပြောရဲတယ်၊ အဲဒီတော့ သူသိလာတယ် ဆိုတဲ့တရားဟာ အလွန်ကောင်းတဲ့ တရားပေပဲ၊ ငါတို့လဲ ဒီတရားကို သိရယင် ကောင်းမှာဘဲ-လို့ ဆင်ခြင်ပြီးတော့ "အစ်မကြီးရေ-အစ်မကြီး သောက်လာခဲ့တဲ့ အမြိုက်တရားဆေးရည်ကို ကျမတို့လဲတိုက်ပါဦး" လို့တောင်းပန် ပါတယ်။ ဒီတော့ ခုဇ္ဇုတ္တရာက "တရားဟောရမယ် ဆိုယင် ညစ်ပေနေတဲ့ ဒီကိုယ်နဲ့တော့ မသင့်လျော်ဘူး၊ ကျမကို ရေချိုး ပေးကြပါဦး" လို့ ပြောပါတယ်။ ဒါကတော့ တရားကို ရိုသေ လေးစားတဲ့ သဘောပါဘဲ။

ရေချိုးပြီးတဲ့အခါ ချောညက်တဲ့ အဝတ်အထည်ကို ဝတ် တယ်၊ တထည်ကို ရုံတယ်၊ ခင်းကျင်းထားတဲ့ တရားနေရာမှာ ဓမ္မကထိကများလိုဘဲ ထိုင်တယ်၊ ထိုင်ပြီးတော့ ယပ်ကိုလဲ ကိုင် ပြီး မြတ်စွာဘုရား ဟောတော်မူတဲ့ အတိုင်းဘဲ အချိုးတကျ တရား ဟောပါသတဲ့၊ အဲဒီတရားကို နာပြီး သာမာဝတီ အမှူး ရှိတဲ့ အမျိုးသမီး ငါးရာဟာ သောတာပန် ဖြစ်သွားကြပါ သတဲ့။

အဲဒီနေ့ကစပြီး ခုဇ္ဇုတ္တရာကို မိခင်အရာ ဆရာ့အရာမှာ ထားပြီးတော့ မြတ်စွာဘုရားထံ သွားပြီး တရားနာစေတယ်၊ ခုဇ္ဇုတ္တရာက အဲဒီသာမာဝတီ အမှူးရှိသော အမျိုးသမီး ငါးရာ အားတဆင့် တရားဟောတယ်။ ဒီပုံ ဒီနည်းနဲ့ ခုဇ္ဇုတ္တရာဟာ ပိဋကသုံးပုံဆောင်ဖြစ်ပြီးတော့ဥပါသိကာမတွေထဲမှာအကြား

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အမြင်အမျှားဆုံးတေဒဂ်ဂုဏ်ထူးဖြင့် မြတ်စွာဘုရား၏ ချီးကျူးခြင်းကို ခံယူရရှိသွားပါသတဲ့။

အဲဒီလို ခုဇ္ဇုတ္တရာထံမှတဆင့် တရားနာရဖန် များလာတော့ သာမာဝတီတို့မှာ မြတ်စွာဘုရားကို ဖူးမြော်လိုတဲ့ စိတ်တွေ ပြင်းပြစွာ ဖြစ်လာတယ်၊ ဒါကြောင့် ဘုရားထံ ပို့ပေးဘို့ ခုဇ္ဇုတ္တရာကို တောင်းပန်ကြတယ်။ ဒီတော့ ခုဇ္ဇုတ္တရာက "အရှင်မတို့-မင်းအိမ်ဆိုတာ အလွန် ဝန်လေးပါတယ်၊ အရှင်မတို့ နန်းတွင်းသူတွေကို အပြင်ခေါ်သွားဘို့ မဖြစ်နိုင်ပါဘူး၊ ပြာသာဒ်နံရံမှာ အပြင်ဘက်ကို ချောင်ကြည့်လို့ မြင်နိုင်လောက်အောင် အပေါက်ကလေးတွေ ဖေါက်ထားကြပါ၊ ဆွမ်းဒကာ သေဌေးကြီးများအိမ်ကို မြတ်စွာဘုရား ကြွတော်မူတဲ့အခါ အဲဒီအပေါက်ကလေးတွေက ကြည့်ပြီး ကြည်ညိုကြ ရှိခိုးပူဇော်ကြပါ" လို့ အကြံဉာဏ် ပေးပါတယ်၊ အဲဒီလို အကြံဉာဏ် ပေးတဲ့အတိုင်း အပေါက်ကလေးတွေ ဖေါက်ပြီးတော့ မြတ်စွာ ဘုရားကို ဖူးမြော်ကြ ရှိခိုးပူဇော်ကြပါသတဲ့။

တနေ့သော အခါမှာ မာဂဏ္ဍီဆိုတဲ့ မိဖုရားက သာမာဝတီတို့၏ ပြာသာဒ်ပေါ်တက်လာတယ်၊ နံရံမှာ အပေါက်ကလေးတွေကို တွေ့ရတော့ ဒါတွေက ဘာလုပ်တာလဲလို့-မေးတယ်။ သာမာဝတီတို့က "မြတ်စွာဘုရားအပေါ်မှာ မာဂဏ္ဍီ ရန်ငြိုးဖွဲ့ထားတယ် ဆိုတာ မသိကြတာနဲ့ မြတ်စွာဘုရားဟာ ကောသမ္ဗီမြို့သို့ ကြွရောက်လာတဲ့အကြောင်း၊ အဲဒီ အပေါက်ကလေးများမှ ဖူးမြော်ကြ ရှိခိုးပူဇော်ကြတဲ့အကြောင်းများကို ပွင့်ပွင့်လင်းလင်းဘဲ ပြောလိုက်ကြပါတယ်၊ အဲဒါကို ကြားရတော့ မာဂဏ္ဍီဟာ "ရဟန်းဂေါတမ ဒီမြို့ကို ကြွလာပြီတဲ့၊ ယခု

WWW.DHAMMARANSI.COM



သူအား ပြုသင့်တာကို ငါပြုမယ်၊ ဒီအကောင်မတွေလဲ ရဟန်း ဂေါတမရဲ့ အလုပ်အကျွေး တပည့်မတွေဘဲ၊ သူတို့ကိုလဲ ပြုသင့်တာ ပြုမယ်''လို့ စိတ်ထဲက ကြုံးဝါးပြီးတော့ သာမာဝတီတို့ အပေါ် အထင်လွဲအောင် ဥတေနမင်းထံ သွားပြီး ဂုံးတိုက်တယ်။ အဲဒါကတော့ ဘာမျှ မအောင်မြင်ပါဘူး၊ ဒီမှာ ပြောလိုရင်းမဟုတ်ပါဘူး၊ ဒါကြောင့် အဲဒါကတော့ ထားလိုက်ပါတော့။

နောက်ပြီးတော့ ကျွန်တွေ အစေခံ အလုပ်သမားတွေကို ငွေပေးပြီးတော့ မြတ်စွာဘုရားကို ဆဲဆိုပြီး မောင်းနှင်ထုတ်ဖို့ စေခိုင်းတယ်။ ရတနာသုံးပါးကို မကြည်ညိုကြတဲ့ မိစ္ဆာ အယူရှိတဲ့လူတွေက မြတ်စွာဘုရား မြို့ထဲ ကြွလာတဲ့အခါ နောက်ကဘေးကလိုက်ပြီး အမျိုးမျိုး အထွေထွေ ဆဲရေးကြ ကြိမ်းမောင်းကြတယ်။ ဆဲပုံတွေကတော့ "သင်ဟာ ခိုးသူဘဲ၊ လူမိုက်ဘဲ၊ ကုလားအုပ်ဘဲ၊ နွားဘဲ၊ မြည်းဘဲ၊ တိရစ္ဆာန်ဘဲ၊ ငရဲလောင်းဘဲ၊ သင့်မှာ သုဂတိ မရှိဘူး၊ ဒုဂ္ဂတိသာ ရောက်ဖို့ရှိတယ်''လို့ ဆဲရေးပုံ ဆယ်မျိုးနဲ့ ဆဲရေးကြ ကြိမ်းမောင်းကြပါသတဲ့။ တော်တော် ကြောက်စရာကောင်းတာဘဲ၊ အယူမှားပြီဆိုမှဖြင့် မကောင်းမှု အကုသိုလ်တွေ အလွန်ပွားတာဘဲ။ ယခုခေတ်မှာလဲ ရတနာသုံးပါး မကြည်ညိုတဲ့ သူတွေမှာ ဘုရား-တရား-သံဃာကို ကဲ့ရဲ့ပြောဆိုပြီး အကုသိုလ်တွေ ပွားနေကြတယ်၊ မစားရမသောက်ရဘဲနဲ့ အကုသိုလ်ဖြစ်နေကြတာပါဘဲ။

အဲဒီလိုဆဲဆိုကြတာတွေကို ကြားရဖန်များလာတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားကိုလျှောက်ပါတယ်၊ မြတ်စွာဘုရား

WWW.DHAMMARANSI.COM



ဒီမြို့ကလူတွေဟာ အင်မတန်ရိုင်းစိုင်းကြပါတယ်၊ တပည့်တော်တို့ကို အကြောင်းမဲ့လိုက်ပြီး ဆဲဆိုနေကြပါတယ်၊ အခြားမြို့ကို သွားကြပါစို့ရဲ့-လို့ လျှောက်ပါတယ်။ အဲဒီရောက်ရာ တခြားမြို့က ဆဲကြပြန်ယင်ကော ဘယ်သွားမလဲ-လို့ မြတ်စွာဘုရားက မေးတော့ "အဲဒီမြို့ကလဲ တခြားမြို့ကို သွားပါမည်ဘုရား" လို့ လျှောက်ပြန်တော့။အဲဒီတော့ မြတ်စွာဘုရားက ဒီလို မိန့်တော်မူပါတယ်၊ "အာနန္ဒာ၊ ဒီလို သူတပါးတို့က ဆဲတိုင်း ဆဲတိုင်း တခြားသို့ ရွှေ့ရွှေ့သွားရန် မသင့်ဘူး၊ အဓိကရုဏ်း အမှုအခင်းပြဿနာဆိုတာ ဖြစ်ပေါ်ရာဌာနမှာဘဲ ငြိမ်းစေရတယ်၊ အဲဒီလိုငြိမ်းစေလို့ ငြိမ်းအေးပြီးမှ တခြားကို သွားရတယ်-လို့ မိန့်ဆိုတော်မူပြီးတော့ ဒုဿီလပုဂ္ဂိုလ်တွေရဲ့ ဆဲဆိုမှုကို သည်းခံနိုင်တဲ့အကြောင်းကိုလဲ ဒီလိုရဲရဲရင့်ရင့် မိန့်တော်မူပါတယ်။

အဟံ နာဂေါဝ သင်္ဂါမေ၊
စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊
ဒုဿီလော ဟိ ဗဟုဇ္ဇနော။

သင်္ဂါမေ၊ စစ်မြေပြင်၌။ နာဂေါ၊ ဆင်ပြောင်ကြီးသည်။ စာပတော ပတိတံ သရံ၊ထိုထိုအရပ်၌ လေးအပေါင်းမှ ကျလာသောမြှားအပေါင်းကို။ တိတိက္ခတိ ဣဝ၊သည်းခံသကဲ့သို့။ အဟံ၊ငါဘုရားသည်။ အတိဝါကျံ၊ကျူးလွန်ရမ်းကား အဆဲအဆိုစကားကို။ တိတိက္ခိဿံ၊ မညည်းမညူ လျစ်လျူ နေကာ သည်းခံပါအံ့။ဟိ၊ အကြောင်းကား။ ဗဟုဇ္ဇနော၊ များစွာ
(တတိယအကြိမ်)

WWW.DHAMMARANSI.COM



သောလူအပေါင်းသည်။ ဒုဿီလော၊ကိုယ်နှုတ်သရမ်း ကျင့်ဆိုး သွမ်းလျက် ကြမ်းတမ်းရိုင်းပျ ဒုဿီလသာ ဖြစ်ချေသည်။

လူတွေက အများအားဖြင့် ကိုယ်နှုတ်ကို မစောင့်စည်းတဲ့ သီလမဲ့ လူရိုင်းတွေသာ များတယ်။ အဲဒီ သီလမဲ့ လူရိုင်းတွေ ကြားထဲမှာ နေရတယ်ဆိုတော့ သူတို့ရဲ့ ရမ်းကားမှု ဆဲဆိုမှု တွေကို သည်းခံနိုင်မှ ဖြစ်မယ်၊ ဒါကြောင့်“ငါဘုရားဟာ စစ် ပွဲဝင်တဲ့ဆင်ကြီးဟာ အရပ်လေးမျက်နှာမှ ကျလာတဲ့ မြားဒဏ် ကို သည်းခံသလို သည်းခံနေမယ်”လို့ ဆိုလိုပါတယ်။ အဲဒီလို မိန့်တော်မူပြီးတဲ့နောက် “အာနန္ဒာ မစိုးရိမ်နဲ့၊ သူတို့ဟာ ခုနစ်ရက်သာ ဆဲနိုင်ကြမယ်၊ရှစ်ရက်မြောက်ကျယင်အဆဲရပ်ပြီး ငြိမ်းအေးသွားလိမ့်မယ်”လို့လဲ မိန့်တော်မူပါတယ်။ အဲဒီလို မိန့်တော်မူတဲ့အတိုင်းဘဲ ရှစ်ရက်မြောက်ကျတော့ ဆဲမည့်သူ မရှိဘဲ ငြိမ်းအေးသွားပါတယ်။ မြတ်စွာဘုရားနဲ့ စပ်ပြီး ဖြစ် ပေါ်လာတဲ့ ကဲ့ရဲ့စွပ်စွဲမှု ဆဲရေးမှု အဓိကရုဏ်းများဟာ ခုနစ် ရက်ထက်မလွန်ဘဲ ငြိမ်းစမြဲပါဘဲ-တဲ့။ အဲဒါကို အကြောင်းပြု ပြီးဘော့ “ကဲ့ရဲ့ခုနစ်ရက်၊ ချီးမွမ်းခုနစ်ရက်”လို့ ပြောစမှတ် ပြုထားကြပါတယ်။

ယခုပြောတဲ့ ကဲ့ရဲ့ စွပ်စွဲ ဆဲရေးမှု ၃-ခုထဲမှာ စိဉ္စမာဏ်ရဲ့ အစွပ်အစွဲ ခံရခြင်း၏ ရှေးအကြောင်း ကတော့ အဘိဘူ ဘုရား၏တပည့် နန္ဒမည်တဲ့ ရဟန္တာ မထေရ်မြတ်ကို မဟုတ် မတရား စွပ်စွဲခဲ့ဘူးတဲ့ မကောင်းမှုကံကြောင့် အစွပ်အစွဲ ခံရ တယ်-လို့ အပဒါန်ပါဠိမှာ ပြဆိုထားပါတယ်၊ သုန္ဒရီနဲ့စပ်ပြီး အစွပ်စွဲခံရတာကတော့ သုရဘိမည်သောပစ္စေကဗုဒ္ဓါကို မဟုတ်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



မတရား စွပ်စွဲခဲ့ဘူးတဲ့ အတွက်ကြောင့်လို့ ဆိုပါတယ်၊ ရဟန်း ငါးရာလဲ သုန္ဒရီနဲ့ စပ်ပြီး အစွပ်စွဲ ခံရတာဟာ ဘီမ မည်တဲ့ အဘိဓာဉ်ရ ရသေ့ကြီးကို ဘုရားအလောင်း ဆရာကြီးက မဟုတ်မတရား စွပ်စွဲရာမှာ အဲဒီရဟန်းတွေဖြစ်လာမည့် တပည့် ငါးရာတို့ကလဲ သဘောတူ ပါဝင်ခဲ့ကြတဲ့အတွက်ကြောင့်လို့ဆို ပါတယ်၊ မာဂဏ္ဍီရဲ့ အဆဲအဆိုခံရတာကိုတော့ ဘာကံကြောင့် ရယ်လို့ ပြဆိုထားခြင်းမရှိဘူး၊ ဒါပေမဲ့ ကမ္မသကတာ သုတ် အရအားဖြင့်ဆိုလျှင် ရှေးတခုခုသော ဘဝက မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်ကို ပြစ်မှားပြောဆိုခဲ့ဘူးတဲ့ အကုသိုလ်ကံကြောင့် ဒီလို အဆဲအဆို ခံရခြင်း ဖြစ်တယ်လို့ မှတ်ယူသင့်ပါတယ်။

ဒီတော့ မကောင်းမှုကံဟာအင်မတန်ကြောက်စရာကောင်း ပါတယ်၊ အနန္တ ဘုန်းတော်ကံတော် ပါရမီတော်တွေနဲ့ ပြည့်စုံ တော်မူတဲ့ မြတ်စွာဘုရားကိုတောင် လိုက်ပြီး မကောင်းကျိုး ပေးနိုင်သေးတယ် ဆိုတာကို ဆင်ခြင်ပြီးတော့ မကောင်းမှု ဒုစရိုက်ဟူသမျှမှ ကြဉ်ရှောင်ရန် သင့်လှပါပေတယ်။

နောက်ပြီးတော့ ကဲ့ရဲ့စွပ်စွဲခံရလို့ရှိယင်လဲ "မြတ်စွာဘုရား တောင် အကဲ့ရဲ့အစွပ်စွဲခံရသေးတာဘဲ၊ ငါတို့လို သာမန် ပုဂ္ဂိုလ် မှာ အဘယ့်ကြောင့် မခံရဘဲရှိမလဲ၊ ခံရပေလိမ့်မယ်"လို့ ဆင် ခြင်ပြီး သည်းခံနိုင်အောင် လေ့ကျင့်ရမယ်။

## ကိုယ်ဆင်းရဲနှင့် ဘုရား

ဆင်းရဲဆိုတာ ကိုယ်ဆင်းရဲနဲ့ စိတ်ဆင်းရဲ ဒီ ၂-မျိုးပါဘဲ။ အဲဒီ ၂-မျိုးထဲက စိတ်ဆင်းရဲ ဆိုတာကတော့ ဘုရားရဟန္တာ များမှာ လုံးဝ ကင်းပါတယ်၊ ဘယ်လိုစိတ်ပျက်စရာ စိတ်ညစ်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



စရာ နှလုံးမသာစရာတွေနဲ့ တွေ့ရပေမဲ့ အလွန်ဆိုးအားဖြင့် သေရမည့်ဘေးနဲ့ တွေ့ရပေမဲ့ စိတ်ပျက်ခြင်း စိတ်ညစ်ခြင်း နှလုံးမသာခြင်း ဝမ်းနည်းခြင်း စိတ်ဆင်းရဲခြင်းဆိုတာ မဖြစ်ဘူး၊ လုံးဝကင်းနေပါတယ်၊ စိတ်ဟာ ကြည်လင်မြဲ ကြည်လင်နေပါတယ်။ ရဟန္တာသာမဟုတ်သေးဘူး၊ အနာဂါမ်ပုဂ္ဂိုလ်မှာတောင် ဒေါသ မရှိတဲ့အတွက် ဒီစိတ်ဆင်းရဲကတော့ မရှိဘူး၊ ဒါပေမဲ့ အနာဂါမ်မှာ အဝိဇ္ဇာ ဘဝတဏှာ မာန ဆိုတဲ့ ကိလေသာတွေက ရှိနေသေးတဲ့အတွက် စိတ်ချမ်းသာမှုကိုအပြည့်အစုံ ရတယ်လို့တော့ မဆိုနိုင်သေးဘူး၊ ရဟန္တာမှာတော့ ကိလေသာ အနှောင့်အယှက်တွေ လုံးဝကင်းနေတဲ့အတွက် စိတ်နှလုံး ကြည်လင် ချမ်းသာမှုကို အပြည့်အစုံ ရနေပါတယ်။ ဒါပေမဲ့ ကာယိက ဒုက္ခ ခေါ်တဲ့ ကိုယ်ဆင်းရဲကတော့ မကင်းဘူး အကြောင်းအားလျော်စွာ ဖြစ်ပေါ်တတ်သေးတာဘဲ။

ဒါကြောင့် မြတ်စွာဘုရားလဲ ကိုယ်ဆင်းရဲ ဆိုတဲ့ အဲဒီလောကဓံတရားနဲ့ ရံဖန်ရံခါ တွေ့ရသေးတာဘဲ။ အဲဒါဟာ မြတ်စွာဘုရားက "ပိဋ္ဌိ မေ အာဂိလာယတိ-ငါ၏ ကျောက အောင့်တယ် ညောင်းတယ်၊တမဟံ အာယမိဿာမိ-အဲဒီကျောကို စန့်စေလိုက်ဦးမယ်"လို့ ဒီလိုမိန့်တော်မူတဲ့ စကားဖြင့်လဲ ထင်ရှားပါတယ်။ အဲဒီလို ကျောအောင့်တာဟာ လက်ပန်းသမားဖြစ်ခဲ့စဉ်က အခြားလက်ပန်းသမား တယောက်ကို နှိပ်စက်ခဲ့ဘူးတဲ့အတွက် ဖြစ်ရကြောင်း အပဒါန်ပါဠိမှာ ပြဆိုထားပါတယ်။နောက်ပြီးတော့ တငါမျိုးမှာ သူငယ် ဖြစ်စဉ်က ငါးတွေထုသတ်တာကို မြင်ရတဲ့အခါ ဝမ်းသာခဲ့ဘူးတဲ့အတွက်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



မြတ်စွာဘုရားမှာ ခေါင်းကိုက်တဲ့ ဝေဒနာ ဖြစ်ရတယ်လို့လဲ ဆိုပါတယ်။

တခါန်ကတော့ ဂိဇ္ဈကုဋ်တောင်စောင်းမှာ စင်္ကြံကြွနေစဉ် ဒေဝဒတ်ရဟန်းက ကျောက်မောင်းဆင်ပြီး ကျောက်တုံးကြီး တခုကို လှိမ့်ချလိုက်တယ်၊ အခြား ကျောက်တုံးတခုကို တိုက် ရာက ပဲ့ထွက်လာတဲ့ကျောက်ခဲစိတ်တခုကခြေထောက်ကိုထိခိုက် တဲ့အတွက် မြတ်စွာဘုရားမှာ ဒုက္ခဝေဒနာ အပြင်းအထန် ဖြစ် ပါတယ်၊ အဲဒါဟာလဲ အမေ့ဥစ္စာအတွက် ညီဝမ်းကွဲ ဖြစ်သူကို ကျောက်တုံးကြီးနဲ့ ဖိပြီးသတ်ခဲ့တဲ့ကံ၊ မင်းဖြစ်စဉ်က လူတွေကို လှံနဲ့ထိုးသတ်ခဲ့တဲ့ ကံများကြောင့် မကောင်းကျိုးခံရခြင်း ဖြစ် တယ်-လို့ ဆိုပါတယ်။ နောက်ပြီးတော့ ဆေးဆရာ ဖြစ်စဉ်က သေဌေးသားတယောက်ကို ဝမ်းလျှောပြီး ဒုက္ခရောက်အောင် ပြုလုပ်ခဲ့တဲ့အတွက် ဝမ်းသွေး သွန်တဲ့ရောဂါ ဖြစ်ရတယ်-လို့လဲ ဆိုပါတယ်။

နောက်ပြီးတော့ တခါန်က အရှင်မဟာကဿပနဲ့ အရှင် မဟာမောဂ္ဂလာန်မှာ အပြင်းအထန် ရောဂါဝေဒနာ ဖြစ်တယ်၊ မြတ်စွာဘုရားမှာလဲ ထို့အတူဘဲ ဖြစ်တယ်၊ ဗောဇ္ဈင်တရားကို နာကြားပြီးတော့ အဲဒီရောဂါဝေဒနာပျောက်ကင်းကြတယ်လို့ သံယုတ်ပါဠိတော်မှာ ပြဆိုထားပါတယ်။

နောက်ပြီးတော့မြတ်စွာဘုရားဟာ ၄၅-ခုမြောက်နောက် ဆုံးဝါမှာ ဝေသာလီမြို့ ဝေဠုဝရွာမှာ သီတင်းသုံးတော်မူ ပါတယ်။ အဲဒီဝါတွင်းက မြတ်စွာဘုရားမှာ ရောဂါဝေဒနာ အကြီးအကျယ် ဖြစ်ပါတယ်၊သူ့အလိုလို လွှတ်ထားမယ်ဆိုယင်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ပရိနိဗ္ဗာန်စံရလောက်အောင် အလွန်ပြင်းထန်ပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံတော်မူရန် အချိန်မကျသေးမသင့်သေးတဲ့အတွက် အဲဒီရောဂါဝေဒနာတွေကို ဝီပဿနာဘာဝနာဖြင့် ငြိမ်းစေပါတယ်၊ ဒါကြောင့် အဲဒီဝေဒနာဟာ လုံးဝပျောက်ငြိမ်းသွားတယ်လို့ ဘုရားကိုယ်တော်တိုင်ဘဲ အမိန့်ရှိပါတယ်။ အဋ္ဌကထာမှာလဲ အဲဒီတုန်းက မြတ်စွာ ဘုရားဟာ ဘုရားဖြစ်မည့် ညကလိုဘဲ ဝိပဿနာ ဘာဝနာကို အကျယ်အားဖြင့် ပွားစေခဲ့တယ်။ ဒါကြောင့် ရောဂါဝေဒနာ ပျောက်သွားတယ်လို့ ထပ်ဆင့်ပြီး ဖွင့်ပြထားပါတယ်။ ယခု ကာလမှာလဲ ဝိပဿနာရှုတဲ့သူအချို့မှာ ဝိပဿနာရှုမှတ်နေရင်း အင်မတန် ကြီးကျယ်တဲ့ ရောဂါ ပျောက်သွားကြတာတွေ တော်တော်များများ ရှိပါတယ်။ အဲဒါတွေဟာ အရှင်မဟာကဿပစသည်တို့မှာ ဗောဇ္ဈင်တရားကိုနာရလို့ရောဂါပျောက်တာမျိုး၊ မြတ်စွာဘုရားမှာ ဝိပဿနာရှုလို့ ရောဂါပျောက်တာမျိုးဘဲလို့ ယူရပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားဘောင်မှ ကိုယ်ဆင်းရဲဆိုတဲ့ လောကဓံတရားကို တွေ့ရသေးတယ် ဆိုတာကို ဆင်ခြင်ကြည့်ယင် ဆင်းရဲဒုက္ခ ရောက်တဲ့အခါမှာ စိတ်ဆင်းရဲ ဖြစ်မှုသက်သာဘွယ် ရှိပါတယ်။ အထူးအားဖြင့် ရောဂါ ဝေဒနာအကြီးအကျယ် ဖြစ်နေတဲ့အခါ၊ မပျောက်နိုင်တဲ့ နာတာရှည်ရောဂါဖြစ်နေတဲ့ အခါတွေမှာ "ဘုရားတောင် မရှောင်နိုင်တဲ့ လောကဓံ တရားဘဲ၊ ငါတို့မှာ ဆိုဘွယ်ရာ မရှိ တွေ့ရပေလိမ့်မယ်၊ မြတ်စွာဘုရားမှာကိုယ်ဆင်းရဲဖြစ်သော်လဲစိတ်ဆင်းရဲတော့

(တတိယအကြိမ်)

WWW.DHAMMARANSI.COM


မဖြစ်ဘူး၊ ငါ့လဲစိတ်ဆင်းရဲမဖြစ်အောင်သည်းခံမယ်''၊ စသည် ဖြင့် နှလုံးသွင်း ဆင်ခြင်ဘို့ လိုပါတယ်။ တတ်နိုင်ယင်တော့ ဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲ ဒုက္ခဝေဒနာတွေကို မပြတ် ရှုမှတ် ပြီးတော့ ''မုတေ မုတမတ္တံ ဘဝိဿတိ-တွေ့ထိလျက် ရောက် သည်၌ တွေ့ထိရုံမျှ ရောက်ရုံမျှ ဖြစ်စေရမယ်''ဆိုတဲ့ ဒေသနာ တော်နှင့်အညီ တွေ့ထိ ခံစားရုံမျှတွင် ရပ်တန့်နေအောင်၊ အဲဒီ ခံစားမှုနှင့် စပ်ပြီး ဒေါသစသော အကုသိုလ်တွေ ဖြစ်ခွင့်မရ အောင် ပယ်နိုင်ဘို့လိုပါတယ်၊ နိုင်နိုင်နင်းနင်း ဝိပဿနာရှုဘူး တဲ့သူဆိုယင် ရှုမှတ်ပြီး အဲဒီလို ဒုက္ခဝေဒနာတွေကို သည်းခံနိုင် ပါတယ်၊ မခံသာမှုမရှိသလိုဖြစ်ပြီး သက်သာရာ ရနိုင်ပါတယ်။

အရေးကြီးတာက ရောဂါဝေဒနာ အကြီးအကျယ် ဖြစ်တဲ့ အခါမှာ ''ငါတော့ နေရာ မကျတော့ပါဘူး၊ သေရတော့မှာ ပါဘဲ''စသည်ဖြင့် ဒီလိုလဲတွေးတောပြီးယူကြုံးမရဝမ်းနည်းနေ တတ်တယ်၊ ''ဒီရောဂါက ပျောက်တောင်မှ ငါတော့ လူစဉ် မမှီတော့ပါဘူး၊ တဘဝလုံး အသုံးမကျတော့ပါဘူး၊ လူ့လော ကထဲ နေဘို့ မသင့်တော်တော့ပါဘူး'' စသည်ဖြင့်လဲ တွေး တောပူပန်ပြီး အင်မတန် ဝမ်းနည်း ပက်လက် ဖြစ်နေတတ် တယ်။ အဲဒီလို ဝမ်းနည်းမှု စိတ်ဆင်းရဲမှုတွေကို တရားဆေးနဲ့ ပယ်နိုင်ဘို့ရာ အလွန် အရေးကြီးပါတယ်။

ဥပမာ အားဖြင့် ခေါင်းကိုက်တယ် ဆိုပါတော့၊ ဆေးမရှိ ယင် အဲဒီ ခေါင်းကိုက် ရောဂါကို အကြာကြီး အလူးအလဲ ခံနေရတယ်၊ ခေါင်းကိုက် ပျောက်ဆေး အသင့် ရှိယင်တော့ အဲဒီဆေးကို သောက်လိုက်ယင် မကြာမီအတွင်းမှာဘဲ ရောဂါ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ပျောက်ပြီး ချမ်းသာသွားတယ်။ အဲဒါလိုဘဲ နှလုံးသွင်း ဆင်ခြင်တဲ့ တရားဆေး၊ ရှုမှတ်တဲ့ တရားဆေး မရှိယင် စိတ်ဆင်းရဲဆိုတဲ့ရောဂါဆိုးကို အကြာကြီး အလူးအလဲ ခံနေရတယ်၊ တရားဆေးရှိတဲ့ ဘုရားတပည့်မှာတော့ "ဖြစ်ပေါ်လာတဲ့ ဒီဆင်းရဲတွေလဲ မမြဲဘူး၊ တော်တော်ကြာယင် ပျောက်သွားနိုင်တယ်၊ ငါလို့ ထင်ရတဲ့ ဒီရုပ်ကိုယ်နဲ့ စိတ်နာမ် တရားတွေလဲ မမြဲဘူး၊ ခဏမစဲ ဖြစ်ပျက်နေလို့ နှစ်သက်ဖွယ် အားကိုးဘွယ် မရှိတဲ့ ဆင်းရဲတွေဘဲ၊ တမျိုးတမည် ပြောင်းလဲ ဖေါက်ပြန် တတ်တဲ့ သဘော တရား တွေဘဲ။ အနတ္တ တရား တွေဘဲ" လို့ ဒီလိုယင်လဲ နှလုံးသွင်း ဆင်ခြင်တယ်၊ ဒီလိုမှ မဟုတ်ယင်လဲ ဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေကိုရော၊ တွေးတော ဆင်ခြင်မှုတွေကိုရော ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားမျှဘဲလို့ အမှန် အတိုင်း သိ သိနေတယ်၊ ဒီတော့ စိတ်ဆင်းရဲဆိုတာ မဖြစ်ပဲလဲ ကင်းနေတတ်တယ်၊ ဖြစ်တောင်မှ ကြာရှည်စွာ မဖြစ်ရဘူး၊ မကြာခင် ကင်းပျောက်ပြီး အေးငြိမ်းသွားတယ်၊ ကိုယ်ဆင်းရဲလဲ ပျောက်နိုင်သောက်ဘာဆိုယင် ပျောက်သွားတတ်ပါတယ်၊ မပျောက်တောင် မခံသာလှအောင် မဖြစ်ပဲ သက်သာနေတတ်ပါတယ်။

ဒါကြောင့် လောကဓံ အကောင်းတွေနောက် လိုက်ပြီးတော့လဲ ဝမ်းသာတက်ကြွမနေဘူး၊ လောကဓံ အဆိုးတွေနဲ့လဲ ဒေါနဲ့ကျင်တိုက်ခိုက်ပြီး စိတ်ပျက် ဝမ်းနည်းမနေဘူး၊ အဲဒါဟာ အနုရောဓခေါ်တဲ့ လိုက်လျောနှစ်သက်မှုနဲ့ ဝိရောဓခေါ်တဲ့စိတ်ပျက်ဆန့်ကျင်မှုတွေ ကင်းနေတာပါဘဲ။ ဒါကြောင့် မြတ်စွာဘုရားက–

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## အိုခြင်းသေခြင်းမှ လွတ်မြောက်သည်

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အနုရောဓဝိရောဓ ဝိပ္ပဟီနော၊ လောကဓံအကောင်းနောက်သို့ လိုက်လျော နှစ်သက်ခြင်း။ လောကဓံအဆိုးနှင့် ဆန့်ကျင် စိတ်ပျက်ခြင်းကို ပယ်ပြီးသော။ သော၊ ထိုအကြားအမြင်ရှိသည့် ဘုရားတပည့်သည်။ ပရိမုစ္စတိ ဇာတိယာ ဇရာယ မရဏေန၊ ဘဝ အသစ် ဖြစ်ခြင်း အိုခြင်း သေခြင်းမှ လွတ်မြောက်၏–လို့လဲ ဟောတော်မူပါတယ်။

အဲဒီနည်းအတိုင်း နှလုံးသွင်း ရှုမှတ်လို့ဝိပဿနာဉာဏ်ပြည့်စုံတဲ့အခါ အရိယာမဂ်ဉာဏ် ၄–ပါးသို့ ရောက်တယ်။ အရဟတ္တမဂ်ဖိုလ်ရောက်လို့ ရဟန္တာ ဖြစ်ပြီးတဲ့နောက် ပရိနိဗ္ဗာန် စံဝင်သွားတဲ့အခါမှာ ဘဝအသစ်လဲ မဖြစ်ရတော့ဘူး၊ ဘဝအသစ် မဖြစ်ရတဲ့အတွက် မအိုလဲ မအိုရတော့ဘူး၊ မသေလဲ မသေရတော့ဘူး–လို့ ဆိုလိုပါတယ်။ ဒါတွင်လဲ မကသေးဘူး–

ပရိမုစ္စတိ သောကေဟိ ပရိဒေဝေဟိ၊ စိုးရိမ် ပူဆွေးရခြင်း ငိုကြွေးရခြင်း တို့မှလည်း လွတ်မြောက်၏။ ဒုက္ခေဟိ ဒေါမနဿေဟိ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့မှလည်း လွတ်မြောက်၏။ ဥပါယာသေဟိ၊ စိတ်နှလုံး၏ ပြင်းစွာ ပူပန်ရခြင်းတို့မှလည်း လွတ်မြောက်၏–လို့ ဒီလိုလဲ ဟောတော်မူပါသေးတယ်။

## ဆင်းရဲဟူသမျှမှ လွတ်မြောက်သည်

အဲဒါကတော့ ယခု မျက်မှောက် ဘဝနဲ့လဲ ဆိုင်ပါတယ်။ လောကဓံတရားတွေကို အနိစ္စ ဒုက္ခ စသည်ဖြင့် နှလုံးသွင်းဆင်ခြင်နိုင်တဲ့ ရှုနိုင်တဲ့ ဘုရားတပည့်မှာ လောကဓံ အဆိုးတွေကို

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အကြောင်းပြုပြီး စိုးရိမ် ပူဆွေးခြင်းတွေ မဖြစ်ရဘူး၊ ငိုကြွေးခြင်းတွေမဖြစ်ရဘူး၊ စိတ်ဆင်းရဲတွေ စိတ်ပူပန်ခြင်းတွေ မဖြစ်ရဘူး၊ ဒေါသမကင်းသေးလို့ဖြစ်တောင်မှ ကြာရှည်စွာ မဖြစ်ရဘူး၊ သက်သာပါတယ်၊ ကိုယ်ဆင်းရဲဆိုတာလဲ ဖြစ်လာပေမဲ့ ရှုမှတ်နေတဲ့သူမှာ သက်သာပါတယ် အဲဒါက မျက်မှောက်မှာ စိုးရိမ်ခြင်းစသည် ကင်းငြိမ်းပုံပါဘဲ။ ရဟန္တာဖြစ်လို့ ပရိနိဗ္ဗာန်စံသွားတဲ့အခါကျတော့ အဲဒီစိုးရိမ်ခြင်း အစရှိသော ဆင်းရဲဟူသမျှတွေလဲ လုံးဝ ကင်းငြိမ်းသွားပါတယ်။ ဒါကြောင့် "ပရိမုစ္စတိ ဒုက္ခသ္မာတိ၊ ဆင်းရဲဟူသမျှမှ လုံးဝ လွတ်မြောက်သည်ဟူ၍။ ဝဒါမိ၊ ငါဘုရား ကေန် ဟောဆိုတယ်" လို့ဒီလိုလဲ နိဂုံးချုပ်ပြီး ဟောတော်မူပါသေးတယ်။

ယခုပြောခဲ့တဲ့အတိုင်း အကြားအမြင် မရှိတဲ့ ပုထုဇဉ်ဟာ လောကဓံတရားနဲ့ တွေ့ရတဲ့အခါမှာ အဲဒီ လောကဓံတရားကို အနိစ္စ ဒုက္ခ စသည်ဖြင့် မသိဘူး၊ ဒါကြောင့် လောကဓံ အကောင်းတွေနဲ့စပ်ပြီး ဝမ်းမြောက်တက်ကြွတယ်၊ လောကဓံ အဆိုးတွေနဲ့စပ်ပြီး ဝမ်းနည်းစိတ်ပျက်တယ်၊ အဲဒီတော့ လောဘ ဒေါသတွေက လွှမ်းမိုးနေတဲ့ အတွက် ကုသိုလ်တွေ ဖြစ်ခွင့်မရဘူး။ ဒါကြောင့် ဆင်းရဲမှ မလွတ်မြောက်ဘူး။ အကြားအမြင်ရှိတဲ့ ဘုရား တပည့်ကတော့ လောကဓံတရားတွေနဲ့ တွေ့ရတဲ့အခါမှာ အဲဒီ လောကဓံ တရားတွေကို အနိစ္စ-ဒုက္ခစသည်ဖြင့် ရှုမှတ် နှလုံးသွင်းပြီး အမှန်အတိုင်း သိတယ်၊ ဒါကြောင့် လောကဓံ အကောင်းတွေနဲ့ စပ်ပြီးတော့လဲ ဝမ်းမြောက်တက်ကြွခြင်း မရှိဘူး၊ လောကဓံ အဆိုးတွေနဲ့

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဆုပ်ပြီးတော့လဲ ဝမ်းနည်း စိတ်ပျက်ခြင်း မရှိဘူး၊ အဲဒီတော့ လောဘ-ဒေါသတွေက မလွှမ်းမိုးတဲ့အတွက် ကုသိုလ်တွေ ဖြစ်ခွင့်ရတယ်၊ အထူးအားဖြင့် ဝိပဿနာ ကုသိုလ်တွေ ကောင်းကောင်းဖြစ်ခွင့်ရတယ်။ ဒါကြောင့်မျက်မှောက်မှာလဲစိတ်ဆင်းရဲတွေမှ လွတ်မြောက်နေတယ်၊ ပရိနိဗ္ဗာန် စံသွားတဲ့ အခါကျတော့ ဆင်းရဲဟူသမျှမှ လုံးဝလွတ်မြောက်သွားတယ်၊ အကြားအမြင်မရှိသူနဲ့ ရှိသူဟာ ယခု ပြောခဲ့တဲ့အတိုင်း ထူးခြားတယ်လို့ ဆိုလိုပါတယ်။

## မင်္ဂလာတရားအရ ဆိုယင်တော့

မင်္ဂလသုတ်တရားတော်အရ ဆိုယင်တော့လောကဓံနဲ့တွေ့ရတဲ့အခါ အကြားအမြင် မရှိတဲ့သူက တုန်လှုပ်တယ်၊ အကြားအမြင်ရှိတဲ့သူက မတုန်လှုပ်ဘူး၊ ဒီလို ထူးခြားတယ်လို့ မှတ်ကြရမယ်။ ဒါကြောင့် မြတ်စွာဘုရားက-

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ-လို့

ဟောတော်မူပါတယ်။

လောကဓမ္မေဟိ ဖုဋ္ဌဿ၊ လောကဓံတရားရှစ်ပါးတို့နှင့်တွေ့သော။ ဝါ-လောကဓံတရား ရှစ်ပါးတို့က တွေ့ထိ နှိပ်စက်အပ်သော်လည်း။ ယဿ၊ အကြင် ရဟန္တာ ပုဂ္ဂိုလ်၏ ဝါ-အကြင် အကြားအမြင်နှင့် ပြည့်စုံသော ဘုရားတပည့် ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ န ကမ္ပတိ။ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ပူဆွေး

WWW.DHAMMARANSI.COM



ခြင်းလဲ မရှိ၊ ဝိရဇံ၊ ကိလေသာဟူသော မြူလည်း မရှိ။ ခေမံ၊ ကြောက်ဖွယ်ဘေးရန်လည်း မရှိ။တော်၊ဤစိတ်နှလုံး၏မတုန်လှုပ်ခြင်း၊ မစိုးရိမ်ခြင်း၊ ကိလေသာမြူ ကင်းခြင်း၊ ဘေးရန်ကင်းခြင်းသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ ကြီးပွား ချမ်းသာကြောင်း မင်္ဂလာမည်ပါတယ်-တဲ့။

အဲဒီမင်္ဂလသုတ်ဒေသနာတော်အတိုင်းလောကဓံအကောင်းနဲ့တွေ့သည်ဖြစ်စေ၊ အဆိုးနဲ့တွေ့သည်ဖြစ်စေ၊ရဟန္တာရဲ့ စိတ်လို မတုန်မလှုပ် သည်းခံနိုင်ဘို့ပါဘဲ။ ရဟန္တာလို သည်းခံနိုင်ရမယ်ဆိုတော့ ရဟန္တာဖြစ်အောင် ကျင့်ဘို့ပါဘဲ။ရဟန္တာ မဖြစ်သေးတောင်မှ အနာဂါမ်လောက် ဖြစ်အောင် ကျင့်ဘို့ လိုပါတယ်။ အဲဒီအထိ မရောက်နိုင်သေးယင်လဲ သောတာပန်, သကဒါဂါမ်လောက်ဖြစ်အောင် ကျင့်ဘို့ လိုပါတယ်။ သောတာပန်-သကဒါဂါမ်ဖြစ်တော့ မတုန်လှုပ်ဘဲ နေနိုင်ပါသလား-လို့ ဆိုယင် လောဘ-ဒေါသ မကင်းသေးတော့ တုန်လှုပ်ခြင်း ရှိသေးတာပါဘဲ။ဒါပေမဲ့ သောတာပန်လောက်ဆိုယင်ပင် အကြားအမြင်နဲ့ ပြည့်စုံနေတဲ့အတွက်အဲဒီလောကဓံတွေကိုအနိစ္စ-စသည်ဖြင့် နှလုံးသွင်းဆင်ခြင်ပြီးတော့ တော်တော် သည်းခံနိုင်ပါပြီ။

အဲဒီသောတာပန် မဖြစ်သေးတောင်မှ စံနစ်တကျ ဝိပဿနာရှုနေတဲ့ ယောဂီဆိုယင် အဲဒီလောကဓံတွေကို ရှုမှတ်ပြီးတော့လဲ အတော် အတန် သည်းခံနိုင်ပါတယ်၊ နှလုံးသွင်းဆင်ခြင်ပြီးတော့လဲသည်းခံနိုင်ပါတယ်။ဝိပဿနာရှုနေတဲ့သူမှာ သမာဓိဉာဏ်တော်တော်ရင့်သန်လာတဲ့အခါရှုမှတ်ရတဲ့ရုပ်အာရုံက တခြား+ရှုသိနေတဲ့ စိတ်နာမ်ကတခြား ဒါ ၂-ခုရှိတာဘဲ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



-လို့ ဒီလိုခွဲခြားပြီး သိလာတယ်။ ဒါလောက် သိတယ် ဆိုယင် ရုပ်နဲ့နာမ်မျှဘဲ၊ ဘာမျှ နှစ်သက်ဖွယ် စိတ်ပျက်ဖွယ် မရှိဘူးလို့ ဆင်ခြင်ပြီးတုန့်လှုပ်ခြင်းသက်သာနိုင်ပါတယ်။အဲဒီထက်သမာဓိ ဉာဏ်ရင့်လာတဲ့အခါကျတော့ ပေါ်လာသမျှ ရုပ်နာမ်တွေရော မှတ်သိနေတဲ့ စိတ်ရောခဏမစဲ ဖြစ်ပျက်နေတာကိုသာ တွေ့နေရတယ်၊ အဲဒီတော့ခဏမစဲ ဖြစ်ပျက်နေလို့ အနိစ္စ-မမြဲတဲ့ တရားချည်းဘဲ၊ ဖြစ်လိုက် ပျက်လိုက်နဲ့ မပြတ်နှိပ်စက်နေလို့ ဒုက္ခ-ကြောက်စရာ ကောင်းတဲ့ ဆင်းရဲချည်းဘဲ၊ သူ့သဘောအတိုင်း သူ ဖြစ်ပျက်နေလို့ အနတ္တ-အစိုးရတဲ့ အတ္တကောင် မဟုတ်-ငါကောင်မဟုတ်တဲ့ သဘောတရားမျှချည်းဘဲ-လို့ဒီလိုလဲ သဘောကျပြီး သိလာပါတယ်။ အဲဒီအခါကျတော့ လောကမံ တရားတွေကိုလဲအနိစ္စ-ဒုက္ခ-ဝိပရိဏာမဓမ္မတွေချည်းဘဲလို့ နှလုံးသွင်းဆင်ခြင်နိုင်တဲ့အတွက် သာပြီးတော့ သက်သာနိုင်ပါတယ်။

အဲဒါထက် သမာဓိဉာဏ် ရင့်သန်လာတဲ့အခါမှာ ဘင်္ဂဉာဏ်စသည်တွေဖြစ်ပြီး နောက်ဆုံးကျတော့ ဖြစ်ပေါ်သမျှ သင်္ခါရတွေကို လျစ်လျူရှုနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ်ဆိုတာ ဖြစ်ပေါ်လာပါတယ်၊ အဲဒီဉာဏ်ကျတော့ သူ့သဘောအတိုင်း သူပျက်ပျက်သွားတာကလေးတွေကို အထူး ကြောင့်ကြ မစိုက်ရဘဲနဲ့ အလိုလို သိလျက် သိလျက် ဖြစ်နေတယ်။ အဲဒီလို အခါမှာ ဝမ်းမြောက် စရာကို တွေ့ရလို့လဲ ဝမ်းမမြောက်ဘူး၊ စိတ်ပျက်စရာကို တွေ့ရလို့လဲ စိတ်မပျက်ဘူး၊ ပေါ်လာသမျှကို သိရုံသိရုံကလေး သိသိသွားနေတယ်။ ဒါကြောင့် အဲဒီ သင်္ခါရုပေက္ခာဉာဏ်ရောက်နေခိုက် ပုဂ္ဂိုလ်မှာဆိုယင် လာဘ်ရခြင်း

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



အခြံအရံရခြင်း အချီးအမွမ်းခံရခြင်း ကိုယ်စိတ်ချမ်းသာခြင်း ဆိုတဲ့လောကဓံ အကောင်းတွေနဲ့တွေ့ရပေမဲ့ ဝမ်းသာတက်ကြွခြင်း မရှိလှဘူး၊ လာဘ်မရခြင်း အခြံအရံ မဲ့ခြင်း အကဲ့ရဲ့ခံရခြင်း ကိုယ်ဆင်းရဲ ဖြစ်ပေါ်ခြင်းဆိုတဲ့ လောကဓံအဆိုးတွေနဲ့တွေ့ရပေမဲ့ ဝမ်းမနည်း စိတ်မပျက်ဘူး၊ သည်းခံနိုင်တယ်၊ အဲဒီအခါမှာ ရဟန္တာများလိုပင် ဆဠင်္ဂုပေက္ခာနဲ့ ပြည့်စုံနေတယ်လို့ အဋ္ဌကထာများမှာ ဆိုထားပါတယ်၊ အဲဒီ ဆိုတဲ့ အတိုင်းဘဲ ယခုကာလ ယောဂီတွေမှာ ကိုယ်တိုင် တွေ့ရပါတယ်။ တချို့က ပုထုဇဉ်မှာ ဒီလို ဆဠင်္ဂုပေက္ခာ မဖြစ်နိုင်ဘူးလို့ ဆိုကြတယ်၊ အဲဒါကတော့ သူတို့မှာလဲ မဖြစ်ဘူးလို့ အဋ္ဌကထာကိုလဲ မရှိသေလို့ ဆိုတဲ့ စကားမျှပါဘဲ၊ အဲဒီမှာ ကိုယ်ဆင်းရဲကို ထည့်ပြောရတာကတော့လောကဓံအဆိုး ၄-ပါးလုံးလဲစုံလင်အောင် တရံတခါ အနည်းငယ် ဖြစ်တတ်တာကိုလဲ သိရအောင် ပြောခြင်းဖြစ်ပါတယ်။ အများအားဖြင့်တော့ သင်္ခါရုပေက္ခာဉာဏ်ဖြစ်နေခိုက်မှာ ဒုက္ခဝေဒနာကတော့ မဖြစ်တာကဘဲ များပါတယ်။

အဲဒီ သင်္ခါရုပေက္ခာဉာဏ်မှ အထက်တက်သွား ယင်တော့ အရိယာမဂ်ဖိုလ်ကို ရောက်တော့တာဘဲ၊ နောက်ဆုံး အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာ ဖြစ်တဲ့အခါကျတော့ ဒီလောကဓံ တရားတွေကို အပြည့်အစုံသည်းခံနိုင်ပြီး တုန်လှုပ်ခြင်း ကင်းတဲ့ မင်္ဂလာတရားတော်နဲ့ ပြည့်စုံသွားပါလိမ့်မယ်။ အဲဒီ မင်္ဂလာ တရားတော်ကြီးနဲ့ ပြည့်စုံသည်အထိ ရှုမှတ်ပွားများအားထုတ်သွားကြဘို့ပါဘဲ။ အဲဒီကိုမရောက်သေးခင်လဲ လောကဓံတရားနဲ့ တွေ့ရတဲ့အခါ ထိုက်သည် အားလျော်စွာ ရှုမှတ် နှလုံးသွင်း:

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



သွားကြဘို့ပါဘဲ။ အဲဒီလို ရှုမှတ် နှလုံးသွင်းပြီး တရားအကာ အကွယ်ကိုရဘို့ရာဒီလောကဓံတရားတော်ကို နှစ်သစ်ကူးအထိမ်း အမှတ်အနေနဲ့ ဒီကနေ့ ဟောလာခဲ့တာ တော်တော် စုံသွား ပါပြီ၊ အခုချိန်ကလဲ ၂-နာရီကျော် သွားပါပြီ၊ ဒါကြောင့် ဆောင်ပုဒ်ကလေးများကို ဆိုပြီး တရားပွဲသိမ်းကြစို့။

(၁) လာဘ်, ခြွေရံ ရ၊ ချီးမွမ်းကြ၊ သုခ ဝမ်းသာ(မြဲ) (ဆို).

(၂) ထိုလေးမျိုးမှ၊ ပြောင်းပြန် ကျ၊ လောက ဝမ်းနည်းမြဲ။ (ဆို)

(၃) လောက ဓမ္မ၊ ရှောင်မရ၊ မုချ တွေ့စမြဲ။ (ဆို)

ဤလောကဓံရှစ်ပါး တရားတော်ကို ရိုသေစွာ နာခံမှတ် သားကြရသော ဓမ္မသဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်း အာနုဘော်ကြောင့် ယခု တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့သည် လောကဓံတရားများနှင့် တွေ့ရသော အခါ ထိုလောကဓံ တရားတို့ကြောင့် တုန်လှုပ်ခြင်း မရှိဘဲ သည်းခံနိုင်အောင် နှလုံးသွင်းဆင်ခြင် ရှုမှတ်ပွားများ အား ထုတ်နိုင်ကြ၍ လောကဓံ ခပ်သိမ်းတို့၏ ကင်းငြိမ်းရာ နိဗ္ဗာန် ချမ်းသာသို့ လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြ ပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

လောကဓံတရားတော် ဤတွင်ပြီး၏။

(၂၉-၅-၁၉၇၀)

(တတိယအကြိမ်)

WWW.DHAMMARANSI.COM

# ရည်ရွယ်ချက်ပြည့်စုံသော
# ဩကာသ ကန်တော့ခန်း

---

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှါ ဘုရားရတနာ တရားရတနာ သံဃာရတနာ တည်းဟူသော ရတနာ မြတ်သုံးပါး (ဆရာသမား) တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ (အရှင်ဘုရား)။

(ဆုပေးမည့် ပုဂ္ဂိုလ်ရှိလျှင် ဤတွင် ရပ်ပါ)

ဆုပေးမည့် ပုဂ္ဂိုလ် မရှိလျှင်
အောက်ပါ ဆုတောင်းအတိုင်း ဆက်၍ဆိုကာ ဆုတောင်းပါ။

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့် ။ အပါယ်(၄)ပါး၊ ကပ်(၃)ပါး၊ ရပ်ပြစ်(၈)ပါး၊ ရန်သူမျိုး(၅)ပါး၊ ဝိပတ္တိတရား (၄)ပါး၊ ဗျသနတရား (၅)ပါး၊ အနာမျိုး(၉၆)ပါး၊ မိစ္ဆာဒိဋ္ဌိ (၆၂)ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏ (အရှင်ဘုရား)

(တတိယအကြိမ်)

WWW.DHAMMARANSI.COM


# အဂ္ဂမဟာပဏ္ဍိတ
# မဟာစည် ဆရာတော် ဘုရားကြီး၏
# ဂုဏ်တော် ၉-ပါး ဘုရားရှိခိုး

[ရဟန်း၁၀-ဝါခန့်ကရေးသည်၊ ယခုအနည်းငယ် ပြင်ထားသည်]

အစိန္တေယျ-အစိန္တေယျ-အစိန္တေယျ၊ အပ္ပမေယျ-အပ္ပမေယျ-အပ္ပမေယျ၊ မကြံဆ မနှိုင်းယှဉ်နိုင်ကောင်းသောဂုဏ်တော်ပေါင်းအနန္တနှင့် လုံးဝဥဿုံ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

## ၁-အရဟံ ဂုဏ်တော် ၅-ပုဒ်

၁။ လွန်ကဲထူးမြတ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ် ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူမင်း နတ်မင်းဗြဟ္မာမင်းဟု ကမ္ဘာအတွင်း၌ သမ္မာရင်းထူ ဂုဏ်လင်းသူတို့မှ စ၍ အနန္တမဆုံးသောကကြီးတခုလုံး၏ ညွှတ်ရှိုးဖူးမြော် ပူဇော်ခြင်း ဝိသေသထူးမြတ်သော သက္ကာရတို့ကို တောင့်တသည့်ချမ်းသာ လိုရာအကျိုးများဖြင့် တိုးပွားမသေ ချမ်းသာစေ ရည်မြော်လျက် ခံယူတော်မူထိုက်သောကြောင့်ရတော်မူသော အရဟံ ဟူသော အမည်တော်နာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော် မူပေသော မြတ်စွာဘုရား။

၂။ ဘဝအဆက်ဆက် အနမတဂ်သံသရာက အစဉ်တစိုက်လိုက်ပါခဲ့သော ကိလေသအလေ့အလာ အတုံ့ဝါသနာနှင့်တကွ

(တတိယအကြိမ်)၊

WWW.DHAMMARANSI.COM



ကိလေသာအညစ်အကြေးတို့မှကင်းဝေးစင်ကြယ်တော်မူသော ကြောင့် ရတော်မူသော အရဟံဟူသော အမည်တော် နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ်မဆန့်တက်အောင် နှံ့လျက် ကျော်စော်တော်မူပေသော မြတ်စွာဘုရား။

၃။ လောဘ ကိလေသာ, ဒေါသ ကိလေသာ, မောဟ ကိလေသာ, မာန ကိလေသာ, ဒိဋ္ဌိကိလေသာ, ဝိစိကိစ္ဆာ ကိလေသာ, ထိနကိလေသာ, ဥဒ္ဓစ္စကိလေသာ, အဟိရိက ကိလေသာ, အနောတ္တပ္ပကိလေသာ တည်းဟူသော သရုပ် အားဖြင့် ကိလေသာ ၁၀-ပါး၊ အကျယ်ပွားလျှင် တထောင့် ငါးရာ များလှစွာသော ကိလေသာ ရန်သူတို့ကို အရဟတ္တ မဂ် ဓါးလက်နက်ဖြင့် အကြွင်းမဲ့ ခုတ်ဖြတ် ပယ်သတ်တော်မူ ပြီးသောကြောင့်ရတော်မူသော အရ-ဟံ ဟူသောအမည်တော် နာမ-ပ-မြတ်စွာဘုရား။

၄။ ပုံတောင်းတူစွာ အဝိဇ္ဇာတရပ် အကွပ်ပမာ ဇရာ မရဏ ပတ်လည်ခံသည့် ပဋိစ္စသမုပ္ပါဒ် ရဟတ်သံသရာ ဘီး စကြာဝယ် သခ်ါရမှ ဇာတိကျအောင် အလယ်က ဆယ်တန့် ထောက်အကန့်တို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် မဆက် မစပ် အကုန်လုံးပြတ်အောင် ခုတ်ဖြတ်ဖျက်ဆီး စွန့်ပယ်တော် မူပြီးသောကြောင့် ရတော်မူသော အရ-ဟံ ဟူသော အမည် တော်နာမ-ပ-မြတ်စွာဘုရား။

၅။ မျက်မှောက်မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာမရှိတော်မူသောကြောင့် ရတော်မူသော အ-ရဟံ ဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## ၂-သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် ၂-ပုဒ်

၁။ ထူးသောဉာဏ်ဖြင့် သိသင့်သိထိုက်တဲ့ သစ္စာ ၄-ပါး တည်းဟူသောအဘိညေယျတရား၊ ပိုင်းခြား၍သိသင့်သိထိုက်တဲ့ ဒုက္ခသစ္စာ တည်းဟူသော ပရိညေယျတရား၊ ပယ်သင့်ပယ် ထိုက်တဲ့ သမုဒယသစ္စာတည်းဟူသော ပဟာတဗ္ဗတရား၊ မျက် မှောက်ထင်ထင် ဆိုက်ရောက်၍ သိမြင်သင့် သိမြင်ထိုက်တဲ့ နိရောဓသစ္စာတည်းဟူသော သစ္ဆိကာတဗ္ဗတရား၊ ပွားများသင့် ပွားများထိုက်တဲ့ မဂ္ဂသစ္စာတည်းဟူသော ဘာဝေတဗ္ဗတရား အားဖြင့် သစ္စာ၄-ပါးခပ်သိမ်းသော တရားတို့ကို သူတပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ် အဟုန်စွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူသောကြောင့်ရတော်မူသော **သမ္မာသမ္ဗုဒ္ဓ** ဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

၂။ ပိဋ္ဌနဋ္ဌ-ညှဉ်းဆဲတတ် + ညှဉ်းဆဲအပ်သော အနက် သဘော၊သင်္ခတဋ္ဌ-ပြုပြင်အပ်သော အနက်သဘော၊သန္တာပဋ္ဌ- ပူလောင်စေတတ်သော အနက်သဘော၊ ဝိပရိဏာမဋ္ဌ-ဖောက် ပြန်ပြောင်းလဲ မတည်မြဲသော အနက်သဘော-ဤသို့အားဖြင့် ဒုက္ခသစ္စာ၏မဖောက်မပြန်မှန်ကန်သောအချက် သဘောအနက် ၄-ပါး။ အာယူဟနဋ္ဌ-နှစ်သက်လိုချင် ခင်မင်တွယ်တာသော အားဖြင့် ဆင်းရဲပွားအောင် အားထုတ်ခြင်း အနက်သဘော၊ နိဒါနဋ္ဌ-ဆင်းရဲကို အပ်နှင်းသကဲ့သို့ ဆင်းရဲ ဖြစ်ခြင်း၏ အကြောင်းရင်း ဖြစ်သော အနက်သဘော၊ သံယောဂဋ္ဌ-နှစ် သက်သာယာ တွယ်တာသောအားဖြင့် သံသရာဆင်းရဲနှင့် ယှဉ် တွဲစေတတ်သော အနက်သဘော၊ပလိဗောဓဋ္ဌ-ဆင်းရဲဒုက္ခဝဋ်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဘဝမှ မလွတ်ရအောင် ချည်နှောင်တွယ်ကပ်လျက် နှောင့်ယှက်ပိတ်ပင်တတ်သောအနက်သဘော-ဤသို့အားဖြင့်သမုဒယသစ္စာ၏ မဖေါက်မပြန် မှန်ကန်သောအချက်သဘောအနက်၄-ပါး။ နိဿရဏဋ္ဌ-ဆင်းရဲဒုက္ခ သခ်ါရတို့မှ ကင်းလွတ် ထွက်မြောက်သော အနက်သဘော၊ ဝိဝေကဋ္ဌ-သခ်ါရဒုက္ခ လုံးဝကင်းရှင်းဆိတ်ငြိမ်ခြင်း အနက်သဘော၊ အသခ်တဋ္ဌ-အကြောင်းတစုံတခုက မပြုရသော အနက်သဘော၊ အမတဋ္ဌ-မသေ မပျက်ပဲ အမြဲတည်ရှိနေသော အနက်သဘော-ဤသို့အားဖြင့် နိရောဓသစ္စာ၏ မဖေါက်မပြန် မှန်ကန်သောအချက် သဘောအနက် ၄-ပါး။ နိယျာနဋ္ဌ-ဝဋ်ဆင်းရဲမှ ထွက်သွားတတ်-ထုတ်ဆောင်တတ်သော အနက်သဘော၊ ဟေတုဋ္ဌ-နိရောဓသစ္စာခေါ်နိဗ္ဗာန်အငြိမ်းဓာတ်သို့ ဆိုက်ကပ် ဝင်ရောက်ခြင်း၏ အကြောင်းရင်းဖြစ်သော အနက်သဘော၊ ဒဿနဋ္ဌ-နိရောဓသစ္စာခေါ် နိဗ္ဗာန်အလင်းကို ဖေါက်ထွင်းမြင်ကာ လေးသစ္စာကို ပိုင်နိုင်စွာ သိမြင်ခြင်းအနက်သဘော၊ အာဓိပတေယျဋ္ဌ-ဒုက္ခနှင့်နှိုင်းစာလျှင် လွန်စွာအထူး အကြီးအမှူးဖြစ်ခြင်းအနက်သဘော-ဤသို့အားဖြင့် မဂ္ဂသစ္စာ၏ မဖေါက်မပြန် မှန်ကန်သောအချက် သဘောအနက် ၄-ပါး။ ဤသို့လျှင် သစ္စာအနက် တဆဲ့ခြောက်ချက်သော သဘောမှန်တို့ဖြင့် ဆင်းရဲစစ် ဆင်းရဲမှန်ဖြစ်သော ဒုက္ခသစ္စာ၊ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း အစစ်အမှန်ဖြစ်သော သမုဒယသစ္စာ၊ဆင်းရဲချုပ်ငြိမ်းရာ ချမ်းသာအစစ်အမှန်ဖြစ်သော နိရောဓသစ္စာ၊ ထိုချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်လမ်းကောင်း အစစ်အမှန်ဖြစ်သောမဂ္ဂသစ္စာ တည်းဟူသောသစ္စာ၄-ပါးခပ်သိမ်းသော တရားတို့ကိုသူတပါးထံ နည်း

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



မခံဘဲ ကိုယ်ပိုင်ဉာဏ်ဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူသောကြောင့် ရတော်မူသော **သမ္မာသမ္ဗုဒ္ဓ**-ဟူသော အမည်နာမ-ပ-မြတ်စွာဘုရား။

(ဤ၂-ပုဒ်တို့၌ အကျဉ်းအကျယ်မျှသာ ထူးသည်။)

## ၃-ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ၃-ပုဒ်

၁။ ဝိဇ္ဇာမည်သော ဉာဏ်ထူး၃-ပါး၊ ဉာဏ်ထူး ၈-ပါး၊ စရဏမည်သောအခြေခံ အကျင့်တရား ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် ရတော်မူသော **ဝိဇ္ဇာစရဏသမ္ပန္န**ဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

၂။ သုံးပါးဝိဇ္ဇာ ပု-ဒိ-အာ-နှင့် တဖြာထိုမှ ဝိ-မ-ဣ-ဒိ-စေ-ပု-ဒိ-အာ ဝိဇ္ဇာရှစ်မျိုး ပြည့်ဖြိုးလျှံထိန်၊ သီ-ဣန်-ဘော-ဇာ-သဒ္ဓါ သတိ ဟိရိဩတ္တပ္ပ ဗာဟုသစ္စ ဝီရိယာ ပညာ တတန်ရှပစျာန်နှစ်ဆယ်လေးခုအားဖြင့်ဆဲ့ငါးပါးရ စရဏတို့နှင့်လုံးဝဥဿုံ ပြည့်စုံတော် မူသောကြောင့် ရတော်မူသော ဝိဇ္ဇာစရဏသမ္ပန္နဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

၃။ ရှေးရှေးဘဝဟောင်းအဆက်ဆက်ခန္ဓာဟောင်း အစဉ်ကိုသိမြင်နိုင်သောပုဗ္ဗေနိဝါသဉာဏ်၊သတ္တဝါတို့၏စုတိပဋိသန္ဓေနှင့်တကွ အလုံးစုံသော အဆင်းဓာတ် ရူပါရုံဟူသမျှကို သိမြင်နိုင်သောဒိဗ္ဗစက္ခုဉာဏ်၊အာသဝေါလေးဖြာကိလေသာခပင်းကို အကြွင်းမဲ့ ကုန်ပျက်စေတတ်သော အရဟတ္တမဂ်ပညာတည်းဟူသော အာသဝက္ခယဉာဏ်-ဤသို့အားဖြင့် ဝိဇ္ဇာ၃-ပါး၊ အနိစ္စာနုပဿနာ-ဒုက္ခာနုပဿနာ-အနတ္တာနုပဿနာ အစရှိသော ဝိပဿနာဉာဏ်၊ မိမိကိုယ်နှင့် ထပ်တူပွား၍ ဖန်ဆင်းနိုင်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



သော မနောမယိဒ္ဓိဉာဏ်၊ အထွေထွေအမျိုးမျိုး တန်ခိုးဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်၊ အလုံးစုံသော အသံခတ် သဒ္ဒါရုံ ဟူသမျှကို ကြားသိနိုင်သော ဒိဗ္ဗသောတဉာဏ်၊ ခပ်သိမ်းသော သတ္တဝါတို့၏ စိတ်အလိုအကြံကို သိနိုင်သော စေတောပရိယဉာဏ်။ ရှေးရှေးဘဝဟောင်းအဆက်ဆက်ခန္ဓာဟောင်းအစဉ်ကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်၊ သတ္တဝါတို့၏ စုတိပဋိသန္ဓေနှင့်တကွ အလုံးစုံသော အဆင်းခတ်ရူပါရုံ ဟူသမျှကို သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝေါ လေးဖြာ ကိလေသာခပင်းကို အကြွင်းမဲ့ ကုန်ပျက်စေတတ်သော အရဟတ္တမဂ်ပညာတည်းဟူသော အာသဝက္ခယဉာဏ်–ဤသို့အားဖြင့် ဝိဇ္ဇာ ၈–ပါး၊ ကိုယ်နှုတ်နှစ်ရပ်ကို ငြိမ်ဝပ်အောင် စောင့်စည်းခြင်းတည်းဟူသော ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြေ ၆–ပါး တံခါး ၆–ရပ်ကို ငြိမ်ဝပ်လုံခြုံအောင် စောင့်စည်းခြင်း တည်းဟူသော ဣန္ဒြိယသံဝရသီလ၊ အစာ၌ အတိုင်းအရှည်ကို သိခြင်းဟူသော ဘောဇနေမတ္တညုတာ၊ ကျိန်းစက်ချိန် နည်းပါး၍ ဘာဝနာဖြင့် နိုးကြားခြင်းဟူသော ဇာဂရိယ၊ ယုံကြည်မှု-ကြည်ညိုမှု–ကြည်လင်မှုဟူသော သဒ္ဓါတရား၊ အောက်မေ့သင့်ရာ၌ အောက်မေ့မှု–အမှတ်ရမှု ဟူသော သတိတရား၊ မကောင်းမှုမှရှက်တတ်သော ဟိရိတရား၊ မကောင်းမှုမှ ကြောက်တတ်သော ဩတ္တပ္ပတရား၊ အကြားအမြင်များခြင်းဟူသော ဗာဟုသစ္စ၊ မနစ်မဆုတ် အားထုတ်မှုဟူသော ဝီရိယတရား၊ မှန်ကန်စွာသိတတ်သောပညာတရား ရူပါဝစရပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်-ဤသို့အားဖြင့်စရဏတဆဲ့ငါးပါး၊ ဤသို့လျှင် သတ္တဝါတို့၏ မျက်စိပမာ ဝိဇ္ဇာ၃–ပါး၊ ဝိဇ္ဇာ၈–ပါး၊

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



သတ္တဝါတို့၏ အတောင် ၂-ဖက် ခြေလက်အလား အဆဲ့ငါး ပါးသော စရဏတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္နဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

(ဤ၃-ပုဒ်တို့၌ အကျဉ်း အလတ် အကျယ် အဖြစ်မျှသာ ထူးသည်။)

## ၄-သုဂတဂုဏ်တော် ၄-ပုဒ်

၁။ မမှန် အကျိုးမရှိ သူနာလို+မနာလို၊ မှန်သော်လည်း အကျိုးမရှိ သူနာလို+မနာလို အားဖြင့် ပြောသော စကား ၄-ခွန်းကို ပယ်၍၊ ဟုတ်မှန်ကျိုးများ သူတပါးနာလို+မနာလို အားဖြင့် ပြောသောစကားကောင်း ၂-ခွန်းကိုသာ သင့်လျော်သောအခါ၌ မိန့်ဆိုတော်မူတတ်သောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ—ပ—မြတ်စွာဘုရား။

၂။ ဘေးမဲ့ရပ်ခွင်နိဗ္ဗာန်ဝင်ဘို့ မဂ္ဂင်ရှစ်စင်းတင့်တယ်သော ကြွသွားခြင်း ရှိတော်မူသောကြောင့် ရတော်မူသော **သုဂတ** ဟူသော အမည်တော် နာမ—ပ—မြတ်စွာဘုရား။

၃။ မကောင်းညစ်ညမ်း အလွန်ဆိုးသွမ်းသည့် ဘေးဘျမ်း အနန္တ ဝဋ္ဋဆင်းရဲ သံသရာတို့မှ ကောင်းလှတဲ့စခန်း ပြည်နိဗ္ဗာန် မြနန်းသို့ ကြွလှမ်း ဆိုက်ရောက်တော်မူသောကြောင့် ရတော်မူသော သုဂတ ဟူသော အမည်တော် နာမ-ပ-မြတ်စွာ ဘုရား။

၄။ ဒီပင်္ကရာ မြတ်စွာခြေရင်း တံတားခင်း၍ ဝတ်စင်းဦးခ နိယတဗျာဒိတ် အောင်ဘိသိက်ပန်း ဆင်မြန်းသည်မှ အဦးစ၍

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဒေဗာဓိမဏ္ဍိုင်ကျအောင် အန္တ၂-ပါး အယုတ်တရားသို့မလား မသီ ပါရမီစာဂစရိယအနှစ်ဘုရားဖြစ်ကြောင်းအကျင့်ကောင်း ဘို့ကိုဆင့်လောင်းဖြည့်စွမ်း အလယ်လမ်းဖြင့်ဖြောင့်တန်းစေန် သဗ္ဗညာဏ်ကို ရည်သန်လျက်သာ ကြွလာတော် မူသောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ-ပ-မြတ်စွာ ဘုရား။

## ၅-လောကဝိဒူ ဂုဏ်တော် ၂-ပုဒ်

၁။ သတ္တလောက, သင်္ခါရ လောက,ဩကာသ လောက ဘည်းဟူသော လောကသုံးပါးကို ပိုင်းခြားဝေဖန် ကြွင်းကျန် မရှိ ခပ်သိမ်းသော အခြင်းအရာအားဖြင့် မြင်သိတော်မူသော ကြောင့် ရတော်မူသော **လောကဝိဒူ** ဟူသော အမည်တော် နာမ—ပ-မြတ်စွာဘုရား။

၂။ အနန္တမျှားစွာ သတ္တဝါအပေါင်းတည်းဟူသော သတ္တ လောက၊ သတ္တဝါတို့၏ တည်နေရာ ၃၁-ဘုံဌာန **အ**နန္တစကြ ဝဠာ ဂြိုဟ်တာရာနှင့် သမုဒ္ဒရာ ရေမြေ တောတောင် လေမှ အဦးစ၍ ဗဟိဒ္ဓရုပ်**အ**ပေါင်းတည်းသော ဩကာသလောက၊ သတ္တဝါနှင့် ဩကာသ နှစ်ဝသန္တာန် ရုပ်နာမ်ဟူသမျှ သင်္ခါရ တရား အပေါင်းတည်းဟူသော သင်္ခါရ လောကအားဖြင့် လောကသုံးပါးကို ပိုင်းခြားဝေဘန် ကြွင်းကျန်မရှိ ခပ်သိမ်း သော အခြင်း အရာအားဖြင့် မြင်သိတော် မူသောကြောင့် **လောကဝိဒူ** ဟူသော အမည်တော်နာမ—ပ-မြတ်စွာဘုရား

(ဤ ၂ပုဒ်၌ အကျဉ်းအကျယ်မျှသာ ထူးသည်။)
(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## (၆) အနုတ္တရဂုဏ်တော် ၁-ပုဒ်

အတုမရှိမြင့်မြတ်သော သီလဂုဏ် ကျေးဇူးတော်တည်း ဟူသော သီလက္ခန္ဓာ။ သမာဓိဂုဏ် ကျေးဇူးတော်တည်း ဟူသော သမာဓိက္ခန္ဓာ၊ ပညာဂုဏ် ကျေးဇူးတော် တည်း ဟူသော ပညာက္ခန္ဓာ၊ အရဟတ္တဖိုလ်ဂုဏ် ကျေးဇူးတော်တည်း ဟူသော ဝိမုတ္တိက္ခန္ဓာ၊ ပစ္စဝေက္ခဏာဉာဏ် ပညာဂုဏ်ကျေးဇူးတော် တည်း ဟူသော ဝိမုတ္တိ ဉာဏ ဒဿနက္ခန္ဓာ တည်းဟူသော ငါးပါးသော ဂုဏ်ကျေးဇူးအထူးအမြတ်ဆုံးတို့နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ သုံးပါးသောလောက၌တူမျှသူမရှိဘဲ အလွန်အကဲအမြင့်အမြတ်ဆုံး ဖြစ်တော်မူသောကြောင့် ရတော်မူသော အနုတ္တရ ဟူသော အမည်တော် နာမ-ပ-မြတ်စွာဘုရား။

## (၇) ပုရိသ ဒမ္မသာရထိ ဂုဏ်တော် ၁-ပုဒ်

မယဉ်ကျေးမလိမ္မာ ပညာဉာဏ်ကင်း အလွန်အမင်း ရိုင်းပျ၍ ဆုံးမတော်မူထိုက်သည့် ပရိဗိုဇ်သစ္စက အာဠဝက နတ်ဘီလူး တဦးထိုမှ ဗကဗြဟ္မာ နာဠာဂီရိ အစရှိသော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို တရားမြတ်ဆေး အစဉ်ကျွေး၍ ယဉ်ကျေးလိမ္မာ ဖြစ်စေကာဖြင့် သုံးဖြာ သရဏဂုံ ငါးစုံသီလ တည်ကြစေလျက် ဈာန်မဂ်ဖိုလ်တိုင် ရရှိနိုင်အောင် ပိုင်ပိုင်လှလှ နေရာကျဖြင့် ဆုံးမတော်မူတတ်သောကြောင့်ရတော်မူသော ပုရိသဒမ္မသာရထိ ဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

(လက်သည်းကွင်းဖြင့် ပြသော အထက်ပါ ၆-၇ ၂-ပုဒ် တို့မှာ ခွဲ၍ယူလျှင်ရသော ဂုဏ်ပုဒ်တို့ ဖြစ်သည်)။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## ၆-(၆-၇) အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော် ၁-ပုဒ်

မယဉ်ကျေးမလိမ္မာ ပညာအသိမရှိကြသေးမပြည့်ဝသေး၍ ဆုံးမပေးထိုက်သော ပုဂ္ဂိုလ်တို့အား ယဉ်ကျေးလိမ္မာ ပညာ ပြည့်ဝ အချိုးကျအောင် ဆုံးမညွှန်ကြားမှု၌ အတုမရှိ အမြင့် အမြတ်ဆုံးဖြစ်တော်မူသောကြောင့် ရတော်မူသော အနုတ္တရော ပုရိသ ဒမ္မသာရထိ ဟူသော အမည်တော် နာမ-ပ-မြတ်စွာ ဘုရား။

## ၇-(၈) သတ္ထာဒေဝမနုဿ ဂုဏ်တော် ၂-ပုဒ်

၁။ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ကို မကောင်းဆိုး ဝါးအကျိုးမဲ့ အမှုများမှ ပိတ်ဆို့မြစ်တားလျက် ကောင်းကျိုး ချမ်းသာဖြစ်ဖွယ်ရာ အကြောင်းတို့ဖြင့် ကောင်းကောင်းညွှန်ပြ ကြီးကျယ်သော လုံ့လဖြင့် ဆုံးမတော်မူတတ်သည့် ဆရာမြတ် အစစ်တပါးတည်း ဖြစ်တော်မူသောကြောင့် ရတော် မူသော သတ္ထာဒေဝမနုဿာနံ ဟူသော အမည်တော်နာမ-ပ-မြတ်စွာ ဘုရား။

၂။ ဓားပြ ခိုးသူ တောပုံးထူသော ခရီးခဲ တည်းဟူသော စောရကန္တာရ၊ ခြင်္သေ့၊ ဝံ ကျား၊ သားရဲများသော ခရီးခဲ တည်းဟူသော ဝါဠကန္တာရ၊ သောက်ရေသုံးရေ မရ ရှားပါး လှသော ခရီးခဲ တည်းဟူသော နိရုဒကကန္တာရ၊ သစ်သီး သစ် ရွက်မှစ၍ အစာ အာဟာရ ရှားပါးလှသော ခရီးခဲ တည်း ဟူသော အပ္ပဘက္ခကန္တာရ၊ လူသားစားကြူး ဘီလူးသန်ဘက် ပေါများသည့် ခရီးခဲတည်းဟူသော အမနုဿကန္တာရအား ပြင့်

WWW.DHAMMARANSI.COM



ငါးပါးသော ခရီးခဲ ခရီးခက်တို့မှ မလွတ်ထွက်နိုင်ဘဲ ဆင်းရဲ ညစ်နွမ်း ပင်ပန်းနေသော လူညီးကုန်သည်တို့ကို ထိုခရီးခဲခရီး ခက်တို့မှ လွတ်ထွက်နိုင်အောင် ထုတ်ဆောင်မနှေး ရန်ဘေး ကင်းပ အေးမြသာယာ မြို့ပြည်ရွာသို့ ကောင်းစွာ ဆောင်ပို့ သည့်ကုးတို့ဦးစီး လှည်းမှူး ခေါင်းဆောင်ကြီး ပမာ အသစ် အသစ်အဖန်ဖန် ဖြစ်ရမှုမစဲသည့် ခရီးခဲမှန်စွာ သံသရာတည်း ဟူသော ဇာတိကန္တာရ၊အဖန်ဖန်ယိုယွင်း၍ အိုမင်း ဆွေးမြည့် ရမှု မစဲသည့် ခရီးခဲမှန်စွာသံသရာတည်းဟူသော ဇရာကန္တာရ၊ အဖန်ဖန် မကျန်းမမာဖျားနာရမှုမစဲသည့်ခရီးခဲမှန်စွာသံသရာ တည်းဟူသော ဗျာဓိကန္တာရ၊ အဖန်ဖန်ခန္ဓာကိုယ် ပျက်ပြုန်း၍ သေဆုံးရမှု မစဲသည့် ခရီးခဲမှန်စွာ သံသရာ တည်းဟူသော မရဏကန္တာရ–အားဖြင့် လေးပါးသောသံသရာရေဝဲ ခရီးခက် ခရီးခဲတို့၌ ဆင်းရဲနစ်မွန်းလျက် ပင်ပန်းနေသော ဗြဟ္မာနတ်လူ သုံးဘုံသူတို့ကို ကြည်ဖြူအေးမြ ဘေးကင်းပသည့် အမတစခန်း ပြည်နိဗ္ဗာန် မြနန်းသို့ တက်လှမ်းဝင်ဘို့ ထုတ်ဆောင်ပို့သဖြင့် နတ်လူတို့၏ ဆရာ သတ္တဝါတို့၏ နာထ မဟာနာယက ဦးစီး အမှူးကြီး ဖြစ်တော်မူသောကြောင့် ရတော်မူသော **သတ္ထာ– ဒေဝမနုဿာနံ** ဟူသော အမည်တော်နာမ–ပ–မြတ်စွာဘုရား။

## ၈–(၉) ဗုဒ္ဓဂုဏ်တော် ၅–ပုဒ်

၁။ သစ္စာ ၄–ပါး ခပ်သိမ်းသောတရားတို့ကိုပိုင်းခြားကျန ကိုယ်ဘော်တိုင် သိရ၍ ဝေနေယျ များစွာ သတ္တဝါတို့အား ဟောကြား သိစေတော်မူသောကြောင့် ရတော်မူသော **ဗုဒ္ဓ–** ဟူသောအမည်တော်နာမ–ပ–မြတ်စွာဘုရား။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



၂။ သင်္ခါရ,ဝိကာရ, လက္ခဏာ,နိဗ္ဗာန် ပညတ်အားဖြင့် ငါး ယျခံငါးပါး သိသင့်သိထိုက်သောတရားတို့ကိုပိုင်းခြားဝေဘန် ကြွင်းကျန်မရှိ ခပ်သိမ်းသော အခြင်းအရာ အားဖြင့် သိတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓ ဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

၃၊ စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ၅၂-ပါး,ရုပ်နှစ်ချပ် ၁၈-ပါးဟူသော သင်္ခါရတရား၊ ဝိကာရရုပ် ငါးပါး ဟူသောဝိကာရတရား၊သင်္ခတလက္ခဏာ သာမည လက္ခဏာ ဟူသော လက္ခဏာတရား နိဗ္ဗာန်တရား၊ အမျိုးမျိုးသော ပညတ်တရားအားဖြင့် ပိုင်းခြား၍ သိသင့်သိထိုက်သော ဉေယျခံ ငါးပါး-သင်္ခတ အသင်္ခတစသည်ပြားသောတရားအလုံးစုံကိုအကုန်အစင် ကိုယ်တော်တိုင် သိမြင်တော် မူသောကြောင့် ရတော်မူသော ဗုဒ္ဓ ဟူသော အမည်တော် နာမ-ပ-မြတ်စွာဘုရား။

၄။ သဗ္ဗညုတဉာဏ်တော် အစရှိသော ဝိမောက္ခန္တိက ဉာဏ်တော်ပေါင်း အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသည်ဖြစ်၍ သစ္စာလေးတန် ဉေယျခံငါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားဝေဘန် ကြွင်းကျန်မရှိ ခပ်သိမ်းသော အခြင်းအရာ အားဖြင့် သိတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓ ဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

၅။ သစ္စာလေးပါးကို ပိုင်းခြား၍သိသော စတုသစ္စ ဉာဏ်တော် ၄-ပါး၊ (အကျိုး တရား,နိဗ္ဗာန်, ဟောအပ်သော အနက်,ဝိပါက်, ကိရိယာငါးဖြာသော အတ္ထဟူသော)အကျိုး အနက်တို့ကို ဖေါက်ထွင်းဖွင့်လှန် ဝေဘန်ခွဲပြား အပြားအား

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဖြင့်သိသောအတ္ထပဋိသမ္ဘိဒါဉာဏ်၊ (အကြောင်းတရား, အရိယာမဂ်, ဒေသနာပါဠိ, ကုသိုလ်, အကုသိုလ်အားဖြင့် ငါးပါးသော ဓမ္မ ဟူသော)အကြောင်းပါဠိတို့ကိုဖေါက်ထွင်းဖွင့်လှန်ဝေဘန်ခွဲခြား အပြားအားဖြင့် သိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ ပါဠိသဒ္ဒါ အမှားအမှန်ကို ဝေဘန်ခွဲခြား အပြားအားဖြင့် သိသော နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်၊ စဉ်းစားဆင်ခြင်က အမှန်ရအောင် ဉာဏ်ဟူသမျှကို သိသော ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်၊ သတ္တဝါတို့၏ သဒ္ဓါအစရှိသော ဣန္ဒြေအနု-အရင့်အဆင့်ဆင့်ကို သောက်ချင့် သိစွမ်းနိုင်သော ဣန္ဒြိယပရောပရိယတ္တိ မည်သော (ပစ္စေက ဗုဒ္ဓါ သာဝကတို့နှင့် လုံးဝမပိုင် မသက်ဆိုင်သော) အသာဓာရဏဉာဏ်တော်၊ သတ္တဝါတို့၏အလိုအကြိုက်ဖြစ်သော အယူမှားနှင့်အသိဉာဏ်ဟူသောစိတ်ဓာတ်၏ကိန်းဝပ်တည်နေရာ အာသယနှင့်အကြောင်းညီညွတ်လျှင် ဖြစ်နိုင်သော ကိလေသာ ဟူသော အနုသယတို့ကို သိစွမ်းနိုင်သော အာသယာ နုသယ မည်သော(ပ)အသာဓာရဏဉာဏ်တော်၊ ရေအယဉ်မီးလျှံအဖန်ဖန်ဖြင့်ပြန်လှန်ဖုံဖုံ အစုံအစုံတန်ခိုးပြာဋိဟာအမျိုးမျိုးကို စိုးမိုးနိုင်နင်းတခဏချင်းဖြင့် ဖန်ဆင်း စီရင်တော်မူနိုင်သော ယမကပါဋိဟာရိယ မည်သော (ပ)အသာဓာရဏဉာဏ်တော်၊အလုံးစုံများစွာ သတ္တဝါအပေါင်းတို့အား ရင်ဝယ်သားကဲ့သို့ သနားခြင်းကြီးစွာ မဟာကရုဏာနှင့် ယှဉ်သော မဟာကရုဏာသမာပတ္တိမည်သော (ပ) အသာဓာရဏဉာဏ်တော်၊ ရှိရှိသမျှ တရားအလုံးစုံကို အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတ မည်သော (ပ) သာဓာရဏဉာဏ်တော်၊ကြည့်ရှုဆင်ခြင်လျှင် ပိတ်ပင်ကွယ်ခြားဆီးတားမရှိ ထုတ်ချင်းပေါက်မြင်သိနိုင်သော အနာဝရဏ

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



မည်သော (ပစ္စေကဗုဒ္ဓါသာဝကတို့နှင့်လုံးဝမပိုင် မသက်ဆိုင်သော)အသာဓာရဏဉာဏ်တော် ၅ါသို့အားဖြင့်ဗုဒ္ဓဉာဏ်တော် ၁၄-ပါး။

(၁)အကြောင်းဟုတ်-မဟုတ် မှန်-မမှန်ကိုကေန်သိနိုင်သော ဌာနာ ဌာနကောသလ္လဉာဏ်တော်၊ (၂)ကုသိုလ်ကံ အကုသိုလ်ကံတို့၏အကျိုးပေးဝိပါက်ကို ဂတိ,ဥပဓိ,ကာလ,ပယောဂ ဟူသော အထောက်အပံ့ ပစ္စယ အကြောင်းအားဖြင့်ရင်း၊ ကံ-ဟူသောမူလအကြောင်းရင်းအားဖြင့်ရင်းပိုင်းခြား၍ သိနိုင်သော ကမ္မဝိပါကဉာဏ်တော်၊ (၃) အလုံးစုံသော ဂတိငါးတန်နှင့် နိဗ္ဗာန်အငြိမ်းဓာတ်သို့ဆိုက်ရောက်စေတတ်သည့် ပဋိပတ်အကျင့်လမ်းကို ဖြောင့်တန်းစွာသိနိုင်သော သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ်တော်၊ (၄)စက္ခုဓာတ်ကာမဓာတ်အစရှိသော များပြားသောဓာတ်နှင့် အချင်းချင်း သဘောလက္ခဏာအားဖြင့် ထူးခြားသော ဓာတ်ရှိသော ခန္ဓာငါးပါး ဟူသော ခန္ဓာ လောက, အာယတန ၁၂-ပါး ဟူသော အာယတနလောက, ဓာတ် ၁၈-ပါးဟူသော ဓာတ်လောကတို့ကို ခွဲခြားဝေဘန်၍ ကေန်သိနိုင်သော အနေကဓာတု-နာနာဓာတု လောက ဉာဏ်တော်၊ (၅)သတ္တဝါတို့၏ စိတ်နေစိတ်ထား နှလုံးသွင်းပုံ အစားစားကိုပိုင်းခြား၍ သိသောနာနာဓိမုတ္တိက ဉာဏ်တော်၊(၆) သတ္တဝါတို့၏သဒ္ဓါအစရှိသောဣန္ဒြေအနု-အရင့်အဆင့်ဆင့်ကို ထောက်ချင့်သိစွမ်းနိုင်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်၊(၇) ရူပဈာန်၄-ပါး, ဝိမောက္ခ ၈-ပါး, သဝိတက္ကသဝိစာရစသော သမာဓိ၃-ပါး,ရူပ-အရူပ-နိရောဓ-ဟူသောသမာပတ်၉-ပါးတို့၏ ညစ်နွမ်းခြင်း- သံကိလေသ, ဖြူစင်ခြင်း- ဝေါဒါန,

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



သမာပတ်မှထကြောင်း ဘဝင်စိတ်-ဖိုလ်စိတ်နှင့် အထက်ဈာန်သို့ရောက်နိုင်ကြောင်း ကောင်းကောင်း လေ့လာထားပြီးသော အောက်ဈာန်ဟူသော ဝသီဘာနတို့ကို မှချသိစွမ်းနိုင်သောဈာန-ဝိမောက္ခ-သမာဓိ-သမာပတ္တိ-သံကိလေသ-ဝေါဒါန-ဝုဋ္ဌာန ဉာဏ်တော်၊ (၈) ပုဗ္ဗေနိဝါသဉာဏ်တော်၊ (၉) ဒိဗ္ဗစက္ခုဉာဏ်တော်၊ (၁၀) အာသဝက္ခယဉာဏ်တော် ဤသို့အားဖြင့် ဒသဗလ ဉာဏ်တော်၁၀-ပါး။

ခပ်သိမ်းသောတရားတို့ကိုမဖေါက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် ကေန်သိသော သမ္မာသမ္ဗုဒ္ဓ-ဟုဝန်ခံတော်မူရာ၌ရင်း၊ အာသဝကိလေသာ ခပ်သိမ်း အကုန်ငြိမ်းပြီးသော ခီဏာသဝ-ဟုဝန်ခံတော်မူရာ၌ရင်း၊ နတ်ရွာနိဗ္ဗာန် ဈာန် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော အန္တရာယိက ဓမ္မတို့ကို ဟောကြားတော်မူရာ၌ ရင်း၊ အရိယာမဂ် တရားကို သံသရာဝဋ်မှ ထွက်သွားတတ်-ထုတ်ဆောင်တတ်သော နိယျာနိကဓမ္မ-ဟု ဟောကြားတော်မူရာ၌ရင်း-ဤလေးပါးသော ဌာနတို့၌ နတ်လူနှင့် တကွ တလောကလုံးတွင် တဦးတယောက်မျှ အကြောင်းနှင့် တကွ အပြစ်ပြ၍ စောဒကဝင်နိုင်ဘွယ် အရိပ်နိမိတ် တစုံတရာမျှ မရှိသဖြင့် မကြောက်မရွံ့ ရဲရင့်တော်မူခြင်းကိုဆင်ခြင်တော်မူသော အခါဝယ် ဝမ်းသာရွှင်လန်းမှု သောမနဿနှင့် ယှဉ်သော စတုဝေသာရဇ္ဇဉာဏ်တော်၄-ပါး။

မင်းတို့၏အစည်းအဝေးဟူသော ခတ္တိယပရိသတ်၊ ပုဏ္ဏားတို့၏ အစည်းအဝေး ဟူသော ဗြာဟ္မဏပရိသတ်၊ သေဋ္ဌေး သူကြွယ်တို့၏....ဂဟပတိ ပရိသတ်၊ရသေ့ရဟန်းတို့၏....သမဏ

WWW.DHAMMARANSI.COM



ပရိသတ်၊ စတုမဟာရာဇ်ကနတ်တို့၏....စတုမဟာရာဇိက ပရိသတ်၊ တာဝတိံသာနတ်တို့၏....တာဝတိံသာ ပရိသတ်၊ မာရ်နတ်ဘက်တော်သား နတ်တို့၏.... မာရပရိသတ်၊ ဗြဟ္မာတို့၏ အစည်းအဝေးဟူသော ဗြဟ္မာ့ပရိသတ်အားဖြင့် ရှစ်ပါးသော ပရိသတ်တို့၏ ကြောက်ရွံ့ခြင်းမရှိဘဲ ရဲရင့်စွာ ဝင်ရောက်ဟောပြောနိုင်ခြင်းကို ဆင်ခြင်တော်မူသော အခါဝယ် ဝမ်းသာရွှင်လန်းမှု-သောမနဿနှင့်ယှဉ်သော အဋ္ဌပရိသာ ဝေသာရဇ္ဇ ဉာဏ်တော် ၈-ပါး။

ဥမှ ပေါက်ဖွါးသော သတ္တဝါမျိုးဟူသော အဏ္ဍဇယောနိ၊ သားအိမ်မှ ပေါက်ဖွါးသော သတ္တဝါမျိုး ဟူသော ဇလာဗုဇယောနိ၊ အညှိ၌ဖြစ်ပွါးသော သတ္တဝါမျိုးဟူသော သံသေဒဇယောနိ၊ အနီး၌ကျလာသကဲ့သို့ ကိုယ်ထင်ရှား အပြည့် အစုံဖြစ်သော ဥပပါတ်ယောနိအားဖြင့် လေးပါးသော ယောနိတို့ကို ပိုင်းခြား၍ သိသော စတုယောနိ ပရိစ္ဆေဒ ဉာဏ်တော် ၄-ပါး။

နတ်လူ တိရစ္ဆာန်ပြိတ္တာ ငရဲ တည်းဟူသော ဂတိငါးပါးကို ပိုင်းခြား၍ သိသော ပဥ္စဂတိပရိစ္ဆေဒ ဉာဏ်တော် ၅-ပါး။

ဇရာမရဏ ဟူသော ဒုက္ခ၌ သိသော ဉာဏ်၊ ဇရာမရဏ၏ ဖြစ်ကြောင်းဇာတိဟူသော ဒုက္ခသမုဒယ၌သိသောဉာဏ်၊ ဇရာမရဏ၏ချုပ်ခြင်းဟူသော နိရောဓ၌ သိသောဉာဏ်၊ဇရာမရဏ၏ ချုပ်ခြင်း နိရောဓသို့ ရောက်ကြောင်းဖြစ်သော မဂ္ဂ၌ သိသော ဉာဏ်၊ ဇာတိဟူသော ဒုက္ခ၌ သိသောဉာဏ်။ ပ-သင်္ခါရတို့ ဟူသော ဒုက္ခ၌ သိသောဉာဏ်၊ သင်္ခါရတို့၏ဖြစ်ကြောင်း အဝိဇ္ဇာဟူသောဒုက္ခသမုဒယ၌ သိသောဉာဏ်။ သင်္ခါရတို့၏ ချုပ်ခြင်း

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ဟူသော နိရောဓ၌ သိသောဉာဏ်၊ သင်္ခါရတို့၏ ချုပ်ခြင်း နိရောဓသို့ ရောက်ကြောင်းဖြစ်သော မဂ္ဂ၌သိသောဉာဏ်၊ဤသို့ အားဖြင့်၄၄-ပါးသော ဉာဏ်တော်။

ဇာတိကြောင့် ဇရာမရဏဖြစ်သည်ဟု သိသောဉာဏ်၊ဇာတိ မရှိလျှင် ဇရာမရဏ မရှိဟု သိသောဉာဏ်၊အတိတ် ကာလ၌ လည်း ဇာတိကြောင့် ဇရာမရဏဖြစ်သည်ဟု သိသောဉာဏ်၊ ဇာတိမရှိလျှင် ဇရာမရဏမရှိဟု သိသောဉာဏ်၊ အနာဂါတ် ကာလ၌လည်း ဇာတိကြောင့် ဇရာမရဏဖြစ်သည်ဟု သိသော ဉာဏ်၊ ဇာတိမရှိလျှင် ဇရာမရဏမရှိဟု သိသောဉာဏ်၊ ထိုဉာဏ် ၆-ပါးကို ကုန်ခြင်းသဘော ရှိသည်၊ ပျောက်ခြင်း သဘော ရှိသည်၊ ပျက်ပြယ်ခြင်းသဘော ရှိသည်၊ ချုပ်ခြင်း သဘော ရှိသည်ဟု သိသောဉာဏ်။ပ။ အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကြ သည်ဟု သိသောဉာဏ်၊ အဝိဇ္ဇာမရှိလျှင် သင်္ခါရတို့ မရှိကြဟု သိသောဉာဏ် အတိတ်ကာလ၌လည်း....၊အနာဂါတ် ကာလ၌ လည်း....ထိုဉာဏ် ၆-ပါးကို ကုန်ခြင်းသဘောရှိသည်၊ ပျောက် ခြင်းသဘောရှိသည်၊ပျက်ပြယ်ခြင်းသဘောရှိသည်၊ ချုပ်ခြင်း သဘောရှိသည်ဟုသိသောဉာဏ်၊ဤသို့အားဖြင့် ၇၇-ပါးသော ဉာဏ်တော်။

ဤသို့စသည်ဖြင့် အရဟတ္တမဂ်ဟူသော ဝိမောက္ခ၏ အဆုံး၌ ဖြစ်၍ ဝိမောက္ခန္တ မည်သော အရဟတ္တဖိုလ်ကို ရသည်နှင့် တပြိုင်နက်ရအပ်သောဉာဏ်တော်များဖြစ်၍ဝိမောက္ခန္တိက မည် သော ဉာဏ်တော်ပေါင်း အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



မူသည်ဖြစ်၍ သစ္စာလေးတန် ငြေ ယျခံငါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားဝေဘန် ကြွင်းကျန် မရှိ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓ ဟူသော အမည်တော်နာမ ဝိသေ ဂုဏ်ဘွဲ့ဖြင့် မိုးစွန် ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား။

(ဤ ဗုဒ္ဓဂုဏ်တော် ၅–ပုဒ်တို့တွင် ၂–နှင့်၃၊ ၄–နှင့် ၅–တို့သည် အကျဉ်းနှင့်အကျယ်အဖြစ်မျှသာ ထူးကြသည်)။

## ၉–(၁၀) ဘဂဝါ ဂုဏ်တော် ၉–ပုဒ်

၁။ လွန်ကဲထူးမြတ်သော သီလဂုဏ် သမာဓိဂုဏ်ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ် ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူ,နတ်,ဗြဟ္မာ, သတ္တဝါအပေါင်းတို့ထက်လွန်ကဲ မြင့်မြတ်သော ပုဂ္ဂိုလ်ထူး အဖြစ်ဖြင့် အလေးပြုအပ်–ပြုထိုက်သောကြောင့် ရတော်မူသောဘဂဝါ ဟူသော အမည်တော်နာမ–ပ–မြတ်စွာဘုရား။

၂။ လောကီ–လောကုတ္တရာချမ်းသာတို့ကို ဖြစ်စေနိုင်သော ဒါန,သီလ စသည် အလီလီ အဆင့်ဆင့် အမြင့်မြတ်ဆုံး ဘုန်းကံတော် အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဘဂဝါ ဟူသော အမည်တော်နာမ–ပ–မြတ်စွာဘုရား။

၃။ လောဘ, ဒေါသ, မောဟ အစရှိသော တသိန်းမက များစွာသော ကိလေသာတို့ကိုဇင်း၊ အကျဉ်းချုပ် အားဖြင့် ကိလေသမာရ်, အဘိသင်္ခါရမာရ်, ခန္ဓမာရ်, မစ္စုမာရ်,ဒေဝ

WWW.DHAMMARANSI.COM



ပုတ္တမာရ် ဟူသော မာရ်ငါးပါးတို့ကိုငင်း ချိုးဖျက် ပယ်ရှင်းတော် မူပြီးသောကြောင့် ရတော်မူသော ဘဂဝါ ဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

၄။ ဣဿရိယ, ဓမ္မ,ယသ, သိရိ, ကာမ, ပယတ္တ-တည်းဟူသော ဘဂခေါ်ဝေါ် ၆-ပါးသော ဘုန်းတော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

၅။ ကိုယ်တော်နှင့် စိတ်တော်ကို ဝသီဘော်မြောက်အောင် အခေါင်အထွတ် ဆန္ဒညွတ်ရှိုင်း အလိုရှိတိုင်း နိုင်နင်း၍အစိုးရတော်မူခြင်းတည်းဟူသော ဣဿရိယ ဘုန်းတော်၊ လောကီ-လောကုတ္တရာတို့၏ အညွန့်အဖူး အထူးမြတ်ဆုံး ဖြစ်သော ဈာန်, အဘိညာဏ်, မဂ်, ဖိုလ် တရားတည်းဟူသော ဓမ္မဘုန်းတော်၊ဟုတ်မှန်သည့်အတိုင်း ဘဝဂ်ခိုင်းအောင်ပျံ့လွှင်းထင်ရှားကျော်ကြားတော်မူခြင်း တည်းဟူသော ယသ ဘုန်းတော်၊ ယောကျ်ားမြတ်တို့၏ ၃၂-ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်။ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်ဝင်းပသပ္ပါယ်တော်မူလှသည့် ရူပကာယ၏ ပြည့်စုံတော်မူခြင်း ကြက်သရေတော်တည်းဟူသော သိရိဘုန်းတော်၊ကိုယ်တော်မြတ်၏ အကျိုးစီးပွား ဝေနေယျ သတ္တဝါ အပေါင်းတို့၏အကျိုးစီးပွားတည်းဟူသောအတ္တဟိတ ပရဟိတ ၂-ပါးတို့ကို အလိုဆန္ဒတော်အတိုင်း ပြီးစီးပြည့်စုံ စေနိုင်သော ကာမ ဘုန်းတော်၊ တလောကလုံး၏ ဆရာ ဖြစ်ကြောင်း ကောင်းမြတ်သော လုံ့လ သမ္မပ္ပဓာန် ဝီရိယ တည်းဟူသော

(တတိယအကြိမ်)

WWW.DHAMMARANSI.COM


ပယတ္တဘုန်းတော်၊ ဤသို့အားဖြင့် ဘဂခေါ်ဝေါ် ၆-ပါး သော ဘုန်းတော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဘဂဝါ ဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

၆။ အလုံးစုံသော သဘော တရားတို့ကို ကုသိုလ် စသည် ခန္ဓာစသည်တို့ဖြင့်၎င်း၊ သစ္စာ ၄-ပါးကို တဆဲ့ခြောက်ချက် သော သဘောအနက်တို့ဖြင့်၎င်း ဝေဘန်လှစ်ဟ ဟောပြတော် မူသောကြောင့် ရတော်မူသော ဘဂဝါ ဟူသော အမည်တော် နာမ-ပ-မြတ်စွာဘုရား။

၇။ ဝိဟာရ၃-ပါး၊ ဝိဝေက ၃-ပါး။ ဝိမောက္ခ ၃-ပါး တို့ကို၎င်း၊ ထို့ပြင် လောကီ လောကုတ္တရာ တရားထူးတို့ကို၎င်း မှီဝဲဆည်းကပ်တော် မူပြီးသောကြောင့် ရတော်မူသော ဘဂဝါ ဟူသော အမည်တော်နာမ-ပ-မြတ်စွာဘုရား။

၈။ ကသိုဏ်း စသည်ကို အာရုံပြု၍ ဖြစ်သော ရူပဈာန် ဟူသော ဒိဗ္ဗဝိဟာရ၊ မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာ ဈာန် ဟူသော ဗြဟ္မဝိဟာရ၊ ဖလ သမာပတ် ဟူသော အရိယ ဝိဟာရအားဖြင့်၃-ပါးသော ဝိဟာရတို့ကို၎င်း၊ ကာမဂုဏ် ငါးပါးမှဆိတ်ငြိမ်ရာ၌ နေခြင်းဟူသော ကာယဝိဝေက၊ ပဌမ ဈာန်စသည်ဖြင့် နီဝရဏစသည်တို့မှ ဆိတ်ခြင်းဟူသော စိတ္တ ဝိဝေက၊ဥပဓိ၄-ပါးမှဆိတ်သော နိဗ္ဗာန်ဟူသော ဥပဓိဝိဝေက အားဖြင့်၃ ပါးသောဝိဝေကတို့ကို၎င်း။ အနတ္တာနုပဿနာဖြင့် ရသည့်မဂ်တည်းဟူသော သုညတဝိမောက္ခ၊ ဒုက္ခာနုပဿနာဖြင့် ရသည့်မဂ်တည်းဟူသော အပ္ပဏိဟိတ ဝိမောက္ခ၊ အနိစ္စာ နုပဿ နာဖြင့် ရသည့် မဂ်တည်းဟူသော အနိမိတ္တဝိမောက္ခအားဖြင့်

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



၃-ပါးသောဝိမောက္ခတို့ကို၎င်း၊ထိုမှတပါးသောလောကီစျာန် အဘိညာဉ်တို့နှင့် လောကုတ္တရာ သမာပတ်တို့ကို၎င်းမှီဝဲဆည်း ကပ်တော်မူပြီးသောကြောင့် ရတော်မူသော ဘဂဝါ ဟူသော အမည်တော် နာမ-ပ-မြတ်စွာဘုရား။

၉။ ကာမ ရူပ အရူပဟူသော ဘဝသုံးပါး၌ အစဉ်မနား ပြေးသွားနေသော ဘဝတဏှာကို ထွေးအန်စွန့်ပယ်တော်မူပြီး သောကြောင့် ရတော်မူသော ဘဂဝါ ဟူသော အမည်တော် နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်းဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား။

(ဤဘဂဝါဂုဏ်တော် ၉-ပုဒ်တို့တွင် ၄-နှင့် ၅၊ ၇-နှင့် ၈-တို့ သည် အကျဉ်းနှင့် အကျယ်အဖြစ်မျှသာ ထူးသည်။)

ဤသို့လျှင် အရဟံ အစရှိသော ၉-ပါးသော ဂုဏ်တော် ၁၀-ပါးသောဂုဏ်တော် အနန္တဂုဏ်တော်ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူသော သက်တော် ထင်ရှား သဗ္ဗညု မြတ်စွာ ဘုရားကို ဘုရားတပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ် မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

(၃-ကြိမ် ထပ်၍ ဆိုပါ။)

ဂုဏ်တော် ၉-ပါး ဘုရားရှိခိုးပြီး၏။

(၄-၆-၇၀)ရက်နေ့ ပြင်ဆင် ရေးကူးပြီးသည်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM

# မဟာစည်ဓမ္မဒေသနာ ဆောင်ပုဒ်များ

၁၃၃၀-ခုနှစ်၊ ကဆုန်လဆုတ် ၁-၂-၃ ရက်နေ့ ညများတွင်
ကျွဲကူး ဓမ္မဗိမာန်တော်ကြီး၌
ဟောကြားသော ဗုဒ္ဓ မြတ်စွာ၏ ဝါတော်စဉ်

## အကျဉ်းဆောင်ပုဒ်များ

---

ပ-ဗာ တိ-ရာ၊ ဝေ-မ-တာ-ဝယ်၊ တဝါစီ ရှူ၊ ရှစ် သံသု-နှင့်၊ ကိုးခု စ-ကာ၊ ကော-ပါ-နာ-ဝေ၊ စာ-ဇေ-က-အာ၊ ရာ-စာ-စာ-၌၊ တဝါစီမျှ၊ ရာဝိသတည့်၊ ထိုမှ နောက်ဝယ်၊ ဝါနှစ်ဆယ် နှင့်၊ စွန်းကယ် လေးဖြာ၊ သာဝတ်မှာ၊ ဆုံးဝါ ဝေဠုတည်း။

### ရှင်းလင်းချက်

ပ-ဗာ=ပဌမဝါ ဗာရာဏသီပြည် မိဂဒါဝုန်၌ သီတင်းသုံးတော်မူသည်။

တိ-ရာ=တိ-သုံးဝါ(ဒုတိယ တတိယ စတုတ္ထဝါ)ရာဇဂြိုဟ် ဝေဠုဝန်ကျောင်း၌။

ဝေ-မ-တာ-ဝယ်၊ တဝါစီ ရှူ=ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ သာလာ၌ ပဉ္စမဝါ၊ မကုလတောင်၌ ဆဋ္ဌမဝါ၊ တာဝတိံသာ၌ သတ္တမဝါ၊ ဤသို့ ဤ၃-ဌာန၌ တဝါစီ သီတင်းသုံးသည်ဟု မှတ်ပါ။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ရှစ်သံသု-နှင့်=ရှစ်ခုမြောက်ဝါ သံသုမာရဂိရမြို့၌ သီတင်းသုံးတော်မူသည်။

ကိုးခု စ-ကာ........တဝါစီမျှ ဟူရာဝယ် ကောသမ္ဗီပြည်၌ ၉-ခုမြောက်ဝါ-ဤသို့ စသည်ဖြင့် အတိုကောက်ဌာနအမည် တခုတခု၌ တဝါစီမျှမှတ်ရန်ဖြစ်သည်။ ထို့ကြောင့် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နဝမ ဝါ၊ပါလိလေယျကခေါ် ပလလည်း တောကျောင်း၌ ဒသမ ဝါ၊ နာလာ မည်သော ပုဏ္ဏားရွာ၌ ဧကာဒသမ ဝါ၊ ဝေရဉ္ဇာပြည်၌ ဒွါဒသမ ဝါ၊ စာလိယ တောင်၌ တေရသမ ဝါ၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ စုဒ္ဒသမ ဝါ၊ ကပိလဝတ်ပြည်နိဂြောဓာရုံကျောင်း၌ ပန္နရသမဝါ၊ အာလဝီပြည်၌ သောဠသမဝါ၊ရာဇဂြိုဟ်၌ သတ္တရသမ ဝါ။စာလိယတောင်၌အဋ္ဌာရသမ-တဆဲ့ရှစ်ခုမြောက် ဝါ နှင့်ဧကူနဝီသတိမ-တဆဲ့ကိုးခုမြောက်ဝါ-ဟု ဤသို့မှတ်ရမည်။

ရာ-ဝီသတည့်=ရာဇဂြိုဟ်၌ ဝီသတိမ—နှစ်ဆယ်မြောက် ဝါ။

ထိုမှနောက် ၂၄-ဝါမှာ သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူသည်၊ ထို ၂၄-ဝါတွင် ဇေတဝန်၌ ၁၀ ဝါ၊ပုဗ္ဗာရုံ၌ ၆-ဝါ၊ ယင်း ၂၄-ဝါထဲမှာ ၁၄-ခုမြောက်ဝါကိုထည့်လျှင်သာဝတ္ထိ၌ ၂၅-ဝါ ဖြစ်သည်။

ဆုံးဝါ ဝေဠုတည်း=၄၅-ခုမြောက် နောက်ဆုံး ဝါမှာ ဝေသာလီမြို့အနီး ဝေဠုဝရွာ၌ သီတင်းသုံးတော်မူကြောင်း မဟာပရိနိဗ္ဗာနသုတ်၌ ပြဆိုထားသည်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## အကျယ် ဆောင်ပုဒ်

၁။ ပထမဝါ၊ မိဂဒါ၊ သုံးဝါ ရာဇဂြိုဟ်။
၂။ ဝေ-မကုလ၊ ငါး-ခြောက်ကျ၊ တာဝ ခုနစ်ဆို။
၃။ သံသု-ကောသမ်၊ ရှစ်-ကိုးစံ၊ ဆယ်တန် ပါလိဆို။
၄။ နာလာ ဆဲ့တစ်၊ တဆဲ့နှစ်၊ မှတ်လစ် ဝေရဉ်ဆို။
၅။ စာ-ဇေ-ကပိ၊ အာဠဝိ၊ ကပ်၍ တစ်စီဆို။
၆။ ရာဇဂြိုဟ် တစ်၊ စာလီ နှစ်၊ ထပ်လစ် ရာဇဂြိုဟ်။
၇။ နှစ်ဆဲ့လေးခါ၊ သာဝတ်မှာ၊ သုံးဝါ ဝေဠုဆို။
၈။ နှစ်ဆဲ့လေးမှ၊ ခြောက် ပုဗ္ဗ၊ ဇေတ အကြွင်း ဆို။

အင်္ဂုတ္တရ အဋ္ဌကထာ ဒုတိယ နှာ ၃၀၊ ဓမ္မပဒ အဋ္ဌကထာ ပထမ နှာ-၃)။

---

(တတိယအကြိမ်)

WWW.DHAMMARANSI.COM

# ဝါဆိုသက်နှုန်း အလှူ တရားတော်
(၁၃၃၁—ခုနှစ် ဒု—ဝါဆိုလပြည့်နေ့ ဟောသည် ။

## ဆောင်ပုဒ်များ

### သင်္ကန်းအလှူ၏ ခေါင်ထိပ်အကျိုး

၁။ စိန် ပုလဲပါ၊ ကျောက်သန္တာ၊ တဖြာ ပတ္တမြား။
၂။ လေးစလယ်ဆဲ့တစ်၊နှစ်ဆဲ့နှစ်၊ထည့်လစ်သုံးသုံးများ။
၃။ အခြားရတနာ၊ရောယှက်ကာ။ သင့်စွာ စီချယ်ထား။
၄။ မဟာလတာ၊ မြတ်တန်ဆာ၊ ကိုးရာ သိန်းထိုက်သား။
၅။ သင်္ကန်းလှူလတ်၊ မိန်းမမြတ်၊ရတတ် ကျိုးတရား။
၆။ ဟေဘိဗ္ဗြ၊ ရဟန်းပြု၊ ဆုံးဆုအမျိုးသား။

(ဓမ္မပဒ-ဋ္ဌ ၁။၂၄၈)

### အပါယ်မှ လုံးဝလွတ်သူ ၉-ပါး

၇။ ငါးပါးအနာ၊ သကဒါ၊ သုံးဖြာ သောတာပန်။
၈။ စွဲလမ်းကျန်ငြား။ဤကိုးပါး၊ မလား ပယ်လေးတန်။

(အံ ၃—၁၈၄)

### ဝါဆိုသင်္ကန်း လှူသူလည်း အပါယ်မှ လွတ်သည်

၉။ တိသရဏ၊ ငါးသီလ၊မဲချ စာရေးတံ။
၁၀။ ဆွဲငါးရက်ဆွမ်း၊ဝါသင်္ကန်း၊လှူဒါန်းသောက်ရေကန်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



၁၁။ ကျောင်းလှူ တ၀၊ နိဗ္ဗာ၊ ပညာရှိသူမှန်။
၁၂။ သောတာလိုဘဲ၊ ဂတိမြဲ၊ သူလဲ ပါယ်မပြန်။

(အံ-ဋ္ဌ ၃၊ ၂၆၅)

## စူဠသောတာပန်

၁၃။ ရုပ်နာမ်နှစ်ဝ၊ ကြောင်းကျိုးမျှ၊ သိကစူဠသောတာ။
၁၄။ ဂတိ မြဲရ၊ ပါယ်မကျ၊ မိန့်ဟ ဝိသုဒ်မှာ။

(ဝိသုဒ္ဓိမဂ် ၂၊ ၂၄၀)

## ဥဒယဗ္ဗယဉာဏ် စသည်ဖြစ်ပုံ

၁၅။ ကြောင်းကျိုးနှစ်ဝ၊ သိရုံမျှ၊ အားရမနေရာ။
၁၆။ ဆက်လက်ရှုက၊ ဖြစ်ပျက်မျှ၊ မုချသိနိုင်ပါ။
၁၇။ သိလျှင်သိလျှင်၊ မသိစင်၊ သိမြင်နိဗ္ဗုတာ။
၁၈။ နိဗ္ဗာန်မြင်က၊ အပါယ်မှ၊ လုံးဝလွတ်မြောက်ပါ။
၁၉။ ကိလေကုန်ခန်း၊ နိဗ္ဗာန်နန်း၊ စံမြန်း နောက်ဆုံးမှာ။

(ကျမ်းစုံ)

---

WWW.DHAMMARANSI.COM

# ၁၃၃၁-ခုနှစ်၊ သီတင်းကျွတ် လပြည့်နေ့၌ ဟောသော အပါယ်ဘေးငြိမ်း တရားတော် ဆောင်ပုဒ်များ

## ဝိပဿနာရှုနည်း အကျဉ်းချုပ်

၁။ ဖြစ်ဆဲရုပ်နာမ်၊ ပစ္စုပ္ပန်၊ အမှန်သိအောင် ရှုမှတ်ပါ။
၂။ ဖြစ်ဆဲမှာပင်၊ မမှတ်လျှင်၊ ပေါ်လွင် ပညတ်သာ။
၃။ ပညတ်ပေါ်က၊ ကိလေကျ၊ ဘဝ ရုပ်နာမ်သာ။
၄။ ဖြစ်ဆဲမှာပင်၊ရှုမှတ်လျှင်၊သိမြင် ရုပ်နာမ်သာ။(ကျမ်းစုံ)

## ရုပ်နာမ်ဒုက္ခသစ္စာကို သိပုံ

၅။ မျက်စိ+မြင်ရ၊ ရုပ်-ဒုက္ခ၊ မြင်က နာမ်-ဒုက္ခာ၊
၆။ နားနှင့်+ကြားရ၊ ရုပ်ဒုက္ခ၊ ကြားက နာမ်-ဒုက္ခာ။
၇။ နှာခေါင်း+နံရ၊ ရုပ်ဒုက္ခ၊ နံက နာမ်-ဒုက္ခာ။
၈။ လျှာ+စားသိရ၊ ရုပ်-ဒုက္ခ၊ သိက နာမ်-ဒုက္ခာ။
၉။ ကိုယ်နှင့်+ထိရ၊ ရုပ်-ဒုက္ခ၊ ထိက နာမ်-ဒုက္ခာ။
၁၀။ နှလုံး+သိရ၊ရုပ်နာမ်မျှ၊ သိက နာမ်-ဒုက္ခာ။ (ကျမ်းစုံ)

## စူဠသောတာပန်

၁၁။ ရုပ်နာမ် နှစ်ဝ၊ ကြောင်းကျိုးမျှ၊ သိက စူ-သောတာ။
၁၂။ ဂတိမြဲရ၊ပါယ်မကျ၊မိန္ဒဟာဝိသုဒ်မှာ(ဝိသုဒ္ဓိမဂ်၂၊၂၄၀)
၁၃။ ဝိပဿနာ၊ ရှုသူမှာ၊ သဒ္ဓါဖြစ်ပေါ်သည်။ ( ။ )
၁၄။ လက်ကိုဆွဲကာ၊ ပုံပမာ၊ နတ်ရွာသူပို့သည်။

(မ ၁၊ ၁၉၅၊ ဌ ၂၊ ၂၆)

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## (ယင်း၏သာဓက) အစ္စရာသုတ်

၁၅။ လမ်းဖြောင့်မည်ဘွင်၊ ထိုမဂ်ပင်၊ ရပ်ခွင်ဘေးမဲ့နိဗ္ဗာန်ပါ။
၁၆။ လုံ့လနှစ်လီ၊ ဘီးတပ်သည်၊ မမြည်ရထား ထိုမဂ်ပါ။
၁၇။ ရှက်ကြောက်နှစ်တန်၊ နောက်ခံ၊ ကာရံအမှတ်သတိပါ။
၁၈။ ဝိပဿနာသွား၊ မဂ်ညာဏ်ကား၊ ရထားမောင်းသူ ဆိုရပါ။
၁၉။ ဤလိုရထား၊ ရှိသူများ၊ ယောကျ်ား,မိန်းမ လူတိုင်းမှာ။
၂၀။ မဂ္ဂင်ယာဉ်ကြီး၊ ငြိမ်မဲ့ငြိမ်စီး၊ အပြီးနိဗ္ဗာန် ဆိုက်ရောက်ပါ။

(သံ ၁၊၃၀)

---

(တတိယအကြိမ်)

WWW.DHAMMARANSI.COM

# ၁၃၃၁-ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၇)ရက်နေ့၌ ဟောသော
# ကထိန်အနုမောဒနာ တရားတော်
# ဆောင်ပုဒ်များ

---

## ကထိန်ခွင့်ပြုခြင်း အကြောင်း

၁။ ကထိန်နိသင်၊ ငါးပါးတွင်၊ လေးအင် အကျိုးမှာ။
၂။ သီတင်းကျွတ်က၊ တလမျှ၊ ရကြတော့သည်သာ။
၃။ သုံးထည်သက်န်း၊ဆောင်ယူထမ်း၊ ပင်ပန်းဝန်လေးစွာ။
၄။ ဘဒ္ဒဝဂ္ဂီ၊ သုံးဆယ်ထေရ်၊ လာသည် ခဲယဉ်းစွာ။
၅။ ဘုရားထံမှောက်၊စုံညီရောက်၊ မေး+လျှောက်ပြီးသောခါ။
၆။ ထို့ကြောင့်နှိုင်းချိန်။ မြတ်ဘုန်းရှိန်၊ ကထိန်ခွင့်ပြုပါ။

(ဝိ ၃၊ ၃၅၁)

## ကထိန်ခေါ်ခြင်း၏ အကြောင်း

၇။ သက်န်းခေတ်ခါ၊ ခိုင်စေတာ၊ စွဲကာ ကထိန်မည်။

(သာရတ္ထ ဋီ ၃။ ၃၃၅-စသည်)

၈။ ကထိန်ဘောင်ကြီး၊ ခင်းဟန်ပြီး၊ တနည်း ကထိန်မည်။

(ဝိ ၄၊ ၂၅၂-ကို မှီသည်။

၉။ ကထိန်ခင်းက၊ ကျိုးငါးဝ၊ ငါးလတိုင်ရသည်။

(ဝိ ၃၊ ၃၅၊ ၄င်း၌)

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



ရဟန်းများမှာ ရသော အကျိုးငါးပါး

(၁) မပန်မကြား၊ လိုရာသွား၊ ပြစ်များ မသင့်ပြီ။
(၂) သုံးထည်ထဲမှာ၊ ထားလိုရာ၊ ထားကာ သွားနိုင်သည်။
(၃) လေးပါးတူပင်၊ ဂိုဏ်းဘောဇဉ်၊ စားချင် စားနိုင်သည်။
(၄) သင်္ကန်းများစွာ၊ ငါးလမှာ၊ သိမ်းကာ ထားနိုင်သည်။
(၅) သံဃာလှူငြား၊ သင်္ကန်းများ၊ သူ့အားသာ ဖြစ်သည်။

(ဝိ ၃၊၃၅၂)

၁၀။ လှူသူမှာလဲ၊ နည်းတူဘဲ၊ ရမြဲကျိုးငါးမည်။

ကထိန်ဒကာမှာ ရသော အကျိုးငါးပါး

(၁) တားဆီးကင်းကွာ၊ လွတ်လပ်စွာ၊ လိုရာသွားနိုင်သည်။
(၂) တာဝန်ကိစ္စ၊ မလေးရ၊ ပေါ့လှလေတော့သည်။
(၃) စားလိုရာများ၊ စားသော်ငြား၊ ဘေးကား မဖြစ်ပြီ။
(၄) ပစ္စည်းအများ၊သိမ်းပိုက်ထား၊ ဘေးကားမရှိပြီ။
(၅) ကိုယ့်ပစ္စည်းများ၊ သူတပါး၊ ယူသွား ကင်းပသည်။

၁၁။ ကထိန်ဒကာ၊ ကျိုးငါးဖြာ၊ လျော်စွာရနိုင်သည်။

(သုတ္တာနုလောမ)

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## သာမန်သက်န်းလူ အကျိုးမျိုးလဲ ရနိုင်သည်

၁၂။ သာမန်ကျိုးလဲ၊ များစွာဘဲ ရမြဲရနိုင်သည်။
၁၃။ နိဗ္ဗာန်ကိုလည်း၊ စိတ်သန်မှီး၊ အပြီးရနိုင်သည်။
၁၄။ ကထိန်ဒါန၊ ကျိုးများစွ၊ လူလှဘူးလေပြီ။
၁၅။ ယခုတခါ၊လူ့ရတာ၊ဝမ်းသာဘွယ်ကောင်းသည်။
၁၆။ ဝမ်းသာတိုင်းမှာ၊ ဖြစ်ပျက်တာ၊ ရှုကာသိရမည်။
၁၇။ သို့သိပါက၊ အနိစ္စ၊ ဒုက္ခလဲ မြင်သည်။
၁၈၊ စိုးမရဟန်၊ သိမြင်ပြန်၊ နိဗ္ဗာန် ဆိုက်ရောက်သည်။

(သုတ်များစွာ)

---

(တတိယအကြိမ်)

WWW.DHAMMARANSI.COM

၁၃၃၁-ခုနှစ်၊ နတ်တော်လဆန်း ၁၂-ရက်နေ့၌
အနှစ် ၂၀-မြောက် အထိမ်းအမှတ်
ဩဝါဒခံယူ ပူဇော်ပွဲတွင်
ဩဝါဒ ကထာအဖြစ်ဖြင့် ဟောကြားသော
ဓမ္မဒါယာဒသုတ် တရားတော်

# ဆောင်ပုဒ်များ

---

## ဗုဒ္ဓမြတ်စွာ၏ ဩဝါဒ

၁။ ဓမ္မဒါယာ၊ သုတ်မြတ်မှာ၊ မြတ်စွာ ဟောမိန့်သည်။
၂။ "ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။
၃။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။"
၄။ တရားအမွေ၊ အစစ်ပေ၊ ၉-ထွေ လောကုတ်ပါ။
၅။ နိဗ္ဗာန်ရည်ပြေး၊ ကုသိုလ်များ၊ တရားမွေတုပါ။
၆။ စစ်တု ၂-ထွေ၊ တရားမွေ၊ ခံစေလိုလှပါ။
၇။ အာမိသမွေ၊ အစစ်ပေ၊ ၄-ခထွေ ပစ္စည်းပါ။
၈။ လူ နတ် သုခ၊ ရည်သန်က၊ ဒါန-သီလ-ဘာ။
၉။ အာမိသမွေ၊ အတုတွေ၊ မှတ်လေ မွေညှံ့သာ၊
၁၀။ ပစ္စည်းမျှတွင်၊ ခံယူလျှင်၊ လူရှင်ဆိုကြမှာ။
၁၁။ "ဘုရားသားတွေ၊ ပစ္စည်းမွေ၊ ခံနေရုံမျှသာ။"
၁၂။ ထပ်တလဲလဲ၊ အုံမစဲ၊ ဆင်းရဲနေကြမှာ။
၁၃။ ထပ်တလဲလဲ၊ နာမစဲ၊ ဆင်းရဲနေကြမှာ။
(တတိယအကြိမ်)

WWW.DHAMMARANSI.COM


၁၄။ ထပ်တလဲလဲ၊ သေမစဲ၊ ဆင်းရဲနေကြမှာ။
၁၅။ ထပ်တလဲလဲ၊ ပါယ်ငရဲ၊ ကျမြဲကျနေမှာ။
၁၆။ သင်တို့နောင်ရေး၊ ငါမြော်တွေး၊ ဝန်လေးသနားပါ။
၁၇။ ထိုကြောင့်အများ၊ တပည့်သား၊ ဘုရားတောင်းပန်သည်။
၁၈။ "ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။
၁၉။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်"
၂၀။ ဆွမ်းဘုဉ်းပြီးခါ၊ ဘုရားမှာ၊ များစွာ ဆွမ်းကျန်သည်။
၂၁။ ရဟန်း ၂ပါး၊ ဆာလောင်များ၊ ဘုရားထံရောက်သည်။
၂၂။ ဘုရားဆွမ်းကျန်၊ သုံးဆောင်ရန်၊ ဖိတ်မန် ခွင့်ပြုသည်။
၂၃။ တပါးသာစား၊ ကျန်တပါး၊ ပယ်ရှား ကျင့်သုံးသည်။
၂၄။ ပယ်ရှားသူသာ၊ ကျိုးများမှာ၊ မြတ်စွာချီးကျူးသည်။
၂၅။ ဤသို့မြတ်စွာ၊ ပုံဆောင်ကာ၊ သာယာဆုံးမသည်။
၂၆။ ဘုရားစကား၊ တို့အများ၊ လေးစား ကျင့်ထိုက်သည်။
၂၇။ လေးစားသူမှာ၊ ဆင်းရဲကွာ၊ ချမ်းသာရပေမည်။

(မ ၁၊ ၁၅)

WWW.DHAMMARANSI.COM

# ၁၃၃၁-ခု၊ နတ်တော်လပြည့်နေ့မှ စ၍

# ဟောကြားသော

# ဓမ္မဒါယာဒသုတ် တရားတော်

# နောက်ပိုင်း ဆောင်ပုဒ်များ

---

## အရှင်သာရိပုတြာ၏ ဖွင့်ပြချက်

၁။ ဆိတ်ငြိမ်တရား၊ မြတ်ဘုရား၊ ပွားများထာဝစဉ်။
၂။ တပည့်တို့ကား၊ ထိုတရား၊ မပွားမလိုက်လျှင်၊ (၁)
၃။ ပယ်ရန် ညွှန်ကြား၊ တရားများ၊ ပယ်ရှား မပြုလျှင် (၂)
၄။ ပစ္စည်းများရေး၊ အလေးပေး၊ ကျင့်ရေးလျော့ပေါ့လျှင်။
၅။ ဆုတ်ရန်ရှေ့သွား၊ ကျင့်ရန်ကား၊ ချထားဝန်ရှိလျှင်။ (၃)
၆။ ထေရ်ကြီး-လတ်-ငယ်၊ ကဲ့ရဲ့ဘွယ်၊ သုံးသွယ်ငြိစွန်းသည်။
၇။ ဆိတ်ငြိမ်တရား၊ တပည့်များ၊ ကျင့်ပွားကြလေလျှင်။ (၁)
၈။ ပယ်ရန်ညွှန်ကြား၊ တရားများ၊ ပယ်ရှားကြလေလျှင်၊ (၂)
၉။ ပစ္စည်းများရန်၊ မရည်သန်၊ ကျင့်ကြံ မလျော့လျှင်။
၁၀။ ဆိတ်ငြိမ်ကျင့်ရေး၊ ရှေ့ဆောင်ပေး၊ ဆုတ်ရေး ပယ်ရှားလျှင်။
၁၁။ ထေရ်ကြီး-လတ်-ငယ်၊ ချီးမွမ်းဘွယ်၊ သုံးသွယ်ပြည့်စုံသည်။

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## ပယ်ရန်တရားများနှင့် အကျင့်လမ်းစဉ်

၁။ လိုချင်တပ်မက်တဲ့ လောဘလဲ ယုတ်မာသည်၊ ဖြစ်မှား ဖျက်ဆီးချင်တဲ့ ဒေါသလဲ ယုတ်မာသည်၊ လောဘကိုလဲ ပယ်ရန်၊ ဒေါသကိုလဲ ပယ်ရန် အလယ်လမ်းမှန် အကျင့်ရှိသည်၊ ဘယ်ဟာလဲ ဆိုလျှင်-မဂ္ဂင်ရှစ်ပါး မြတ်တရားပင် ဖြစ်သည်၊ ထိုတရားမှာလဲ-

သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း၊
သမ္မာသင်္ကပ္ပေါ-မှန်စွာကြံခြင်း၊
သမ္မာဝါစာ-မှန်စွာပြောဆိုခြင်း၊
သမ္မာကမ္မန္တော-မှန်စွာပြုလုပ်ခြင်း၊
သမ္မာအာဇီဝေါ-မှန်စွာအသက်မွေးခြင်း၊
သမ္မာဝါယာမော-မှန်စွာအားထုတ်ခြင်း၊
သမ္မာသတိ-မှန်စွာအမှတ်ရခြင်း၊
သမ္မာသမာဓိ-မှန်စွာ စူးစိုက် တည်ကြည်ခြင်း၊
ဆိုတဲ့ ဤရှစ်ပါးပင် ဖြစ်သည်၊

၂။ အမျက်ထွက်တဲ့ ကောဓလဲ ယုတ်မာသည်၊
ရန်ငြိုးဖွဲ့တဲ့ ဥပနာဟလဲ ယုတ်မာသည်။
ကောဓကိုလဲ ပယ်ရန်....

၃။ သူ့ကျေးဇူးကို ချေဖျက်ကဲ့ မက္ခလဲ....၊
မြင့်မြတ်သူကို ဂုဏ်ပြိုင်တဲ့ ပဠာသလဲ....၊
(တတိယအကြိမ်)

WWW.DHAMMARANSI.COM



၄။ မနာလိုတဲ့ ဣဿာလဲ........၊ ဝန်တိုတဲ့ မစ္ဆရိယလဲ....၊
၅။ ကိုယ့်အပြစ်ကို ဖုံးကွယ် လှည့်စားတဲ့ မာယာလဲ........၊ မရှိတဲ့ ဂုဏ်နဲ့ ဝါကြွားစဉ်းလဲတဲ့ သာဌေယျလဲ........၊
၆။ မကိုင်းညွတ် မရိုသေနိုင်တဲ့ ထမ္ဘလဲ........၊ နှိမ်ချိုးရန် သူ့ထက်ကျော်အောင် ပြုတဲ့ သာရမ္ဘလဲ........၊
၇။ အထင်ကြီးတဲ့မာနလဲ....၊ ဘဝင်မြင့်တဲ့ အတိမာနလဲ....၊
၈။ မာန်ယစ်တဲ့မဒလဲယုတ်မာသည်၊ မေ့လျော့တဲ့ ပမာဒလဲ ယုတ်မာသည်။
မဒကိုလဲ.ပယ်ရန်....တည်ကြည်ခြင်း–ဆိုတဲ့ ဥရှစ်ပါး ပင် ဖြစ်သည်။

## မဒတရားအကျယ် ၂၇–ပါး

၁။ မျိုး,နွယ်,နာကင်း၊ ပျိုနုခြင်း လွန်မင်းသက်ရှည်စွာ။ (၅)
၂။ လာဘ်,သက္ကာရ၊ လေးပူကြ၊ ဖြစ်ရ ရှေ့ဆောင်ပါ။
(အနဝညာတကို အလေးပြု၍ သွင်း) (၅)
၃။ ခြံရံ,ဘောဂ၊ ရုပ်ဆင်းလှ၊ သုတ,ပဋိဘာ။ (၅)
၄။ သက်ကြီး,ပိဏ္ဍ၊ ယာပထ,ယသ ပြီးမြောက်တာ။ (၅)
၅။ သီလ,ဈာန၊ တတ်သိပ္ပ၊ ညီမျှလုံးရပ်ပါ။
(ကိုယ်သုံးညီ အရပ်ညီ ခွဲ) (၅)
သဏ္ဌာန,ပါရိပူရိတို့ကို လုံးရပ်ညီ၌ သွင်း (၂)
၆။ စွဲမှီပြုလျှင်း၊ မာန်ယစ်ခြင်း၊ မယွင်းဖြစ်တတ်ပါ။
(ဝိဘင်္ဂ ၃၅၉–၃၆၃)

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



## ပမာဒတရား အကျယ်

၁။ ဒုစရိုက်ဉ်-ပါး၊ကာမငါး၊စိတ်သွားစေဘို့လွှတ်ထားလျှင်။
၂။ ကုသိုလ်တရား၊ ပွားဘို့ကား၊လေးစားကောင်းစွာ မပြုလျှင်။
၃။ မပြတ်မပွား၊ စိတ်လျော့ပြေား၊ လိုလား+မုရချထားလျှင်၊
၄။ မမှီဝဲပြေား၊ မပွားများ၊ အားပါး မထုတ်နေခဲ့လျှင်။
၅။ သွားလာသောက်စား၊ ပျော်နေပြေား၊ သူအား မေ့လျော့ ခေါ်သည်ပင်။ (ဝိဘင်္ဂ ၃၆၃)

---

(တတိယအကြိမ်)

WWW.DHAMMARANSI.COM

# ၁၃၂၂-ခု တပို့တွဲလပြည့်နေ့၌ ဟောသော
# ဩဃတရဏသုတ် တရားတော်
# ဆောင်ပုဒ်များ

---

က။ ဩဃရေယဉ်၊ ဘယ်သို့လျှင်၊ အရှင်-ကူးမြောက်ပါသနည်း။

ခ။ မရပ်တည်ဘဲ၊ အားမခဲ၊ ဤနှဲဖြင့်ပင် ကူးမြောက်သည်။

**ကူးမြောက်ပုံ(၄)နည်း**

၁။ တဏှာဖြစ်ပွား၊ ရပ်တည်ငြား၊ မြုပ်သွားရချေမည်။
ဒိဋ္ဌိဖြစ်ပွား။ အားထုတ်ငြား၊ မျောသွားရချေမည်။
ထို ၂-မျိုးအား၊ စွန့်ပယ်ရှား၊ လေးပါးဩဃ
ကူးမြောက်သည်။

၂။ ကိလေဖြစ်ပွား၊ ရပ်တည်ငြား၊ မြုပ်သွားရချေမည်။
အဘိသင်္ခါ၊ အားထုတ်တာ၊ မျောကာ သွားရမည်။
ထို ၂မျိုးအား....

၃။ တဏှာဒိဋ္ဌိ၊ဖြစ်တုံဘိ၊တည်၍ မြုပ်သွားမည်။
ကြွင်းကိလေသာ၊ ဘိသင်္ခါ၊ ပြုကာမျောသွားမည်။
ထို ၂-မျိုးအား....

၄။ သဿတ ဖြစ်၊ ရပ်တည်လစ်၊ မြုပ်နစ်သွားရမည်။
ဥစ္ဆေဖြစ်ပွား၊ အားထုတ်ငြား၊ မျောသွားရချေမည်။
ထို ၂-မျိုးအား....

(တတိယအကြိမ်)

WWW.DHAMMARANSI.COM



၅။ တွန့်ဆုတ်အသွင်၊ ရပ်တည်လျှင်၊ အစဉ်နစ်မြုပ်မည်။
ပျံ့လွင့်အသွင်၊အားထုတ်လျှင်၊ အစဉ်မျောသွား၊
ထို ၂-မျိုးအား....

၆။ ကာမသုခ၊ ရပ်တန့်ဟန်၊ ကြောန် နစ်မြုပ်မည်။
အတ္တကိလ၊ အားထုတ်က၊ မုချမျောသွားမည်။
ထို ၂-မျိုးအား....

၇။ အကုသိုလ်ပွား၊ ရပ်တည်ငြား၊မြုပ်သွားရချေမည်။
ဝဋ်ကုသိုလ်ပွား၊ အားထုတ်ငြား၊ မျောသွားရချေမည်။
ထို ၂-မျိုးအား၊ စွန့်ပယ်ရှား၊လေးပါးသြဃ
ကူးမြောက်သည်။

(ဝိပဿနာ အခြေခံတရားတော် ၂၂၂-၌ မူဟောင်း ရှိသည်)။

---

(တတိယအကြိမ်)

WWW.DHAMMARANSI.COM

# လောကခံ တရားတော် စာအုပ်၌
# အမှား အမှန် ပြင်ရန်

| စာမျက်နှာ | စာကြောင်း | အမှား | အမှန် |
|---|---|---|---|
| ၅ | ၆ | တိအောင် | ထိအောင် |
| ။ | ၂၄ | ကြို့ဆိုတဲ့ | ကြိုဆိုတဲ့ |
| ၁၅ | ၈ | ဆူးညြောင့် | ဆူးငြောင့် |
| ၃၂ | ၂၀ | ပဋိဉ္စိက္ခတိ | ပဋိသဉ္စိက္ခတိ |
| ၅၅ | ၁၉ | ဆိုပ | ဆိုပါ |
| ။ | ၂၀ | အခ | အခါ |
| ၅၆ | ၁၃ | အဲဒါလိုလဲ | အဲဒါလိုဘဲ |
| ၅၇ | ၁၃ | ဟော်တော်မူ | ဟောတော်မူ |
| ၅၈ | ၁၂ | ကုသိုလ်ကံက | အကုသိုလ်ကံက |
| ၆၀ | ၃ | တိုးပွာလာလို့ | တိုးပွားလာလို့ |
| ။ | ၅ | ပဉ္စ | ပဉ္စ |
| ၆၃ | ၁၇ | အဟာရ | အာဟာရ |
| ၆၄ | ၁၅ | ။ | ။ |
| ၇၆ | ၇ | နိမိန္တိတော | နိမန္တိတော |
| ၈၁ | ၄ | မစ္ဆိမာ | ပစ္ဆိမာ |
| ၈၅ | ၁၅ | ကောသမ္ဗိ | ကောသမ္ဗိ |
| ၉၃ | ၁၆ | မယုတ်လား | မဟုတ်လား |
| ၁၀၃ | ၆ | လျှောက်ပြန်တော့ | လျှောက်ပြန်တယ် |
| ၁၁၀ | ၁၂ | ရှူမှတ်ပြီး | ရှုမှတ်ပြီး |

(တတိယအကြိမ်)

WWW.DHAMMARANSI.COM

# အမှားအမှန် ပြင်ရန်

| စာမျက်နှာ | စာကြောင်း | အမှား | အမှန် |
|---|---|---|---|
| ၁၁၃ | ၂၁ | ပုဂ္ဂိုလ်၏ ဝါ- | ပုဂ္ဂိုလ်၏။ ဝါ |
| ၁၁၇ | ၇ | ဝမ်းသာ(မြဲ) | ဝမ်းသာမြဲ။ |
| ၁၁၉ | ၉ | မာန်လျှော့ | မာန်လျှော့ |
| ၁၂၄ | ၁၃ | ရှုပစျာန် | ရူပစျာန်စု |
| ၁၃၁ | ၂၃ | ဝေဘန်ခွဲပြား | ဝေဘန် ခွဲခြား |
| ၁၃၆ | ၇-၁၄ | အနာဂါတ် | အနာဂတ် |
| ၁၃၉ | ၁၈ | နိဗ္ဗာန | နိဗ္ဗာန |
| ၁၄၀ | ၂ | လောကုတ္တရာ | လောကုတ္တရာ |
| ၁၄၂ | ၁၆ | ၁၈ဝါ | ၁၈-ဝါ |
| ၁၄၃ | ၁၀ | ဒုတိယ | ဒုတိယ |

---

အမှတ် [illegible]
ရက်စွဲ..................

(တတိယအကြိမ်)

WWW.DHAMMARANSI.COM